http://www.dhammadownload.com

၁၀၀၀

ပထမကြီးတန်း

# ဋီကာကျော်နိဒါ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

ပထမကြီးတန်း

ဋီကာကျော်နိဒါ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

၁၀၀၀

ပဌမကြီးတန်း

# ဋီကာကျော်နီတိ

အရှင်ကောဝိဒ
ဝိနယဓရ၊ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

၁၀၀၀

## ပထမကြီးတန်း

# ဋီကာကျော်နိတိ

အရှင်ကောဝိဒ
ဝိနယဓရ ဝိနယကောဝိဒ
ကန့်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ
မရမ်းကုန်း။

http://www.dhammadownload.com

# ပထမကြီးတန်း

# ဋီကာကျော်နိုဂိ

အရှင်ကောဝိဒ

ဝိနယရေ၊ ဝိနယကောဝိဒ

ကန်ဦးဇေတဝန်စာသင်တိုက်

ရွှေနှင်းဆီလမ်း၊ ရှစ်မိုင်ခွဲ

မရမ်းကုန်း။

http://www.dhammadownload.com

# နိဒါန်း

အဘိဓမ္မာတရားဟူသည် အလွန်ထူးသော အလွန်မြတ်သော အမှန်တကယ်အရှိတရားများဖြစ်ရာ ထိုတရားများကို အကြွင်းအကျန်မရှိ ပြီးပြည့်စုံ အောင် ဟောနိုင်ဘို့သည် သာမန်ဉာဏ်တို့၏အရာမဟုတ်ပါ၊ နှစ်ပေါင်း+ ဘဝပေါင်း+ ကမ္ဘာပေါင်းအသချေ်များစွာ ကြိုးစားရှာဖွေမှ ရရှိသော သဗ္ဗညုတဉာဏ်တို့၏ အရာသာဖြစ်ပါသည်။

ထိုကဲ့သို့ ထူးကဲမွန်မြတ်၍ များပြားလှစွာသော အမှန်တကယ်ရှိသော အဘိဓမ္မာတရားများကို ထူးကဲသော သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ပြီးပြည့်စုံအောင် ကျယ်ကျယ်ပြန့်ပြန့် အဘိဓမ္မာ(၇)ကျမ်း အနေအားဖြင့် ဟောကြားထားရာ ထိုအဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော + သရုပ်များ ခြုံမိ ငုံမိအောင် တစ်ကျမ်းတစ်စောင်တည်းဖြင့် အကျဉ်းချုံး၍ရေးသားဘို့ရာလည်း မလွယ်ကူသော ကိစ္စတစ်ရပ်ဖြစ်ပါသည်၊သို့အတွက် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ ခြုံမိငုံမိအောင် အကျဉ်းချုံး၍ တစ်ကျမ်း တစ်စောင်တည်းဖြင့် သင်္ဂြိုဟ်ကျမ်းကို ရေးသားထားသောအနုရုဒ္ဓါထေရ် ၏ ဉာဏ်စွမ်းရည်ကို ချီးကြူးကြရ+ ပူဇော်ကြရပါသည်။

သင်္ဂြိုဟ်ကျမ်းသည် ထိုသို့တစ်ကျမ်းတစ်စောင်တည်းဖြင့် အဘိဓမ္မာ(၇)ကျမ်းလာ အဓိပ္ပါယ်+ သဘော+ သရုပ်များ ပြည့်စုံသောကြောင့်ပင် ထိုသဘောအဓိပ္ပါယ်များ သတ္တဝါတို့၏ နှလုံးသားထဲသို့ အမြန်ဆုံးရောက်ရှိနိုင်ရန် ရည်ရွယ်၍ အမြော်အမြင်ကြီးမားသော ပုဂ္ဂိုလ်တို့က စာမေးပွဲလောက၌ ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့ကြပါသည်၊ ထိုသင်္ဂြိုဟ်ကျမ်း၌ တိမ်မြုပ် ငုပ်လျှိုးနေသော သဘောအဓိပ္ပါယ်များကို သိသာထင်ရှားအောင် အရှင်သုမင်္ဂလသာမိမထေရ်သူမြတ်သည် အဘိဓမ္မတ္ထဝိဘာဝိနီ ဋီကာကျော်ကျမ်းကို ရေးသားတော်မူခဲ့ပြန်ပါသည်။

http://www.dhammadownload.com

ဤအရှင်သည်လည်း ဋီကာကျော်ကျမ်းနှင့်ပတ်သက်၍ သောတုဇနေ အရှင်သူမြတ်တို့၏ အခက်အခဲများကို ကူညီဖြေရှင်းပေးလိုသော ဆန္ဒများဖြစ်ပေါ်နေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဆန္ဒမပြည့်ဝနိုင်ခဲ့ဘဲ ယခုမှပင် သောတုဇနေအရှင်တို့၏ တွေ့ကြုံနိုင်သော အခက်အခဲများကို တဖက်တလမ်းမှ ကူညီဖြေရှင်းပေးနိုင်မည့် "ဋီကာကျော်နိတိ"အမည်ရှိသည့် စာတမ်းတစ်စောင်ကို ရေးသားလိုက်ရပါသည်။

ဤဋီကာကျော်နိတိကျမ်း၌ ဋီကာကျော်လာ အဓိပ္ပါယ်များကိုသာ သီးသီးသန့်သန့် စီစဉ်ထားသည့်အတွက် စာမေးပွဲဝင်အရှင်မြတ်များသည် ဆိုင်ရာဆိုင်ရာ အတန်းအသီးသီး၌ အလွယ်တကူ ကြည့်ရှု မှတ်သားနိုင်ခြင်းဖြင့် အောင်ပွဲအဆင့်ဆင့် ဆွတ်ခူးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ထိုသို့စာမေးပွဲဝင်အရှင်သူမြတ်များ ဋီကာကျော်နိတိကျမ်း အထောက်အကူကြောင့် အောင်ပွဲဆင်နိုင်ကြမည်ဆိုလျှင် ဤအရှင်သည်လည်း ဝမ်းသာရွှင်လမ်း ပီတိပန်းများ ပွင့်လမ်းမည်သာဖြစ်ပါသတည်း။


အရှင်ကောဝိဒ

(တိပိဋက ဝိနယဓရ ဝိနယကောဝိဒ)

ပုရိမပဌပကရဏအာဘိဓမ္မိက

သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

ကန်ဦးဇေတဝန်စာသင်တိုက်

ရွှေနှင်းဆီလမ်း+ရှစ်မိုင်ခွဲ

မရမ်းကုန်း

☎ ၆၃၀၉၈ (၁၅-၇-၉၁)

http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သမုစ္စည်းပိုင်း + အဖွင့်

## အကုသလ သင်္ဂဟ

**********************

**မေး။** သလက္ခဏာ၌ လက္ခဏာအရတို့ကို ရေးခဲ့ပါ။

**ဖြေ။** အာရုံကိုသိခြင်းစသော ပရမတ္ထတရားတို့၏ လက္ခဏာတို့ကို ယူရပါသည်။

**မေး။** ဒွါသတ္တတိ ဝိဓာ ဝုတ္တာ ၌ ဒွါသတ္တတိအရနှင့်ထိုသို့ယူရပုံကို အကျဉ်းချုပ် ရေးခဲ့ပါ။

**ဖြေ။** ဒွါသတ္တတိအရ စိတ် ၁+ စေတသိက် ၅၂+ နိပ္ဖန္နရုပ် ၁၈+ နိဗ္ဗာန် ၁ အားဖြင့် (၇၂)ပါး ဖြစ်ပါသည်။

အာရမ္မဏဝိဇာနနလက္ခဏာ, ဖုသနလက္ခဏာစသည်၊ ကက္ခဠလက္ခဏာစသည်၊ သန္တိလက္ခဏာအားဖြင့် (၇၂)ပါးဖြစ်ရပါသည်။

**မေး။** ပဝက္ခာမိ သမုစ္စယံ ၌ အဘယ်ကို ပေါင်းစည်းခြင်းကို သမုစ္စယဟု ခေါ်ပါသနည်း။

**ဖြေ။** အကုသလသင်္ဂဟ ,မိဿကသင်္ဂဟ, ဗောဓိပက္ခိယသင်္ဂဟ, သဗ္ဗသင်္ဂဟတို့ကို ပေါင်းစည်းခြင်းကို သမုစ္စယဟုခေါ်ပါသည်။

**မေး။** သင်္ဂဟလေးပါးတို့၏ အစိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

**ဖြေ။** အကုသိုလ်တရားတို့ကို သဘောတူသောတရား၏ အစွမ်းဖြင့် ပေါင်းယူရာဖြစ်သောကြောင့် အကုသလသင်္ဂဟမည်၏။

http://www.dhammadownload.com

ကုသိုလ်+အကုသိုလ်စသည်ဖြင့် ရောပြွမ်းသောတရားတို့ကို ပေါင်းယူရာဖြစ်သောကြောင့် မိဿကသင်္ဂဟမည်၏။

သစ္စာလေးပါးတရားတို့ကို သိတတ်သော အရိယာမဂ်၏အဘို့၌ ဖြစ်ကုန်သော သတိပဋ္ဌာန်စသောတရားတို့ကို ပေါင်းယူရာဖြစ်သောကြောင့် ဗောဓိပက္ခိယသင်္ဂဟမည်၏။

ခန္ဓာအစရှိကုန်သော အလုံးစုံသောတရားတို့ကို ပေါင်းယူရာဖြစ်သောကြောင့် သဗ္ဗသင်္ဂဟမည်၏။

မေး။ ဗောဓိပက္ခိယသင်္ဂဟ ၌ ဗောဓိအရ , ဗောဓိပက္ခိယအရတို့ကို ရေးခဲ့ပါ။

ဖြေ။ ဗောဓိအရသစ္စာလေးပါးကိုသိတတ်သော အရိယာမဂ်ကို ရပါသည်၊ ဗောဓိပက္ခိယအရ=သတိပဋ္ဌာန်စသော တရားတို့ကို ရပါသည်။

မေး။ အဘယ်ကြောင့် အာသဝဟုခေါ်ပါသနည်း။

ဖြေ။ လောဘ,ဒိဋ္ဌိ,မောဟတို့၏ ရှေ့အစွန်းမထင်ရှားသောအားဖြင့် ကြာမြင့်စွာထုံအပ်သောအနက်သဘောကြောင့်၄င်း၊ အနာမှ သားငန်ရည်, ပြည်များ ယိုစီးသကဲ့သို့ စက္ခုစသောဒွါရမှ အာရုံတို့၌ယိုစီးတတ်သောကြောင့်၄င်း၊ဘုံအားဖြင့် ဘဝဂ်တိုင်အောင် , ဓမ္မအားဖြင့် ဂေါတြဘုတိုင်အောင် ဖြစ်တတ်သောကြောင့်၄င်း၊ အာသဝဟုခေါ်ပါသည်။

မေး။ အာသဝတရားတို့သည် သတ္တဝါတို့သန္တာန်၌ အဘယ်ကြောင့် ကြာမြင့် စွာ ထုံအပ်ပါသနည်း (ဖြစ်ပါသနည်း)။

ဖြေ။ လောဘ,ဒိဋ္ဌိ,မောဟတို့၏ ရှေ့အစွန်း မထင်ရှားသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** အာသဝတရားတို့၏ ဘဝင်္ဂနှင့်၊ ဂေါတြဘူနှင့် ဖြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ဖြစ်ရာဌာနအနေအားဖြင့် ဘဝင်္ဂဖြစ်ပါသည်၊ အာရုံပြုသည့်အနေအားဖြင့် ဂေါတြဘူဖြစ်ပါသည်။

**မေး။** မာနစသောတရားတို့သည်လည်း ဘဝင်္ဂနှင့် ဂေါတြဘူတိုင်အောင် ဖြစ်ကြပါကုန်လျက် လောဘ,ဒိဋ္ဌိ,မောဟတို့ကိုသာ အဘယ်ကြောင့် အာသဝဟု ဆိုရပါသနည်း။

**ဖြေ။** ငါ့ကိုယ်,ငါ့ဥစ္စာဟု ယူသည်၏အစွမ်းအားဖြင့် အလွန်ပြန့်နှံ့သောကြောင့်၎င်း၊ ယစ်မူးခြင်းကို ပြုတတ်သည့်အနေအားဖြင့် အရက်နှင့်တူသောကြောင့်၎င်း၊ လောဘ,ဒိဋ္ဌိ,မောဟတို့သည်သာ အာသဝအဖြစ်ဖြင့် ထင်ရှားရကား ထိုသုံးပါးတို့ကိုသာ အာသဝဟုဆိုရပါသည်။

**မေး။** အာသဝတရားလေးပါးတို့၏ အရအသီးသီးကို ကောက်ပြပါ။

**ဖြေ။** (၁) ကာမာသဝအရ= ကာမရာဂကိုရ၏၊

(၂)ဘဝါသဝအရ=ရူပဘဝ,အရူပဘဝတို့၌ဖြစ်သော ဆန္ဒရာဂကို၎င်း၊ ဈာနနိကန္တိကရာဂကို၎င်း၊ သဿတဒိဋ္ဌိနှင့်တကွဖြစ်သောရာဂကို၎င်း၊ ရပါသည်။

(၃) ဒိဋ္ဌာသဝအရ= (၆၂)ပါးသော ဒိဋ္ဌိကို ယူရပါသည်။

(၄)အဝိဇ္ဇာသဝအရ= သစ္စာလေးပါးတို့၌၎င်း၊ ရှေ့အစွန်း၌၎င်း၊ နောက်အစွန်း၌၎င်း၊ ရှေ့+နောက်နှစ်ပါးအစွန်း၌၎င်း၊ ပဋိစ္စသမုပ္ပါဒ်တရား၌၎င်း၊ ဤရှစ်ဌာနတို့၌ မသိခြင်း မောဟကို ယူရပါသည်။

**မေး။** ဘဝါသဝအရ ရာဂသုံးမျိုးတို့၏တို့၏ အထူးကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** ရူပဘဝ,အရူပဘဝ,ဥပပတ္တိဘဝတို့၌ဖြစ်သောရာဂသည် ဆန္ဒရာဂမည်၏။ ကမ္မဘဝ၌ဖြစ်သောရာဂသည် ဈာနနိကန္တိရာဂမည်၏။ ဘဝဒိဋ္ဌိသဟဂတရာဂသည် သဿတဒိဋ္ဌိသဟဂတရာဂမည်၏။

**မေး။** အဘယ်ကြောင့် ဩဃဟုခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့ကို လွှမ်းမိုး၍ဆောင်တတ်သောကြောင့်၄င်း၊ ဝဋ်ဆင်းရဲ၌ သတ္တဝါတို့ကို အောက်သို့နစ်စေတတ်သောကြောင့်၄င်း၊ ရေအလျှင်နှင့်တူသည့်အတွက် ဩဃဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ယောဂဟုခေါ်ပါသနည်း။

**ဖြေ။** ဝဋ်ဆင်းရဲ၌၄င်း၊ ဘဝသုံးပါး ယန္တရားနှ၌၄င်း၊ သတ္တဝါတို့ကို ကံ, ကံ၏အကျိုးတရားနှင့် ယှဉ်စေတတ်သောကြောင့် ယောဂဟုခေါ်ပါသည်။ (တနည်း)သတ္တဝါတို့ကို ဘဝတစ်ပါးစသည်တို့နှင့်၄င်း၊ ဒုက္ခအမျိုးမျိုးနှင့်၄င်း၊ယှဉ်စေတတ်သောကြောင့် ယောဂဟုခေါ်ပါသည်။

**မေး။** ကာယဂန္ထ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** နာမကာယနှင့် ရူပကာယကို၄င်း၊ ပစ္စုပ္ပန္နကာယနှင့် အနာဂတကာယကို၄င်း၊မလွတ်အောင် ရစ်ပတ်ထုံးဖွဲ့တတ်သောကြောင့် ကာယဂန္ထဟုခေါ်ပါသည်။

**မေး။** သီလဗ္ဗတပရာမာသ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** နွားစသည်တို့၏ အလေ့ဖြင့်၄င်း၊ အကျင့်ဖြင့်၄င်း၊ အလေ့,အကျင့်နှစ်ပါးစုံဖြင့်၄င်း၊သံသရာမှစင်ကြယ်နိုင်၏ဟု မှားယွင်းစွာ သုံးသပ်မှုကို

http://www.dhammadownload.com



သီလဗ္ဗတပရာမာသဟုခေါ်ပါသည်။

**မေး။** ဥပါဒါန်၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဖါးကို မြွေဖမ်းသကဲ့သို့ အာရုံကို မြဲမြဲ စွဲ ယူတတ်သောကြောင့် ဥပါဒါန်ဟုခေါ်ပါသည်။

**မေး။** အတ္တဝါဒုပါဒါန်၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** သက္ကာယဒိဋ္ဌိ နှစ်ဆယ်ဖြင့် ကြံဆအပ်သော အတ္တဟုပြောဆိုကြောင်း အယူဝါဒသည်ပင်လျှင် အတ္တဝါဒုပါဒါန်မည်၏

**မေး။** အဘယ်ကြောင့် နီဝရဏဟုခေါ်ပါသနည်း။

**ဖြေ။** ဈာန်စသည်တို့၏အစွမ်းအားဖြင့် ဖြစ်ထိုက်သောကုသိုလ်စိတ်ကို တားမြစ်တတ်သည်ဖြစ်၍ ထိုဈာန်စသည်တို့၏အဖြစ်ဖြင့် ဖြစ်ခွင့်မပေးသောကြောင့်၄င်း၊ ပညာမျက်စိကို ပိတ်ပင်တတ်သောကြောင့်၄င်း၊ နီဝရဏဟုခေါ်ပါသည်။

**မေး။** နီဝရဏတရားတို့၏ ကုသိုလ်စိတ်ကို တားမြစ်ပုံကို ရေးခဲ့ပါ။

**ဖြေ။** ဈာန်စသောအခြင်းအရာအားဖြင့် ကုသိုလ်စိတ်များ ဖြစ်ခွင့်မပေးခြင်းကိုပင် တားမြစ်သည်ဟု ဆိုပါသည်။

**မေး။** အဘယ့်ကြောင့် ကာမစ္ဆန္ဒဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမဂုဏ်ငါးပါးတို့၌ လွန်ကဲသောရာဂဟူသော ကာမသည်ပင်လျှင် အလိုရှိတတ်သော အနက်သဘောကြောင့် ကာမစ္ဆန္ဒဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ဗျာပါဒ၏အဓိပ္ပါယ်နှင့် ဗျာပါဒ၏အပြားကို ရေးခဲ့ပါ။

**ဖြေ။** စိတ်ပေါက်ပြန်ပျက်စီးကြောင်းဖြစ်သောကြောင့် ဗျာပါဒဟုခေါ်၏၊ ထိုဗျာပါဒသည် အနတ္ထံ မေ အစရိ,စသော အာဃာတဝတ္ထု(၉)ပါး ဟူသော နှိုးစွာသော အကြောင်းရှိသည့်အတွက် ဗျာပါဒ(ကိုးပါး)ရှိပါသည်။ *(တနည်း)* အရာမဟုတ်သည်၌ ဖြစ်တတ်သော အဋ္ဌာန ကောပနှင့်တကွ ဗျာပါဒ(၁၀)ပါးရှိပါသည်။

**မေး။** ထိနမိဒ္ဓနှစ်ပါးတို့ကိုင်း၊ ဥဒ္ဓစ္စ ကုက္ကုစ္စနှစ်ပါးတို့ကိုင်း၊ နီဝရဏ တစ်ခုတည်းစီ အနေအားဖြင့် အဘယ်ကြောင့် ဟောရပါသနည်း။

**ဖြေ။** ကိစ္စအားဖြင့်ငှင်း၊ အကြောင်းအားဖြင့်ငှင်း၊ ဆန့်ကျင်ဘက်အားဖြင့် ငှင်း၊ တူကြသောကြောင့် နီဝရဏတစ်ခုတည်းစီ အနေအားဖြင့် ဟောရပါသည်။

**မေး။** ထိန မိဒ္ဓ + ဥဒ္ဓစ္စ ကုက္ကုစ္စတို့၏ ကိစ္စ , အကြောင်း , ဆန့်ကျင်ဘက် အားဖြင့် တူပုံကို အသီးသီးရေးခဲ့ပါ။

**ဖြေ။** (က) ထိနနှင့်မိဒ္ဓတို့သည် စိတ်,စေတသိက်ကို တွန့်တိုခြင်းသို့ ရောက် စေခြင်းကိစ္စအားဖြင့် တူကြပါသည်။
ဥဒ္ဓစ္စကုက္ကုစ္စတို့သည် စိတ်,စေတသိက်တို့ကို မငြိမ်သက်အောင် ပြုခြင်း ကိစ္စအားဖြင့် တူကြပါသည်။
(ခ)ထိနမိဒ္ဓနှစ်ပါးတို့သည် ပျင်းရိကြောင်း, ကိုယ်လက်ဆန့်ငင်ကြောင်း ဟူသောအကြောင်းအားဖြင့် တူကြပါသည်။
ဥဒ္ဓစ္စကုက္ကုစ္စနှစ်ပါးတို့သည် ဉာတိဗျသနစသည်ကို ကြံစည်ကြောင်း ဟူသော အကြောင်းအားဖြင့် တူကြပါသည်။
(ဂ)ထိနမိဒ္ဓတို့သည် ဝီရိယဟူသောဆန့်ကျင်ဘက်တရားအားဖြင့် တူကြ

http://www.dhammadownload.com



ပါသည်။

ဥဒ္ဒစ္စ ကုက္ကုစ္စတို့သည် သဇထ(သမာဓိ)ဟူသောဆန့်ကျင်ဘက် အားဖြင့် တူကြပါသည်။

**မေး။** အနုသယ၏အဓိပ္ပါယ်ကိုရေး၍၊ ၎င်း၌ ကိန်း၏ဟူသောစကား၏ အဓိပ္ပါယ်ကိုလည်း ရေးခဲ့ပါ။

**ဖြေ။** မဂ်ဖြင့်မပယ်အပ်သေးသော အနက်သဘောအားဖြင့် သတ္တဝါတို့ သန္တာန်၌ အဖန်တလဲလဲကိန်းတတ်သောကြောင့် အနုသယဟုခေါ်ပါသည်။ လျောက်ပတ်သောအကြောင်းကို ရသော် ဖြစ်ခြင်းကိုပင် ကိန်းသည်ဟုခေါ်ပါသည်။

**မေး။** အနုသယအရ ယူရမည့် ကိလေသာတို့ကို မုချ+ ဥပစာအားဖြင့် ခွဲခြား ပြပါ။

**ဖြေ။** အနုသယအရ အနာဂတ်ကိလေသာတို့ကို မုချအားဖြင့် ရပါသည်။ အတိတ်ကိလေသာ, ပစ္စုပ္ပန်ကိလေသာတို့ကို ကိလေသာသဘောခြင်း တူသောကြောင့် ဥပစာအားဖြင့် ရပါသည်။

**မေး။** အတိတ်,အနာဂတ်,ပစ္စုပ္ပန်အားဖြင့် ကာလကွဲပြားသောကြောင့် ပရမတ္ထတရားများ သဘောတရားကွဲပြားနိုင်ပါသလော။

**ဖြေ။** မကွဲပြားနိုင်ပါ။

**မေး။** မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် အနုသယဟုဆိုလျှင် ကိလေသာ အားလုံးတို့သည်လည်း မဂ်ဖြင့်မပယ်သေးရကား အနုသယဟု ခေါ်နိုင်ပါသလော။

http://www.dhammadownload.com



**ဖြေ။** မဂ်ဖြင့် မပယ်ရသေးရုံမျှကို အနုသယဟု မဆိုနိုင်ပါ၊ စင်စစ်ကား မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် အင်အားကြီးမားခြင်းသို့ ရောက်သော ကိလေသာတို့ကိုသာ အနုသယဟုခေါ်နိုင်ရကား ထိန,မိဒ္ဓစသော ကိလေသာတို့ကို အနုသယဟု မခေါ်နိုင်ပါ။

**မေး။** အဘယ်ကြောင့် သံယောဇဉ်ဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့ကို ချည်နှောင်တုပ်ထားတတ်သောကြောင့် သံယောဇဉ်ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ကိလေသာဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့၏စိတ်ကို ပူပန်စေတတ်, နှိပ်စက်တတ်သောကြောင့် ကိလေသာ ဟုခေါ်ပါသည်။

**မေး။** ဒိဋ္ဌိစေတသိက်တစ်ခုတည်းဖြစ်ပါလျက် သီလဗ္ဗတပရာမာသ, ကာယဂန္ထ သစ္စာဘိနိဝေသ, အတ္တဝါဒုပါဒါန်ဟု အဘယ့်ကြောင့် သုံးမျိုးကွဲပြားရပါသနည်း။

**ဖြေ။** နွား,ခွေးစသည်တို့၏ အကျင့်ဖြင့် ကိလေသာမှစင်ကြယ်၍ သံသရာမှ လွတ်သည်ဟုငင်း၊ "ဤအယူသာ မှန်၏၊ အခြားသောအယူသည် အချီးနှီးသာတည်း"ဟူ၍ငင်း၊ အတ္တဟူ၍ငင်း၊ ယူပုံအခြင်းအရာ ကွဲပြားသောကြောင့် သုံးမျိုးကွဲပြားရပါသည်။

**မေး။** နီဝရဏ(၆)ပါးတည်းရှိပါလျက် "အဋ္ဌ နီဝရဏာ သိယုံ"ဟု သင်္ဂဟဂါထာ၌ အဘယ့်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ထိန,မိဒ္ဓ,ဥဒ္ဓစ္စ,ကုက္ကုစ္စတို့ကို အသီးအခြား တစ်ခုစီယူထားသောကြောင့်

http://www.dhammadownload.com



ဆိုရပါသည်။

**မေး။** အနုသယ(၇)ပါးရှိပါလျက် "ဆဗ္ဗေဝါ နုသယာ ဟောန္တိ "ဟု သင်္ဂဟ ဂါထာ၌ အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ကာမရာဂါနုသယ , ဘဝရာဂါနုသယတို့ကို တဏှာသဘောခြင်း တူသော အားဖြင့် တစ်ပေါင်းတည်း ယူအပ်သောကြောင့် ဆိုရပါသည်။

**မေး။** သုတ္တန်နည်း, အဘိဓမ္မာနည်းအားဖြင့် သံယောဇဉ်တို့သည် (၁၀)ပါး စီ ရှိပါလျက် " နဝ သံယောဇနာ " ဟု အဘယ်ကြောင့် ဆိုပါသနည်း။

**ဖြေ။** တဏှာသဘောခြင်း တူသောတရားတို့ကိုငင်း၊ ဒိဋ္ဌိသဘောခြင်း တူ သောတရားတို့ကိုငင်း၊ တစ်ခုစီ တစ်ခုစီပေါင်း၍ ယူအပ်သောကြောင့် "နဝ သံယောဇနာ " ဟုဆိုရပါသည်။

## မိဿကသင်္ဂဟ + အဖွင့်

**မေး။** ဈာနင်္ဂါနိ ၌ ဈာန်ခေါ်ခြင်းအကြောင်းနှင့် အင်္ဂါခေါ်ခြင်းအကြောင်း တို့ကို ရေးခဲ့ပါ။

**ဖြေ။** ကသိုဏ်းစသောအာရုံကို ကပ်၍ရှုတတ်သောကြောင့်ငင်း၊ဆန့်ကျင် ဘက် နီဝရဏတရားတို့ကို လောင်ကျွမ်းစေတတ်သောကြောင့်ငင်း၊ ဈာန် ဟုခေါ်ပါသည်။

အပေါင်းဖြစ်သောဈာန်တို့၏ အစိတ်အဖြစ်ဖြင့်သိအပ်သောကြောင့် အင်္ဂါဟုခေါ်ပါသည်။

**မေး။** ဈာန်နင်(၇)ပါးတို့ကို ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ခွဲပြပါ။

http://www.dhammadownload.com



**ဖြေ။** ဒေါမနဿသည် အကုသိုလ်ဈာန်မည်၏။

ဝိတက်,ဝိစာရ,ပီတိ,ဧကဂ္ဂတာ,သောမနဿ,ဥပေက္ခာ ဈာန်တို့သည် ကုသိုလ်, အကုသိုလ်, အဗျာကတဖြစ်သော ဈာန်တို့မည်ကုန်၏။

**မေး။** အဘယ်ကြောင့် မဂ်ဟုငှင်း၊ မဂ္ဂင်ဟုငှင်း ၊ခေါ်ရပါသနည်း။

**ဖြေ။** သုဂတိဘဝ, ဒုဂ္ဂတိဘဝ , နိဗ္ဗာန်သို့ ရှေးရှုရောက်စေတတ်သောကြောင့် မဂ်ဟုခေါ်ပါသည်။

ထိုသုဂတိ, ဒုဂ္ဂတိ, နိဗ္ဗာန်တို့၏ အကြောင်းဖြစ်သော အင်္ဂါဖြစ်သောကြောင့်ငှင်း၊ မဂ္ဂင်ရှစ်ပါး၏အစိတ်အင်္ဂါတို့ဖြစ်သောကြောင့်ငှင်း၊ မဂ္ဂင်ဟုခေါ်ပါသည်။

**မေး။** မဂ္ဂင်တရားတို့၏ အဓိပ္ပါယ်အသီးသီးနှင့်တကွ အပြားကို ရေးပါ။

**ဖြေ။** (၁)မဖေါက်မပြန် မြင်တတ်သောကြောင့် သမ္မာဒိဋ္ဌိဟုခေါ်ပါသည်။

ထိုသမ္မာဒိဋ္ဌိသည် အတ္ထိ ဒိန္န စသည်အားဖြင့် (၁၀)ပါးရှိ၏။

(တနည်း) ပရိညာစသောကိစ္စအားဖြင့် (၄)မျိုးရှိပါသည်။

(၂)မဖေါက်မပြန်ကြံစိကြောင်းဖြစ်သောကြောင့် သမ္မာသင်္ကပ္ပမည်၏။

ထိုသမ္မာသင်္ကပ္ပသည် နေက္ခမ္မသင်္ကပ္ပ, အဗျာပါဒသင်္ကပ္ပ, အဝိဟိံသာသင်္ကပ္ပဟု သုံးမျိုးရှိပါသည်။

(၃)ကောင်းစွာပြောဆိုကြောင်းဖြစ်သောကြောင့် သမ္မာဝါစာမည်၏။

ထိုသမ္မာဝါစာသည် မုသာဝါဒါ ဝေရမဏီ ,ပိသုဏာဝါစာဝေရမဏီ , ဖရုသဝါစာဝေရမဏီ, သမ္ဖပ္ပလာပါ ဝေရမဏီဟု လေးပါးရှိပါသည်။

(၄) ကောင်းစွာဖြစ်သောအလုပ်သည် သမ္မာကမ္မန္တမည်၏။

ထိုသမ္မာကမ္မန္တသည် ပါဏာတိပါတာဝေရမဏီ, အဒိန္နာဒါနာဝေရမဏီ, ကာမေသုမိစ္ဆာစာရာ ဝေရမဏီဟု သုံးပါးရှိပါသည်။

http://www.dhammadownload.com



(၅)ကောင်းစွာအသက်မွေးဝမ်းကြောင်း ဖြစ်သောကြောင့် သမ္မာအာဇီဝ မည်ပါသည်။

ထိုသမ္မာအာဇီဝသည် အသက်မွေးခြင်းဟူသော အကြောင်းရှိသော ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း၏ အစွမ်းအားဖြင့် (၇)ပါးရှိပါသည်။

(တနည်း) ကုဟန ,လပန ,စသောမိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်း၏ အစွမ်း အားဖြင့် များပြားစွာရှိပါသည်။

(၆) မဖေါက်မပြန် ကောင်းမွန်စွာ အားထုတ်ကြောင်းဖြစ်သောကြောင့် သမ္မာဝါယာမမည်ပါသည်။

ထိုသမ္မာဝါယာမသည် သမ္မပ္ပဓာန်လေးမျိုးအားဖြင့် (၄)ပါးရှိပါသည်။

(၇)မဖေါက်မပြန်မှန်ကန်စွာအမှတ်ရကြောင်းဖြစ်သောကြောင့် သမ္မာသတိမည်ပါသည်။

ထိုသမ္မသတိသည် သတိပဋ္ဌာန်လေးမျိုးအားဖြင့် (၄)ပါးရှိပါသည်။

(၈)စိတ်ကို မဖေါက်မပြန်မှန်ကန်စွာ ကိုယ်တိုင်ထားအပ်, ထားကြောင်း ဖြစ်သောကြောင့် သမ္မာသမာဓိမည်၏။

ထိုသမ္မာသမာဓိသည် ပဌမဈာန်သမာဓိ,(ပ)ပဥ္စမဈာန်သမာဓိအား ဖြင့် (၅)ပါးရှိပါသည်။

**မေး။** မိစ္ဆာဒိဋ္ဌိစသည်ကို အဘယ်ကြောင့် မဂ္ဂင်ဟုခေါ်ပါသနည်း။

**ဖြေ။** ဒုဂ္ဂတိဘဝသို့ရောက်ကြောင်းဖြစ်သောကြောင့် မိစ္ဆာဒိဋ္ဌိစသည်ကို မဂ္ဂင်ဟုခေါ်ပါသည်။

**မေး။** ဣန္ဒြေ(၂၂)ပါးတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဒဿနကိစ္စစသည်တို့၌ စက္ခုဝိညာဏ်စသည်တို့ကို မိမိသို့လိုက်စေလျက်

http://www.dhammadownload.com



အစိုးရခြင်းဟူသော အနက်သဘောကြောင့် စက္ခုန္ဒြေစသည်မည်၏။

များသောအားဖြင့် ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေနှင့် တကွဖြစ်သောသန္တာန်၌ဖြစ်သောအခါ လိင်စသည်တို့ကို မိမိသို့လိုက်စေလျက် အစိုးရခြင်းဟူသောအနက်သဘောကြောင့် ဣတ္ထိန္ဒြေ , ပုရိသိန္ဒြေမည်၏။

စောင့်ရှောက်ခြင်းကိစ္စ၌ စောင့်ရှောက်အပ်သော ကမ္မဇရုပ်နှင့်သမ္ပယုတ်တရားတို့ကို မိမိသို့လိုက်စေလျက် အစိုးရခြင်းဟူသောအနက်သဘောကြောင့် ဇီဝိတိန္ဒြေမည်၏။

အာရုံကိုသိခြင်းကိစ္စ၌ သမ္ပယုတ်တရားတို့ကို မိမိသို့လိုက်စေလျက် အစိုးရခြင်းဟူသောအနက်သဘောကြောင့် မနိန္ဒြေမည်၏။

သုခဝေဒနာစသည်တို့နှင့် တကွဖြစ်ကုန်သောတရားတို့ကို မိမိသို့လိုက်စေလျက် အစိုးရခြင်းဟူသော အနက်သဘောကြောင့် သုခိန္ဒြေစသည်မည်ပါသည်။

ယုံကြည်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်ဖြစ်ကုန်သော သဒ္ဓါစသည်တို့နှင့် တကွဖြစ်ကုန်သောတရားတို့ကို မိမိသို့လိုက်စေလျက် အစိုးရခြင်းဟူသောအနက်သဘောကြောင့် သဒ္ဓိန္ဒြေစသည်မည်ပါသည်။

အနမတဂ္ဂသံသရာ၌ မသိဘူးသောနိဗ္ဗာန်ကိုင်း၊ သစ္စာလေးပါးကိုင်း၊ သိအောင်ပြုအံ့ဟူသောဆန္ဒဖြင့် ကျင့်သောပုဂ္ဂိုလ်၏ဣန္ဒြေသည် အနညာတညဿာမီတိန္ဒြေမည်၏။

သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသောအပိုင်းအခြားကို မကျော်လွန်မူ၍ သိတတ်သောပုဂ္ဂိုလ်၏ ဣန္ဒြေဖြစ်သောကြောင့် အညိန္ဒြေမည်၏။

သစ္စာ(၄)ပါးကို ထိုးထွင်းသိပြီးသောရဟန္တာပုဂ္ဂိုလ်၏ ဣန္ဒြေသည် အညာတာဝိန္ဒြေမည်၏။

http://www.dhammadownload.com



**မေး။** ပညာစေတသိက်တစ်ခုတည်းဖြစ်ပါလျက် အဘယ်ကြောင့် ဣန္ဒြေလေးမျိုး ခွဲ၍ ဟောရပါသနည်း။

**ဖြေ။** ဣန္ဒြေတရားတို့၏ သရုပ်ကို ပြခြင်းငှါ ပညိန္ဒြေကို ဟောပါသည်။ ပုဂ္ဂလဇ္ဈာသယ, ကိစ္စဝိသေသကို ပြခြင်းအကျိုးငှါ အနညာတညဿာမိတိန္ဒြေ, အညိန္ဒြေ , အညာတာဝိန္ဒြေ သုံးပါးကို ဟောရပါသည်။

**မေး။** ဣန္ဒြေ(၂၂)ပါး ဟောပုံ အစီအစဉ်ကို ရေးခဲ့ပါ။

**ဖြေ။** (က)သတ္တပညတ်ဟုဆိုအပ်သောအတ္တဘော၏ ထူးခြားသော မှီရာဖြစ်သောကြောင့် စက္ခုန္ဒြေစသောငါးပါးကို အစဦးထား၍ဟောရပါသည်

(ခ)သတ္တဝါဟူသောပညတ်သည် ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေနှစ်ပါးတို့၏အစွမ်းကြောင့် မိမ္မ,ယောကျ်ားဟူသော ဝေဘန်ခြင်းသို့ရောက်၏ဟုပြခြင်းအကျိုးငှါ ကာယိန္ဒြေ၏အခြားမဲ့၌ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေကို ဟောရပါသည်။

(ဂ) စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ, ဣတ္ထိ , ပုရိသဟူသော ကမ္မဇရုပ်တရားတို့သည် ဇိဝိတိန္ဒြေ၏အစွမ်းကြောင့် တည်တံ့ကုန်၏ဟု ပြခြင်းအကျိုးငှါ ပုရိသိန္ဒြေ၏အခြားမဲ့၌ ဇီဝိတိန္ဒြေကို ဟောပါသည်။

(ဃ)သတ္တဝါအများသည် ဤဝေဒနာတို့ကြောင့် ညစ်နွမ်းခြင်းသို့ ရောက်ရ၏ဟုပြခြင်းအကျိုးငှါ မနိန္ဒြေ၏အခြားမဲ့၌ ဝေဒနိန္ဒြေကို ဟောပါသည်။

(င)ညစ်နွမ်းခြင်း၏ အကြောင်းဖြစ်သော ဝေဒနာတို့မှ စင်ကြယ်လိုသူတို့၏ စင်ကြယ်ခြင်း၏အကြောင်းတို့ကို ပြခြင်းအကျိုးငှါ ဝေဒနိန္ဒြေငါးပါးတို့၏အခြားမဲ့၌ သဒ္ဓါ,ဝိရိယ,သတိ,သမာဓိ,ပညာ ဟူသော ဣန္ဒြေငါးပါးတို့ကို ဟောရပါသည်။

(စ)ဆည်းပူးအပ်ပြီးသော ဖြူစင်ကြောင်းကောင်းမှုရှိကုန်သော သူတော်

http://www.dhammadownload.com



ကောင်းတို့သည် ဤဣန္ဒြေသုံးပါးတို့ကြောင့် ဝေဒနာတို့မှ စင်ကြယ်ကုန်၏ဟု စင်ကြယ်ကြောင်းကို ပြခြင်းအကျိုးငါ့ငှင်း၊ စင်ကြယ်ခြင်းသို့ရောက်သည်၏အဖြစ်, ကိစ္စပြီးပြီးသည်၏အဖြစ်ကိုငှင်း၊ ပြခြင်းအကျိုးငှါ အနညာတညဿာမီတိန္ဒြေ , အညိန္ဒြေ , အညာတာဝိန္ဒြေသုံးပါးတို့ကို နောက်ဆုံးထား၍ ဟောရပါသည်။

**မေး။** အရှတ္တိကာယတနခြင်း တူပါလျက် မနိန္ဒြေကို ကာယိန္ဒြေ၏အခြားမဲ့၌ မဟောဘဲ ဇီဝိတိန္ဒြေ၏အခြားမဲ့၌ အဘယ်အကျိုးငှါ ဆိုရပါသနည်း။

**ဖြေ။** နာမ်ဣန္ဒြေတို့နှင့် အတူတကွတစ်ပေါင်းတည်း ပြခြင်းအကျိုးငှါ ဇီဝိတိန္ဒြေ၏အခြားမဲ့၌ ဆိုရပါသည်။

**မေး။** ဖဿစသောတရားများ, ပထဝီစသောရုပ်တရားများကို ဣန္ဒြေအရာ၌ အဘယ်ကြောင့် မဟောရပါသနည်း။

**ဖြေ။** စက္ခုန္ဒြေစသော ဣန္ဒြေ(၂၂)ပါးတို့ကို ဟောခြင်းဖြင့် အလိုရှိအပ်သော အကျိုးများ ပြီးစီးပြီးဖြစ်သောကြောင့် မဟောရပါ။

**မေး။** မိုလ်(၉)ပါးတို့၏ အစိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

**ဖြေ။** (၁)အသဒ္ဓိယဟုသော ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့်ငှင်း၊ သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သောကြောင့်ငှင်း၊ သဒ္ဓါမိုလ်မည်၏။

(၂)ကောသဇ္ဇဟုသောဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့်ငှင်း၊ (ပ) ဝီရိယမိုလ်မည်၏။

(၃) ပမာဒဟုသော (ပ) သတိမိုလ်မည်၏။

(၄) ဥဒ္ဓစ္စဟုသော (ပ) သမာဓိမိုလ်မည်၏။

http://www.dhammadownload.com



(၅) အဝိဇ္ဇာဟူသော(ပ) ပညာမိုလ်မည်၏။
(၆) အဟိရိကဟူသော (ပ) ဟိရိမိုလ်မည်၏။
(၇) အနောတပ္ပဟူသော (ပ) ဩတ္တပ္ပမိုလ်မည်၏။
(၈)သမ္ပယုတ်တရားတို့၌ မြဲမြံစွာဖြစ်ခြင်းဟူသော အကြောင်းကြောင့်သာ အဟိရိကမိုလ်, အနောတ္တပ္ပမိုလ်မည်၏။

**မေး။** အဓိပတိ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** မိမိနှင့်စပ်၍ဖြစ်ကုန်သော သမ္ပယုတ်တရားတို့၏ အရှင်သခင် အကြီးအမှူးဖြစ်သောတရားသည် အဓိပတိမည်၏။

**မေး။** အဘယ်ကြောင့် ဆန္ဒစသောတရားတို့သည် မိမိနှင့်စပ်သောတရားတို့၏ အရှင်သခင် အကြီးအမှူးဖြစ်ရပါသနည်း။

**ဖြေ။** "ဆန္ဒဝတော ကိံ နာမ န သိဇ္ဈတိ" စသောပုဗ္ဗာဘိသင်္ခါရ ဥပနိဿယပစ္စည်း ရသည်ဖြစ်၍ဖြစ်ပေါ်လာသော နောက်စိတ်၌ အကြီးအမှူးဖြစ်သော ဆန္ဒစသည်တို့သည် သမ္ပယုတ္တဓမ္မတို့ကို ပြီးစေကုန်လျက် ဖြစ်သောကြောင့်၎င်း၊ သမ္ပယုတ်တရားတို့သည်လည်း ထိုဆန္ဒစသည်တို့၏ အစွမ်းဖြင့်ဖြစ်ကုန်သောကြောင့်၎င်း၊ ဆန္ဒစသည်တို့သည် မိမိနှင့်စပ်သောတရားတို့၏ အကြီးအမှူးဖြစ်ရပါသည်။

**မေး။** အဓိပတိ နှင့် ဣန္ဒြေတို့၏ အစိုးရပုံခြင်း အထူးကို ရေးခဲ့ပါ။

**ဖြေ။** အခြားသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ အစိုးရခြင်းသည် အဓိပတိအစိုးရသည်မည်၏။
တစ်ပါးသောဣန္ဒြေများ အစိုးခြင်းရှိသော်လည်း မိမိနှင့်စပ်သောတရားတို့ကိုသာ မိမိအလိုသို့ လိုက်စေလျက် အစိုးရခြင်းသည် ဣန္ဒြေအစိုးရ

http://www.dhammadownload.com



သည်မည်၏ ဤသို့ထူးပါသည်။

**မေး။** အဘယ်ကြောင့် အာဟာရဟု ခေါ်ပါသနည်း။

**ဖြေ။** ဩဇာလျှင် ရှစ်ခုမြောက်ရှိသော ရုပ်စသည်တို့ကို ဆောင်တတ်သောကြောင့် အာဟာရဟုခေါ်ပါသည်။

**မေး။** အာဟာရလေးပါးတို့သည် အဘယ်တရားများကို ဆောင်ပါသနည်း၊ အသီးသီးရေးခဲ့ပါ။

**ဖြေ။** (၁)ကဗဠီကာရာဟာရသည် ဩဇာလျှင်ရှစ်ခုမြောက်ဖြစ်သောရုပ်ကို ဆောင်ပါသည်။

(၂) ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်ပါသည်။

(၃)ကုသိုလ်ကံ, အကုသိုလ်ကံဟုဆိုအပ်သော မနောသဉ္စေတနာဟာရသည် ဘဝသုံးပါးတို့၌ ပဋိသန္ဓေဝိညာဏ် ကို ဆောင်ပါသည်။

(၄)ပဋိသန္ဓေဝိညာဏ်ဟူသော ဝိညာဏာဟာရသည် သဟဇာတ်ဖြစ်သော နာမ်ရုပ်ကို ဆောင်ပါသည်။

**မေး။** မိမိတို့၏ဆိုင်ရာ ပစ္စယုပ္ပန်တရားတို့ကို ဆောင်တတ်သော အခြားတရားများရှိပါလျက် ကဗဠီကာရစသော လေးပါးတို့ကိုသာ အဘယ်ကြောင့် အာဟာရဟုဆိုရပါသနည်း။

**ဖြေ။** အဇ္ဈတ္တိကသန္တာန်၏ ထူးသောအကြောင်းဖြစ်သောကြောင့် ဤလေးပါး တို့ကိုသာ အာဟာရဟုဆိုပါသည်။

**မေး။** အာဟာရလေးပါးတို့၏ အဇ္ဈတ္တိကသန္တာန်၏ အကြောင်းထူး ဖြစ်ပုံကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** (၁)ကဗဠီကာရာဟာရသည် ကဗဠီကာရာဟာရကိုစားကုန်သောသတ္တဝါတို့၏ ရူပကာယ၏ ထူးသောအကြောင်းဖြစ်ပါသည်။

(၂)ဖဿာဟာရသည် သုခဝေဒနာစသည်တို့၏ အကြောင်းဖြစ်သော အာရုံကို တွေ့ထိမှုသာလျှင် သုခဝေဒနာစသည်ဖြစ်ခြင်းဖြင့် သတ္တဝါ တို့တည် ခြင်း၏ ထူးသောအကြောင်းဖြစ်ပါသည်။

(၃)မနောသဉ္စေတနာဟာရသည် ကုသိုလ်ကံ,အကုသိုလ်ကံတို့၏အစွမ်းဖြင့် အားထုတ်မှုသာလျှင် ဘုံသုံးပါးတို့၌ တည်ခြင်းကို ဖြစ်စေတတ်သောကြောင့် သတ္တဝါတို့ တည်ခြင်း၏ ထူးသောအကြောင်းဖြစ်၏။

(၄)ဝိညာဏာဟာရသည် အာရုံကိုသိသည်ဖြစ်၍ နာမ်ရုပ်တို့ကိုဖြစ်စေခြင်းဖြင့် သတ္တဝါတို့တည်ခြင်း၏ ထူးသောအကြောင်းဖြစ်ပါသည်။

**မေး။** အစာမှီဝဲသောသတ္တဝါတို့၏ ရူပကာယသည် ကံစသည်ကြောင့် ဖြစ်ရပါလျက် ကဗဠီကာရာဟာရကိုသာ အဘယ်ကြောင့် ရူပကာယ၏အကြောင်းထူးဟု ဆိုရပါသနည်း။

**ဖြေ။** ရူပကာယသည် ကဗဠီကာရာဟာရထောက်ပန့်သည်၏ အစွမ်းဖြင့်သာလျှင် (၁၀)နှစ်စသည်ဖြင့်ဖြစ်နိုင်,တည်နိုင်သောကြောင့် ရူပကာယ၏ ထူးသောအကြောင်းဟုဆိုရပါသည်။ (ဥပမာ) အထိန်းတော်သည် သတို့သားကလေး ကြာမြင့်စွာတည်ခြင်း၏ အကြောင်းထူးဖြစ်သကဲ့သို့တည်း။

**မေး။** ဖဿော ဒုတိယော စသည်ဟောတော်မူခြင်းသည် အာဟာရလေးပါးတို့တွင် ဖဿသည် ဒုတိယမြောက်ဖြစ်သောကြောင့် ဒုတိယော ဟု ဆိုပါသလော။

**ဖြေ။** ဒုတိယမြောက်ဖြစ်ခြင်း ဥပ္ပတ္တိက္ကမအားဖြင့် ဒုတိယောဟုဆိုသည်မဟုတ်ပါ

http://www.dhammadownload.com



ဒေသနာတော်အစဉ်(ဒေသနက္ကမ)အားဖြင့် ဒုတိယမြောက် ဖြစ်သောကြောင့် ဖဿော ဒုတိယော ဟုဆိုပါသည်။

**မေး။** ဒွေးပဉ္စဝိညာဏ်(၁၀)တို့၌ အဘယ်ကြောင့် ဈာနင်တို့ကိုမရပါသနည်း။

**ဖြေ။** ဒွေးပဉ္စဝိညာဏ်(၁၀)တို့သည် ဝိတက်ကင်းသဖြင့် အာရုံတို့၌ ရှေးရှုကျရောက်ကာမျှသာဖြစ်သည့်အတွက် ထိုဒွေပဉ္စဝိညာဏ်(၁၀)၌ရှိသော သုခဒုက္ခ,ဥပေက္ခာဝေဒနာတို့သည် အာရုံသို့ကပ်၍ရှုခြင်း အခြင်းအရာ မရှိသောကြောင့် ဈာနင်အဖြစ်ဖြင့် မရပါ။

**မေး။** ဝိရိယမယှဉ်သောစိတ်(၁၆)ပါးတို့၌ ဧကဂ္ဂတာဟူသော သမာဓိယှဉ်ပါလျက် အဘယ်ကြောင့် မိုလ်မထိုက်ပါသနည်း။

**ဖြေ။** ဝိရိယကင်းသောကြောင့် မိုလ်မထိုက်ပါ။

**မေး။** အဟိတ်စိတ်(၁၈)ပါးတို့၌ မဂ္ဂင်တို့ကို အဘယ်ကြောင့် မရနိုင်ပါသနည်း။

**ဖြေ။** သမ္ပယုတ်ဟိတ်ကင်းသောကြောင့် မဂ္ဂင်တို့ကို မရပါ။

**မေး။** (၁)ဈာန်ဖြစ်နိုင်ရန်, (၂)မိုလ်ဖြစ်နိုင်ရန် , (၃)မဂ္ဂင်ဖြစ်နိုင်ရန် အရေးအကြီးဆုံး အဓိကကျသောတရားတို့ကို အသီးသီးထုတ်ပြပါ။

**ဖြေ။** (၁)ဈာန်ဖြစ်နိုင်ရန် အရေးအကြီးဆုံး အဓိကတရားကား ဝိတက်ဖြစ်ပါသည်။

(၂) မိုလ်ဖြစ်နိုင်ရန် အဓိကကျသောတရားကား ဝိရိယဖြစ်ပါသည်။

(၃) မဂ္ဂင်ဖြစ်နိုင်ရန် အရေးအကြီးဆုံး အဓိကတရားကား ဟိတ်(၆)ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် အဘယ်ကြောင့် မဂ္ဂင် ဣန္ဒြေ , မိုလ် မထိုက်ပါသနည်း။

**ဖြေ။** ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခကင်းသောကြောင့် ၎င်းဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် စိတ်တည်ကြည်ရုံမျှသာဖြစ်၍ မဂ္ဂင်, ဣန္ဒြေ မိုလ်မထိုက်ပါ။

**မေး။** ဒွိဟေတုက , တိဟေတုကသဒ္ဒါဖြင့် အဘယ်ကိုပြပါသနည်း။

**ဖြေ။** ဧကဟိတ်စိတ်တို့၌ အဓိပတိမရသည်၏အဖြစ်ကို ပြပါသည်။

**မေး။** ဇဝနေသွေဝ ၌ ဧဝသဒ္ဒါ၏အကျိုးကို အကြောင်းနှင့်တကွ ရေးပါ။

**ဖြေ။** လောကီဝိပါက်စိတ်တို့သည် ဆန္ဒစသည်တို့ကို ရှေ့သွားပြု၍ မဖြစ်သောကြောင့် ၎င်းလောကီဝိပါက်စိတ်တို့၌ အဓိပတိတရားတို့ မဖြစ်ဟု ပြရခြင်းအကျိုးရှိပါသည်။

**မေး။** ယထာသမ္ဘဝံ ဧကော လဗ္ဘတိ ၌ ယထာသမ္ဘဝံ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဝီမံသာဓိပတိသည် ဒွိဟိတ်ဇောတို့၌ မဖြစ်သင့်သောကြောင့်၎င်း၊ စိတ္တာဘိသင်္ခါရှပနိဿယသည် ဒွိဟိတ်ဇော, တိဟိတ်ဇောဖြစ်သင့်သည် အားလျော်စွာ ဖြစ်သောကြောင့်၎င်း၊ ရထိုက်သည်၏အဖြစ်ကို ယထာသမ္ဘဝံ ဟုဆိုပါသည်။

**မေး။** ဧကော လဗ္ဘတိ–၌ အဘယ်ကြောင့် အဓိပတိတရားတို့ကို တစ်ခုတည်းသာ ရထိုက်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ အဝိပတိနှစ်ပါး , သုံးပါး , လေးပါးရသော် အချင်းချင်းအဝိပတိသတ္တိနှင့် မယှဉ်သောကြောင့် တစ်ခုဟည်းသာရပါသည်။

မေး။ ဈာနင်(၇)ပါးရှိပါလျက် " ပဉ္စ ဈာနင်္ဂါနိ "ဟု အဘယ်ကြောင့် ဆိုရပါသနည်း။

ဖြေ။ သောမနဿ ,ဒေါမနဿ , ဥပေက္ခာတို့ကို ဝေဒနာ၏အစွမ်းဖြင့် တစ်ပေါင်းတည်းယူထားသောကြောင့် ဆိုရပါသည်။

မေး။ မဂ္ဂင်(၁၂)ပါးရှိပါလျက် "မဂ္ဂင်္ဂါနိ နဝ"ဟု အဘယ်ကြောင့် ဆိုပါသနည်း။

ဖြေ။ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့ကို ဝိတက်ဝီရိယ ဧကဂ္ဂတာသဘောအားဖြင့် "သမ္မာသင်္ကပ္ပ,သမ္မာဝါယာမ,သမ္မာသမာဓိတို့နှင့် တစ်ပေါင်းတည်း ယူထားသောကြောင့် ဆိုရပါသည်။

မေး။ ဣန္ဒြေ(၂၂)ပါးရှိပါလျက် "သောဠသိန္ဒြိယဓမ္မာစ " ဟု အဘယ်ကြောင့် ဆိုရပါသနည်း။

ဖြေ။ ဝေဒနိန္ဒြေငါးပါးတို့ကို ဝေဒနာအဖြစ်ဖြင့် တူသောကြောင့်၎င်း၊ လောကုတ္တရာဣန္ဒြေသုံးပါးနှင့် ပညိန္ဒြေတို့သည် ဉာဏ်အဖြစ်ဖြင့် တူသည့်အတွက် တစ်ပေါင်းတည်းယူထားသောကြောင့်၎င်း၊ ရုပ်ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေတို့ကို သီးခြားယူထားသောကြောင့်၎င်း၊ဆိုရပါသည်။

### ဗောဓိပက္ခိယသင်္ဂဟာအဖွင့်

မေး။ သတိပဋ္ဌာန်-၌ အဘယ်ကြောင့် ပဋ္ဌာနဟုခေါ်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ အသုဘအခြင်းအရာကို ယူခြင်းစသည်တို့၏အစွမ်းအားဖြင့် ကာယစသောအာရုံ၌ သက်ဝင်၍ တည်တတ်, ဖြစ်တတ်သောကြောင့်"ပဋ္ဌာန" ဟုခေါ်ပါသည်။

မေး။ အဘယ်ကြောင့် သတိပဋ္ဌာန်တရားလေးပါး ဟောရပါသနည်း။

ဖြေ။ ကာယ,ဝေဒနာ,စိတ္တ,ဓမ္မတို့၌ အသုဘ , ဒုက္ခ , အနိစ္စ ,အနတ္တဟူသောအခြင်းအရာကို ယူခြင်း၏အစွမ်းဖြင့်၄င်း၊ သုဘသညာ, သုခသညာ,နိစ္စသညာ, အတ္တသညာဟူသော ဝိပ္ပလ္လာသလေးပါးတို့ကို ပယ်ခြင်း၏အစွမ်းဖြင့်၄င်း၊ လေးပါးအပြားရှိသောကြောင့် သတိပဋ္ဌာန် (၄)ပါး ဟောရပါသည်။

မေး။ ကာယာနုပဿနာ၌ ကာယ၏အဓိပ္ပါယ်နှင့် အရကို ရေးခဲ့ပါ။

ဖြေ။ စက်ဆုပ်အပ်သော ဆံစသည်တို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယ မည်ပါသည်။ ကာယအရ= စန္ဓာကိုယ်အတ္တဘောရ၏၊
(တနည်း)ထွက်သက်ဝင်သက်တို့၏အပေါင်းကိုရ၏

မေး။ ဝေဒနာနုပဿနာ၌ ဝေဒနာအပြားကို ရေးခဲ့ပါ။

ဖြေ။ (၁)ဒုက္ခဒုက္ခဝေဒနာ (၂)ဝိပရိဏာမဒုက္ခဝေဒနာ (၃)သင်္ခါရဒုက္ခဝေဒနာဟု သုံးမျိုးရှိပါသည်။

မေး။ စိတ္တာနုပဿနာ၌ စိတ္တအရ သိသာရုံမျှ ရေးခဲ့ပါ။

ဖြေ။ သရာဂစိတ်, ဝီတရာဂစိတ်၊ သဒေါသစိတ်, ဝီတဒေါသစိတ်၊ သမောဟစိတ်,ဝီတမောဟစိတ်၊ သံခိတ္တစိတ်,ဝိက္ခိတ္တစိတ်၊ မဟဂ္ဂတစိတ် အမဟဂ္ဂတစိတ် ၊ သဥတ္တရစိတ်, အနုတ္တရစိတ် စသည်ကို ရပါသည်။

http://www.dhammadownload.com



**မေး။** ဓမ္မာနုပဿနာ၌ ဓမ္မအရ သိသာရုံရေးခဲ့ပါ။

**ဖြေ။** သညာနှင့် သင်္ခါရတို့ကို ရပါသည်။

**မေး။** သတိပဋ္ဌာန်လေးပါးတို့၏ အဓိပ္ပါယ်အသီးသီးကို ရေးပါ။

**ဖြေ။** (၁)အဋ္ဌိဘောတည်းဟူသော ကာယ, ထွက်သက်ဝင်သက်အပေါင်း ဟူသောကာယကို ပရိကမ်၏အစွမ်းဖြင့်၄င်း၊ ဝိပဿနာ၏အစွမ်းဖြင့်၄င်း၊ အဖန်တလဲလဲအောင့်မေ့ခြင်း, အမှတ်ရခြင်းကို ကာယာနုပဿနာ ဟုခေါ်ပါသည်။

(၂)ဒုက္ခဒုက္ခ,ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခဟူသော ဝေဒနာတို့၏အစွမ်းဖြင့် အဖန်တလဲလဲအောင့်မေ့ခြင်း, အမှတ်ရခြင်းကို ဝေဒနာနုပဿနာ ဟုခေါ်ပါသည်။

(၃)သရာဂစိတ်စသည်တို့၏အစွမ်းဖြင့် သမ္ပယောဂအပြား, ဘုံအပြားအားဖြင့် ပြားသောစိတ်ကို အဖန်တလဲလဲ အောင့်မေ့ခြင်း, အမှတ်ရခြင်းကို စိတ္တာနုပဿနာဟုခေါ်ပါသည်။

(၄)ပြားသောလက္ခဏာရှိကုန်သော သညာ,သင်္ခါရတို့ကို အဖန်တလဲလဲအောင့်မေ့ခြင်း, အမှတ်ရခြင်းကို ဓမ္မာနုပဿနာဟုခေါ်ပါသည်။

**မေး။** ကာယာနုပဿနာစသည်၌ အဘယ်ကို အနုပဿနာဟုခေါ်ပါသနည်း။

**ဖြေ။** ကာယစသည်တို့ကို ပရိကမ်၏အစွမ်းဖြင့်၄င်း, ဝိပဿနာ၏အစွမ်းဖြင့်၄င်း၊အမှတ်ရခြင်း,အောင့်မေ့ခြင်းကို"အနုပဿနာ"ဟုခေါ်ပါသည်

**မေး။** သမ္မပ္ပဓာန်၏အဓိပ္ပါယ်နှင့် အရကို ရေးခဲ့ပါ။

**ဖြေ။** ကောင်းစွာအားထုတ်ကြောင်းဖြစ်သောကြောင့် သမ္မပ္ပဓာန်ဟု ခေါ်ပါသည်။ အရကား= ဝီရိယကို ရပါသည်။

http://www.dhammadownload.com



**မေး။** သမ္မပ္ပဓာန်လေးမျိုးပြားရခြင်း အကြောင်းကို ရေးပါ။

**ဖြေ။** မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်အောင်အားထုတ်ခြင်း စသောကိစ္စလေးမျိုးပြားသောကြောင့် သမ္မပ္ပဓာန်လေးမျိုးပြားရပါသည်။

**မေး။** ဝါယာမောအရ အားထုတ်ပုံ , လုလ္လပြုပုံကို ရေးခဲ့ပါ။

**ဖြေ။** အသုဘဟုနှစ်လုံးသွင်းခြင်းဟူသော ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း စသည်တို့၏အစွမ်းဖြင့် လုလ္လပြုခြင်းကို ဝါယာမဟုခေါ်ပါသည်။

**မေး။** ဣဒ္ဓိပါဒါ–၌ ဣဒ္ဓိ၏အဓိပ္ပါယ်နှင့် အရကိုင်ငံး၊ ဣဒ္ဓိပါဒ၏အဓိပ္ပါယ် နှင့် အရကိုင်ငံး၊ အသီးသီးရေးခဲ့ပါ။

**ဖြေ။** သတ , သဟာသဓသော အဓိဋ္ဌာန်ခြင်းစသည် ပြည့်စုံကြောင်းဖြစ်သောကြောင့် ဣဒ္ဓိဟုခေါ်ပါသည်။ အရကား ဣဒ္ဓိဝိဓအဘိညာဉ်ကို ရ၏၊ ဣဒ္ဓိဝိဓအဘိညာဉ်ကို ရကြောင်းဖြစ်သောကြောင့် ဣဒ္ဓိပါဒဟု ခေါ်ပါသည်။ အရကား= ဆန္ဒ , ဝီရိယ , စိတ္တ , ဝီမံသ ကိုရပါသည်။

**မေး။** ဗောဇ္ဈင်္ဂါ–၌ ဗောဓိ၏အဓိပ္ပါယ်ကို အရကောက်များနှင့်တကွ အသီးသီးရေးခဲ့ပါ။

**ဖြေ။** (က) သိတတ်သောကြောင့် ဗောဓိဟုခေါ်ပါသည်။

အရကား=အာရဒ္ဓဝိပဿကမှစ၍ ယောဂီပုဂ္ဂိုလ်ရ၏။

(ခ)သစ္စာလေးပါးတို့ကို ထိုးထွင်း၍ သိကြောင်းဖြစ်သောကြောင့် ဗောဓိဟုခေါ်ပါသည်။ အရကား= သတိစသော ညီညွတ်သောတရားအပေါင်း ရ၏။

(ဂ)ကိလေသာဟူသော အိပ်ပျော်ခြင်းမှ နိုးကြောင်းဖြစ်သောကြောင့် ဗောဓိဟုခေါ်ပါသည်။ အရကား=သတိစသော ညီညွတ်သောတရား

http://www.dhammadownload.com



အပေါင်းရ၏။

(ဃ)ကိလေသာတို့ကြောင့် တွန့်တိုခြင်းမရှိ မဂ်ဖိုလ်သို့ ရောက်ခြင်းဖြင့် ပွင့်ကြောင်းဖြစ်သောကြောင့် ဗောဓိမည်၏။

အရကား=သတိစသောတရားအပေါင်းရ၏။

**မေး။** အဘယ်ကြောင့် ဗောဇ္ဈင်ဟုခေါ်ပါသနည်း။

**ဖြေ။** သစ္စာလေးပါးကို ထိုးထွင်း၍သိတတ်သော ယောဂီပုဂ္ဂိုလ်၏ အကြောင်း ဖြစ်သောကြောင့် ဗောဇ္ဈင်ဟုခေါ်ပါသည်။

(တနည်း)သတိစသော ညီညွတ်သောတရားဟူသော ဗောဓိ၏အစိတ် ဖြစ်သောကြောင့် ဗောဇ္ဈင်ဟုခေါ်ပါသည်။

**မေး။** အဘယ်တရားကို အဘယ်ကြောင့် ဓမ္မဝိစယဟုခေါ်ပါသနည်း။

**ဖြေ။** သစ္စာလေးပါးတရားတို့ကို(ဝါ)အနိစ္စစသောတရားတို့ကို စူးစမ်းဆင်ခြင်တတ်သောကြောင့် ဝိပဿနာပညာကို ဓမ္မဝိစယဟု ခေါ်ပါသည်။

ဥပေက္ခာသမ္ဗောဇ္ဈင်အရ ဤ၌ တတြမဇ္ဈတ္တုပေက္ခာကိုရ၏။

**မေး။** လောကုတ္တရာစိတ်အားလုံး၌ ရနိုင်သော ဗောဓိပက္ခိယတရား/ မရနိုင်သောတရားတို့ကို အကြောင်းပြ၍ ရေးပါ။

**ဖြေ။** ဝိတက်သည် ဒုတိယဈာန်၌ မယှဉ်သောကြောင့်၄င်း၊ ပီတိသည် စတုတ္ထဈာန်,ပဉ္စမဈာန်တို့၌ မယှဉ်သောကြောင့်၄င်း၊ ဝိတက်, ပီတိကြဉ်၍ ကြွင်းသော ဗောဓိပက္ခိယတရား(၃၅)ပါးတို့ကို လောကုတ္တရာစိတ်အားလုံးတို့၌ ရနိုင်ပါသည်။

ဝိတက်နှင့် ပီတိတို့ကိုကား လောကုတ္တရာစိတ်အားလုံး၌ မရနိုင်ပါ။အချို့စိတ်၌သာ ရပါသည်။

*ဗောဓိပက္ခိယသင်္ဂဟအဖွင့်ပြီး၏*

http://www.dhammadownload.com



## သဗ္ဗသင်္ဂဟ အဖွင့်

**မေး။** အဘယ်ကြောင့် ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသောအပြားတို့ဖြင့် ပြားကုန်သော ထိုထိုသဘောတူသောတရားတို့ကို တစ်ပေါင်းတည်းစုပေါင်းခြင်းဟူသော အနက်သဘောကြောင့် ခန္ဓာဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ခန္ဓာတို့ကို ငါးပါးသာ ဟောရပါသနည်း။

**ဖြေ။** ရူပက္ခန္ဓာစသောတရားတို့၏ ခွက်စသည်နှင့်တူသောအားဖြင့် အလိုရှိအပ်သောအနက် ပြီးပြည့်စုံသောကြောင့် ခန္ဓာငါးပါးသာ ဟောရ၏။

**မေး။** ခန္ဓာငါးပါးတို့၏ ဥပမာကို အသီးသီးအကြောင်းနှင့်တကွ ရေးခဲ့ပါ။

**ဖြေ။** ရူပက္ခန္ဓာသည် ဝေဒနာ၏မှီရာဖြစ်သောကြောင့် စားခွက်နှင့်တူ၏၊ ဝေဒနက္ခန္ဓာသည် ဝိညာဏ်သည် ခံစားအပ်သောကြောင့် ဘောဇဉ်နှင့်တူ၏။

သညာက္ခန္ဓာသည် ဝေဒနာ၏ သာယာခံစားခြင်းကို ရကြောင်းဖြစ်သောကြောင့် ဟင်းလျာနှင့်တူ၏။

သင်္ခါရက္ခန္ဓာသည် ပြုပြင်စီရင်တတ်သောကြောင့် စားမိုသည်နှင့်တူ၏။

ဝိညာဏက္ခန္ဓာသည် ဝေဒနာဟူသော ဘောဇဉ်ကိုစားတတ်သောကြောင့် စားတတ်သောသူနှင့်တူ၏။

**မေး။** ခန္ဓာငါးပါး ရှေ့နောက်စီစဉ် ဟောထားပုံကို ရှင်းပြပါ။

**ဖြေ။** ရူပက္ခန္ဓာသည် ဟင်းလျာထည့်စရာခွက်နှင့် တူသောကြောင့် ရှေးဦးစွာ ဟောပါသည်။

http://www.dhammadownload.com



ဝေဒနက္ခန္ဓာသည် စားဘွယ်နှင့်တူ၏၊ သညာက္ခန္ဓာသည် ဟင်းလျာနှင့်တူ၏။ ထို့ကြောင့် ခွက်နှင့်တူသော ရူပက္ခန္ဓာ၏အခြားမဲ့၌ ဝေဒနက္ခန္ဓာကိုငှင်း , သညာက္ခန္ဓာကိုငှင်း ဟောရပါသည်။

သင်္ခါရက္ခန္ဓာသည် ဟင်းလျာကိုချက်တတ်သော စားဖိုသည်နှင့်တူရကား သညာက္ခန္ဓာ၏အခြားမဲ့၌ သင်္ခါရက္ခန္ဓာကို ဟောရပါသည်။

ဝိညာဏက္ခန္ဓာသည် စားသူနှင့်တူသောကြောင့် နောက်ဆုံးထား၍ ဟောပါသည်။

**မေး။** အဘယ်တရားမျိုးကို ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသနည်း။

**ဖြေ။** ဥပါဒါန်၏အာရုံဖြစ်သော ခန္ဓာတို့ကို ဥပါဒါနက္ခန္ဓာဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ဥပါဒါနက္ခန္ဓာတို့ကို ငါးပါးသာ ဟောရပါသနည်း။

**ဖြေ။** ဥပါဒါန်၏အာရုံအဖြစ်ဖြင့် ယူအပ်ကုန်သော ရုပ်စသည်တို့သည် ငါးပါးသာလျှင်ရှိသောကြောင့် ဥပါဒါနက္ခန္ဓာတို့ကို ငါးပါးသာ ဟောရပါသည်။

**မေး။** ခန္ဓာ နှင့် ဥပါဒါနက္ခန္ဓာတို့၏ ထူးခြားပုံကို ရေးပါ။

**ဖြေ။** အလုံးစုံသော သဘာဝဓမ္မတို့ကို ပေါင်းယူခြင်းအကျိုးငှါ သာသဝတရား , အနာသဝတရားတို့ကို သာမညအားဖြင့် ခန္ဓာ၌ ဟောပါသည်။ ဝိပဿနာဘူမိဖြစ်သောတရားတို့ကို ပြခြင်းအကျိုးငှါ သာသဝတရားတို့ကိုသာလျှင် ဥပါဒါနက္ခန္ဓာ၌ ဟောပါသည်။ ဤသို့ထူးပါသည်။

**မေး။** ကေဝလ ကာမာဝစရဖြစ်သော ရုပ်တရားတို့ကို ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာ နှစ်မျိုးလုံး၌ အဘယ်သို့ ဟောပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ရုပ်ပွားသဘောအားဖြင့် တူသောအဘို့ရှိသော ရုပ်တရားတို့၏အစု (သဘာဂရာသိ)အစွမ်းဖြင့် ခန္ဓာ၌ဟောပါသည်။

ဥပါဒါန်တို့၏ အစီးအပွါးအဖြစ်ဖြင့်၄င်း၊ အစု၏အစွမ်းဖြင့်၄င်း၊ ဥပါဒါနက္ခန္ဓာတို့၌ ဟောပါသည်။

**မေး။** အာယတန၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** (၁)ထိုထို့ဒွါရ,အာရုံ၌ဖြစ်သော စိတ်စေတသိက်တို့သည် ထိုထိုကိစ္စဖြင့် အားထုတ်ရာဖြစ်သောကြောင့် အာယတနမည်ပါသည်။

(၂)စိတ်စေတသိက်တရားတို့ကို ချဲ့တတ်သောကြောင့် အာယတနမည်၏

(၃)ရှည်လျားစွာသော သံသရာဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အာယ တနမည်ပါသည်။

(၄)စက္ခုဝိညာဏ်စသည်တို့၏ အကြောင်းဖြစ်သောကြောင့် အာယတန မည်ပါသည်။

**မေး။** အာယတန(၁၂)ပါး ဟောပုံအစဉ်ကို ရေးခဲ့ပါ။

**ဖြေ။** (က)အဇ္ဈတ္တိကာယတန(၆)ပါးတို့တွင် သနိဒဿန,သပ္ပဋိဃလျှင်အာရုံရှိသည်ဖြစ်၍ ထင်ရှားသောကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟောပါသည်။

(ခ)အနိဒဿန,သပ္ပဋိဃအာရုံရှိကုန်သောကြောင့် စက္ခာယတန၏ အခြားမဲ့၌ သောတာယတနစသည်ကို ဟောပါသည်။

(ဂ)ထိုတွင် အသမ္ပတ္တဂ္ဂါဟကအဖြစ်ဖြင့် စက္ခာယတနနှင့်တူသောကြောင့် စက္ခု၏အခြားမဲ့၌ သောတကို ဟောပါသည်။

(ဃ)ဃာန,ဇိဝှါ,ကာယတို့တွင် အာရုံကိုလျှင်စွာယူခြင်းငှါ စွမ်းနိုင်သောကြောင့် ဃာနာယတနကို ရှေးဦးစွာ ဟောတော်မူပါသည်။

http://www.dhammadownload.com



(င)ကိုယ်၏အစိတ်၌ ဖြစ်ခြင်းအားဖြင့် တူသောကြောင့် ဃာန၏ အခြားမဲ့၌ ဇိဝှါယတနကို ဟောပါသည်။

(စ)အလုံးစုံသောကိုယ်အရပ်၌တည်သော ကာယာယတနကို အရှုတ္တိ ကာယတနချင်း တူသောကြောင့် ဇိဝှါယတန၏ အခြားမဲ့၌ ကာယာ ယတနကို ဟောရပါသည်။

(ဆ)အရှုတ္တိကာယတနငါးပါးတို့၏ အာရုံကိုယူခြင်းငှါ စွမ်းနိုင်သော ကြောင့် အရှုတ္တိကာယတနတို့၏အခြားမဲ့၌ မနာယတနကို ဟော ပါသည်။

(ဇ)အရှုတ္တိကာယတန(၆)ပါးတို့၏ အစဉ်အားလျော်သောအားဖြင့် ထိုအရှုတ္တိကာယတနတို့၏ အာရုံဖြစ်သော ဗာဟိရာယတနတို့ကို ဟောပါသည်။

**မေး။** တတ်တို့၏ အစီပွါယ်ကို ရေးခဲ့ပါ။

**ဖြေ။** မိမိ၏သဘောကိုဆောင်တတ်သောကြောင့် ဓာတ်မည်၏။

(တနည်း) ဖြစ်သင့်သည်အားလျော်စွာ များပြားသော သံသရာဆင်းရဲကို စီရင်တတ်သောကြောင့် ဓာတ်မည်၏။

(တနည်း)ဝန်ထမ်းသမားတို့သည် ဝန်ကိုဆောင်ကုန်သကဲ့သို့ သတ္တဝါတို့ သည် ဆောင်အပ်သောကြောင့် ဓာတ်မည်၏။

(တနည်း)သတ္တဝါတို့သည် သံသရာဆင်းရဲကို အဖန်တလဲလဲ ပြုပြင်စီ ရင် ကြောင်းဖြစ်သောကြောင့် ဓာတ်မည်၏။

(တနည်း)အကြောင်း၏အဖြစ်ဖြင့် ပြုအပ်,စီရင်အပ်သော သံသရာ ဆင်းရဲ၏ ထားရာဖြစ်သောကြောင့် ဓာတ်မည်၏။

(တနည်း)အကြော,အသွေးစသောကိုယ်၏ အစိတ်ဓာတ်ကဲ့သို့၄င်း၊ ဆေးဒါန်း,မြင်းသီလာစသော ကျောက်၏အစိတ်ဓာတ်ကဲ့သို့၄င်း၊

http://www.dhammadownload.com



သိအပ်သောတရားအပေါင်း၏ အစိတ်ဖြစ်သောကြောင့် ဓာတ်မည်၏။

**မေး။** အရိယာသစ္စာ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အရိယာ၏အဖြစ်ကိုပြုတတ်ကုန်သော မှန်ကန်သောသစ္စာဖြစ်သောကြောင့် အရိယာသစ္စာဟု ခေါ်ပါသည်။

(တနည်း)အရိယာတို့သည် ထိုးထွင်း၍သိအပ်သည့်အတွက် အရိယာတို့၏ သစ္စာဖြစ်သောကြောင့် အရိယာသစ္စာမည်၏။

(တနည်း)အရိယာမည်သော ဘုရားရှင်သည် ဟောအပ်သည့်အတွက် ဘုရားရှင်၏ သစ္စာဖြစ်သောကြောင့် အရိယာသစ္စာမည်ပါသည်။

**မေး။** သစ္စာလေးပါးတို့သည် အဘယ်ကြောင့် အရိယာဖြစ်အောင် ပြုနိုင်ပါသနည်း။

**ဖြေ။** သစ္စာလေးပါးကို ထိုးထွင်း၍မသိလျှင် အရိယာမဖြစ်နိုင်၊ သစ္စာလေးပါးကို ထိုးထွင်း၍သိမှသာ စင်စစ်အားဖြင့် အရိယာဖြစ်နိုင်သောကြောင့် သစ္စာလေးပါးတို့သည် အရိယာဖြစ်အောင် ပြုနိုင်ပါသည်။

**မေး။** သစ္စာလေးပါးတို့၏ မှန်ကန်ပုံကို ရေးခဲ့ပါ။

**ဖြေ။** **ဒုက္ခသစ္စာသည်** နှိပ်စက်တတ်သော ဗာဓကလက္ခဏာရှိ၏၊ ယင်း ဗာဓကလက္ခဏာမှ အဗာဓကလက္ခဏာသို့ ပြောင်းလဲခြင်းသဘော မရှိ။

**သမုဒယသစ္စာသည်** ဒုက္ခ၏ဖြစ်ကြောင်း ပဘဝလက္ခဏာရှိ၏၊ ယင်း ပဘဝလက္ခဏာမှ အပဘဝလက္ခဏာသဘောသို့ ပြောင်းလဲခြင်း မရှိ။

**နိရောဓသစ္စာသည်** ဒုက္ခမှလွတ်မြောက်ရာ နိဿရဏသဘောလက္ခဏာရှိ၏၊ ယင်း နိဿရဏသဘောလက္ခဏာမှ အနိဿရဏသဘောသို့ ပြောင်းလဲခြင်း မရှိ။

http://www.dhammadownload.com



မဂ္ဂသစ္စာသည် သံသရာမှထွက်မြောက်ကြောင်း နိယျာနိကသဘောလက္ခဏာရှိ၏၊ ယင်းနိယျာနိကသဘောလက္ခဏာမှ အနိယျာနိကသဘောလက္ခဏာသို့ ပြောင်းလဲခြင်းမရှိပါ။ ဤသို့မှန်ကန်ပါသည်။

**မေး။** သစ္စာတရားတို့သည် အဘယ်၏အစွမ်းဖြင့် လေးမျိုးပြားပါသနည်း။

**ဖြေ။** သံကိလိဋ္ဌသစ္စာနှစ်ပါး၊ အသံကိလိဋ္ဌသစ္စာနှစ်ပါးတို့၏ အစွမ်းဖြင့်၄င်း၊ အကျိုးသစ္စာနှစ်ပါး,အကြောင်းသစ္စာနှစ်ပါးတို့၏အစွမ်းဖြင့်၄င်း၊ လေးမျိုးပြားရပါသည်။

**မေး။** အဘယ်ကြောင့် ဒုက္ခဟုခေါ်ပါသနည်း။

**ဖြေ။** စက်ဆုပ်အပ်သောကြောင့်၄င်း၊ အချီးနှီးဖြစ်သောကြောင့်၄င်း၊ ဒုက္ခဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် သမုဒယဟု ခေါ်ပါသနည်း။

**ဖြေ။** ကံစသောအကြောင်းနှင့်ယှဉ်သော ဒုက္ခဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့် သမုဒယဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ဒုက္ခနိရောဓဟု ခေါ်ပါသနည်း။

**ဖြေ။** ဒုက္ခ၏ချုပ်ရာ ချုပ်ငြိမ်းကြောင်းဖြစ်သောကြောင့် ဒုက္ခနိရောဓဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ ခေါ်ပါသနည်း။

**ဖြေ။** ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် ဖြစ်သောကြောင့်

http://www.dhammadownload.com



ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု ခေါ်ပါသည်။

**မေး။** စေတသိက်(၅၂)ပါးတို့တွင် ဝေဒနာနှင့်သညာကို အဘယ်ကြောင့် သီးခြား ခန္ဓာဖွဲ့ ရပါသနည်း။

**ဖြေ။** ဝဋ်တရားတို့၌ သာယာတတ်သောကြောင့်၄င်း၊ ထိုသာယာတတ်သော ဝေဒနာအား ကျေးဇူးပြုတတ်သောကြောင့်၄င်း၊ သံသရာ၏ ပဓာန အကြောင်းဖြစ်သည့်အတွက် သီးခြားခွဲ၍ ခန္ဓာဖွဲ့ ရပါသည်။

**မေး။** သညာ၏ ဝေဒနာအား ကျေးဇူးပြုပုံကို ရေးခဲ့ပါ။

**ဖြေ။** အသုဘတရား၌ သုဘစသော သညာဝိပ္ပလ္လာသ၏အစွမ်းအားဖြင့် ဝေဒနာ၏ သာယာခံစားမှုဖြစ်ခြင်းကို ကျေးဇူးပြုသည်ဟုခေါ်ပါသည်။

**မေး။** တေဘူမကံ ဝဋ္ဋ ၌ အဘယ်ကြောင့် ဝဋ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ကံတရား, ကံ၏အကျိုးတရားများ ဖြစ်ရာဖြစ်သောကြောင့် ဝဋ်ဟု ခေါ်ပါသည်။

**မေး။** တဏှာ သမုဒယော ဘဝေ ၌ တဏှာအပြားကို ရေတွက်ပြပါ။

**ဖြေ။** ကာမတဏှာ,ဘဝတဏှာ, ဝိဘဝတဏှာဟူသော တဏှာသုံးပါးကို အာရုံ(၆)ပါးနှင့်မြှောက်၍(၃×၆) ၁၈ပါး ဖြစ်၏၊ တစ်ဖန် ကာလ သုံးပါးနှင့်မြှောက်လျှင် (၁၈×၃) ၅၄ပါး ဖြစ်၏၊ အဇ္ဈတ္တ,ဗဟိဒ္ဓသန္တာန် နှစ်ပါးနှင့်မြှောက်၍ (၅၄×၂) တဏှာအပြား ၁၀၈ပါးဖြစ်ပါသည်။

***(ဆောင်)*** တဏှာသုံးတန် အရင်းခံ၊ အာ , ကာ , သန်နှင့်မြှောက်၊
တဏှာအစစ် တစ်ရာ့ရှစ်၊ ဖြစ်၏ကိုယ်မှာရောက်။

**မေး။** ဒုက္ခ၏အကြောင်းဖြစ်ကုန်သော အခြားသော ကိလေသာများလည်း

http://www.dhammadownload.com



ရှိပါလျက် တဏှာကိုသာ အဘယ်ကြောင့် သမုဒယဟုခေါ်ပါသနည်း။

**ဖြေ။** ပြဓာန်းသော(ပဓာန)အကြောင်းဖြစ်သောကြောင့် တဏှာကို သမုဒယ ဟုခေါ်ပါသည်။

**မေး။** တဏှာသည် အဘယ်ကြောင့် ဒုက္ခ၏ ပဓာန(ဝိသေသ)အကြောင်း ဖြစ်ရပါသနည်း။

**ဖြေ။** ကံ၏ဆန်းကြယ်မှု အကြောင်း၏အဖြစ်ဖြင့်၎င်း၊ ကံ၏အပေါ်အ ဖြစ်သို့ ကပ်ရောက်ခြင်းဖြင့်၎င်း၊ ဒုက္ခဆန်းကြယ်မှု၏ အကြောင်းဖြစ် သောကြောင့် တဏှာသည် ဒုက္ခ၏ ပဓာန(ဝိသေသ)အကြောင်းဖြစ်ရ ပါသည်။

**မေး။** သစ္စာဝိမုတ်တရားတို့ကို သစ္စာလေးပါး၌ ပရိယာယ်အားဖြင့် သွင်း ပြပါ။

**ဖြေ။** မဂ္ဂင် မဂ္ဂပရိယာပန္န ဟုဟောတော်မူသောကြောင့် ဗိုလ်စိတ္တုပ္ပါဒ် (၃၇)ခုတို့တွင် ပညာ,ဝိတက်,ဝိရတီသုံးခု,ဝိရိယ,သတိ,ဧကဂ္ဂတာ ဟူ သော ဗိုလ်အင်္ဂါရှစ်ပါးတို့ကို မဂ္ဂသစ္စာ၌ သွင်းယူရပါသည်။
ကြွင်းသော ဗိုလ်စိတ္တုပ္ပါဒ်(၂၉)ခု,မဂ်စိတ္တုပ္ပါဒ်(၂၉)ခုတို့ကို သင်္ခါရဒုက္ခ နှင့်တူသည်၏အဖြစ်ကြောင့် ဒုက္ခသစ္စာ၌သွင်းယူရပါသည်။

**မေး။** သစ္စာဝိမုတ်တရားတို့ကို သစ္စာလေးပါး၌ သွင်းယူရခြင်း၏ အကျိုး ကို ရေးခဲ့ပါ။

**ဖြေ။** သစ္စာဝိမုတ်တရားတို့ကို သစ္စာလေးပါး၌ သွင်းယူခဲ့သော် သစ္စာဒေ သနာတော်၌ အလုံးစုံသောတရားတို့ကို ပေါင်းယူအပ်သည်ဖြစ်၍ ပြည့်စုံခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



**မေး။** ခန္ဓာ, အာယတနစသော များစွာသောတရားတို့ကို အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** မြတ်စွာဘုရားသည် ခန္ဓာ,အာယတနစသော များစွာသောတရားတို့ကို ဟောတော်မူသောကြောင့် များစွာဆိုရပါသည်။

**မေး။** ဘုရားရှင်သည်လည်း ခန္ဓာ,အာယတနစသော များစွာသောတရားတို့ကို အဘယ်ကြောင့် ဟောရပါသနည်း။

**ဖြေ။** သုံးမျိုး သုံးစားပြားသော သတ္တဝါတို့ကို ချီးမြှောက်တော်မူလိုသောကြောင့် များစွာဟောရပါသည်။

**မေး။** ခန္ဓာဒေသနာ စသည်အားဖြင့် ပြားသောပုဂ္ဂိုလ် သုံးမျိုးသုံးစားကို ရေးခဲ့ပါ။

**ဖြေ။** (၁)နာမသမ္မူဠ္ဍပုဂ္ဂိုလ်၊ (၂)ရူပသမ္မူဠ္ဍပုဂ္ဂိုလ်၊ (၃)နာမ,ရူပသမ္မူဠ္ဍပုဂ္ဂိုလ်ဟု သုံးမျိုးရှိပါသည်။

***(တနည်း)*** (၁)တိက္ခိန္ဒြိယပုဂ္ဂိုလ်၊ (၂)နာတိတိက္ခိန္ဒြိယပုဂ္ဂိုလ် (၃)မုဒိန္ဒြိယပုဂ္ဂိုလ်ဟု သုံးမျိုးရှိပါသည်။

***(တနည်း)*** (၁)သံခိတ္တရုစိပုဂ္ဂိုလ်၊ (၂) မဇ္ဈိမရုစိပုဂ္ဂိုလ်၊ (၃) ဝိတ္ထာရရုစိပုဂ္ဂိုလ်ဟု သုံးမျိုးရှိပါသည်။

**မေး။** ပုဂ္ဂိုလ်သုံးမျိုး သုံးစားကို ချီးမြှောက်၍ ခန္ဓာ, အာယတနစသည် ဟောပုံကို အသီးသီးခွဲခြား၍ ရေးခဲ့ပါ။

**ဖြေ။** (၁)ခန္ဓာငါးပါး၌ နာမ်တရားများကို လေးမျိုးခွဲ၍ ဝေဘန်အပ်သောကြောင့် နာမ်တရား၌ တွေဝေသော နာမသမ္မူဠ္ဍပုဂ္ဂိုလ်တို့အား၄င်း၊

http://www.dhammadownload.com



ဏ္ဍနြေရင့်ကျက်သော တိက္ခိန္ဒြိယပုဂ္ဂိုလ်တို့အားငှင်း၊ ဒေသနာတော် အကျဉ်းကို နှစ်သက်သော သံခိတ္တရုစိပုဂ္ဂိုလ်တို့အားငှင်း၊ ချီးမြှောက်လို၍ ခန္ဓာငါးပါးကို ဟောပါသည်။

(၂)အာယတန(၁၂)ပါး၌ ရုပ်တရားများကို အခွဲနှင့်တကွ (၁၁)ပါး အပြားအားဖြင့် ဝေဘန်အပ်သောကြောင့် ရူပသမ္မူဠ္ဟပုဂ္ဂိုလ်, နာတိ တိက္ခိန္ဒြိယပုဂ္ဂိုလ်, မဇ္ဈိမရုစိပုဂ္ဂိုလ်တို့အား ချီးမြှောက်လို၍ အာယတန (၁၂)ပါးကို ဟော၏၊

(၃)ဓာတ်(၁၈)ပါး၌ နာမ်,ရုပ်တို့ကို အကျယ်အားဖြင့် ဝေဘန်အပ် သောကြောင့် နာမ,ရူပသမ္မူဠ္ဟပုဂ္ဂိုလ်,မုဒိန္ဒြိယပုဂ္ဂိုလ် ,ဝိတ္ထာရရုစိပုဂ္ဂိုလ် တို့အား ချီးမြှောက်လို၍ ဓာတ်(၁၈)ပါးကို ဟောပါသည်။

**မေး။** ခန္ဓာ , အာယတန,ဓာတ်တို့၏အခြားမဲ့၌ သစ္စာလေးပါးကို ဟောရ ခြင်း၏ အကြောင်းကို ရေးပါ။

**ဖြေ။** ခန္ဓာစသည်တို့၏ဖြစ်ပုံဟူသော ပဝတ္တိသစ္စာ, ခန္ဓာစသည်တို့၏ဖြစ် ကြောင်းဟူသော ပဝတ္တိဟေတုသစ္စာ , ခန္ဓာစသည်တို့၏ ဆုတ်နစ်ရာဟူ သော နိဝတ္တိသစ္စာ, ဆုတ်နစ်ခြင်း၏ အကြောင်းဖြစ်သော နိဝတ္တိဟေတု သစ္စာတို့၏အစွမ်းအားဖြင့် ခန္ဓာ,အာယတန , ဓာတ်တို့ကို မြင်မှသာလျှင် အကျိုးစီးပွါးကို ဆောင်နိုင်သောကြောင့် ခန္ဓာ,အာယတန,ဓာတ်တို့၏ အခြားမဲ့၌ သစ္စာလေးပါးကို ဟောရပါသည်။

<u>သမုစ္စည်းပိုင်း အဖွင့်ပြီး၏</u>

http://www.dhammadownload.com



## ပစ္စည်းပိုင်း * အဖွင့်

**မေး။** ပစ္စည်းတရား ,ပစ္စယုပ္ပန်တရားတို့၏အရ ယူသင့်သောတရားတို့ကို ကောက်ပြပါ။

**ဖြေ။** ယေသံ သခ်ာတဓမ္မာနံ–ဟူသော သင်္ဂဟစကားကိုထောက်၍ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင်အပ်သော သင်္ခတတရားများကို ပစ္စယုပ္ပန်အရ ယူရမည်ဖြစ်သောကြောင့် အကြောင်းကင်းသော နိဗ္ဗာန်နှင့်ပညတ်မှတစ်ပါး စိတ်,စေတသိက်,ရုပ်တရားတို့ကို ပစ္စယုပ္ပန်အရ ယူသင့်ပါ သည်။

ယေဓမ္မာဟူသောသင်္ဂဟပါဠိကိုထောက်၍ သခ်ာတ ,အသင်္ခတတရားအားလုံးကို ပစ္စည်းအရ ယူရမည်ဖြစ်သောကြောင့် စိတ်,စေတသိက်, ရုပ်နိဗ္ဗာန် ,ပညတ်တရားတို့ကို ပစ္စည်းတရားအရ ယူသင့်ပါသည်။

**မေး။** ပစ္စယာ ယထာအရ ကျေးဇူးပြုခြင်း၏အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဖြစ်ပြီးသော ပစ္စယုပ္ပန်တရားတို့ကို တည်ခြင်းငှါ၎င်း၊ မဖြစ်သေးသော ပစ္စယုပ္ပန်တရားတို့ကို ဖြစ်စေခြင်းငှါ၎င်း၊ အထောက်အပန့်ပေးခြင်းကို ကျေးဇူးပြုသည်ဟုခေါ်ပါသည်။

***(ဆောင်)*** ဖြစ်စေ , တည်စေ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု။

**မေး။** အဘယ်ကြောင့် ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသနည်း။

**ဖြေ။** အကြောင်းတရားတို့၏ ညီညွတ်ခြင်းသို့ အညီအညွတ်ရောက်၍ အကျိုးတရားတို့၏ ဖြစ်ပေါ်ကြောင်းဖြစ်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် ပဋ္ဌာန်းဟု ခေါ်ပါသနည်း။

**ဖြေ။** အထူးထူး အပြားပြားသော အကြောင်းတရားတို့၏ တည်ရာဖြစ်သောကြောင့် ပဋ္ဌာန်းဟု ခေါ်ပါသည်။

ထိုပဋ္ဌာန်းကျမ်း၌ ဟောအပ်သောနည်းကို ပဋ္ဌာန်းနည်းဟု ခေါ်ပါသည်။

**မေး။** တဗ္ဘာဝဘာဝီ ဘာဝါကာရမတ္တောပလက္ခိတော၌ တဗ္ဘာဝ၏အဓိပ္ပါယ်နှင့် ဘာဝီဘာဝ၏ အဓိပ္ပါယ်တို့ကို ခွဲခြား၍ ရေးပါ။

**ဖြေ။** အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းသဘောကို တဗ္ဘာဝဟု ခေါ်ပါသည်။

အကြောင်းတရားကြောင့်ဖြစ်လေ့ရှိသော သင်္ခါရစသော အကျိုးတရားတို့၏ဖြစ်ခြင်းသဘောကို ဘာဝီဘာဝါကာရ ဟု ခေါ်ပါသည်။

**မေး။** တဗ္ဘာဝဘာဝီဘာဝါကာရမတ္တောပလက္ခိတော ဖြင့် သိစေအပ်သော အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ပစ္စယလက္ခဏာကို အန္ွယ,ဗျတိရေကတို့၏အစွမ်းအားဖြင့် ပြထိုက်သောကြောင့် "အဝိဇ္ဇာစသောအကြောင်းတရားများ ဖြစ်သောကြောင့် သင်္ခါရစသော အကျိုးတရားများဖြစ်၏"ဟူသော အန္ွယစကားဖြင့် အဝိဇ္ဇာစသောအကြောင်းတရားများ မဖြစ်လျှင် သင်္ခါရစသောအကျိုးတရားများ မဖြစ်နိုင်ဟူသော ဗျတိရေကစကားရပ်ကို သိနိုင်ပါသည်။

**မေး။** အာဟစ္စပစ္စယဋ္ဌိတိ၌ ပစ္စယ၏အဓိပ္ပါယ်, ဋ္ဌိတိ၏အဓိပ္ပါယ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** အကျိုးတရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် အကြောင်းတရားသည် ပစ္စယမည်၏။

http://www.dhammadownload.com



အကြောင်းတရားနှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ဖြင့် အကျိုးတရား၏ တည်ရာဖြစ်သောကြောင့် အကြောင်းတရားသည် ဌိတိမည်၏။

**မေး။** အာဟာရပစ္စယဋ္ဌိတိ၏ အဓိပ္ပါယ်ကို နာနာဝါဒနှင့်တကွ ရေးခဲ့ပါ။

**ဖြေ။** အထူးပြု၍ဖြစ်သော အကြောင်းတရားဟူသော အကျိုး၏တည်ရာသည် အာဟာရပစ္စယဋ္ဌိတိမည်၏။

*(တနည်း)*ကဗ္ဗဋ္ဌာန်,တာလုဋ္ဌာန်စသည်တို့၌ ထိခိုက်၍ရွတ်ဆိုအပ်သော အကြောင်း(ပစ္စည်း)တရားသည် အာဟာရပစ္စယဋ္ဌိတိမည်၏(ကေစိဝါဒ)

**မေး။** ပဋိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းနှစ်ပါးတို့၏ အထူးကိုရေးပါ။

**ဖြေ။** အဝိဇ္ဇာစသောအကြောင်းတရားတို့၏ ဖြစ်ခြင်းကြောင့်ဖြစ်လေ့ရှိကုန်သော သင်္ခါရစသောအကျိုးတရားတို့၏ ဖြစ်ခြင်းဟူသော အခြင်းအရာမျှဖြင့် ပစ္စယသတ္တိကိုမငဲ့ဘဲ မှတ်သားအပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

ဟေတုစသောပစ္စည်းတရားတို့၏ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုထက်သော ပစ္စယသတ္တိဟူသော အခြင်းအရာထူးကိုယူ၍ ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်းမည်၏။ ဤသို့ထူးပါသည်။

*(အကျဉ်းချုပ်မှတ်ရန်)* အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားကိုသာ ဟောပြအပ်သောနည်းသည် ပဋိစ္စသမုပ္ပါဒ်နည်းမည်၏။

အကြောင်းပစ္စည်းတရား, အကျိုးပစ္စယုပ္ပန်တရား, ပစ္စယသတ္တိ ဤသုံးမျိုးကို ဟောပြသောနည်းသည် ပဋ္ဌာန်းနည်းမည်၏။

**မေး။** ဝေါမိဿိတ္တာအရ–အဘယ်နည်းကို အဘယ်နည်း၌ အဘယ်ပုံ ရောနှော၍ ပြပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ပဋ္ဌာန်းနည်းကို ပဋိစ္စသမုပ္ပါဒ်နည်းနှင့်ထည့်၍ "အဝိဇ္ဇာစသော အကြောင်းတရားတို့၏ ဖြစ်ခြင်းဟူသောအလေ့အားဖြင့်၄င်း၊ ဟေတုစသောအကြောင်းပစ္စည်းတရားတို့၏ အစွမ်းဖြင့်၄င်း" ရောနှောပါသည်။

**မေး။** အဘယ်ကြောင့် အဝိဇ္ဇာဟု ခေါ်ပါသနည်း။

**ဖြေ။** (၁) သစ္စာလေးပါးတို့ကို မသိတတ်သောကြောင့်၄င်း၊

(၂) မရထိုက်သော ကာယဒုစရိုက်စသည်ကို ရတတ်သောကြောင့်၄င်း၊

(၃) ရထိုက်သော ကာယသုစရိုက်စသည်ကို မရတတ်သောကြောင့်၄င်း၊

(၄) သိအပ်သိထိုက်သော သစ္စာလေးပါးစသည်ကို မသိအောင်ပြုတတ်သောကြောင့်၄င်း၊

(၅) ပရမတ္ထအားဖြင့် ထင်ရှားမရှိသော မိမ္မ,ယောကျ်ားစသည်၌ သတ္တဝါတို့ကိုပြေးစေတတ်,မိမ္မယောကျ်ားဟုထင်စေတတ်သောကြောင့်၄င်း

(၆) ပရမတ္ထအားဖြင့်ထင်ရှားရှိသော ခန္ဓာစသည်၌ သတ္တဝါတို့ကို မပြေးစေတတ်, ခန္ဓာဟု မထင်စေတတ်သောကြောင့်၄င်း၊ အဝိဇ္ဇာဟု ခေါ်ပါသည်။

<u>ထိုအဝိဇ္ဇာအရ</u> =သစ္စာလေးပါးတို့၌၄င်း, ပုဗ္ဗန္တ, အပရန္တ,ပုဗ္ဗန္တာပရန္တ , ပဋိစ္စသမုပ္ပါဒ, ဤရှစ်ဌာနတို့၌ မသိတတ်သော မောဟကိုရပါသည်။

**မေး။** သင်္ခါရ၏အဓိပ္ပါယ်ကို၄င်း , အရကို၄င်း , အပြားကို၄င်း ရေးခဲ့ပါ။

**ဖြေ။** သင်္ခတတရားတို့ကို ပြုပြင်စီရင်တတ်သောကြောင့် သင်္ခါရမည်၏။ ၄င်းသင်္ခါရအရ လောကီကုသိုလ် , အကုသိုလ်စေတနာတို့ကို ရပါသည်။

သင်္ခါရသည်=ကာမာဝစရကုသိုလ်,ရူပါဝစရကုသိုလ်စေတနာ(၁၃) ပါးဟူသော ပုညာဘိသင်္ခါရ၊ အကုသိုလ်စေတနာ(၁၂)ပါး ဟူသော အပုညာဘိသင်္ခါရ၊ အရူပါဝစရကုသိုလ်စေတနာ(၄)ပါးဟူသော အာနေဥ္ဇာ

http://www.dhammadownload.com



ဘိသင်္ခါရအားဖြင့် သုံးမျိုးရှိပါသည်။

**မေး။** သင်္ခါရပစ္စယာ ဝိညာဏံ ၌ ဝိညာဏ်အရ ရေးခဲ့ပါ။

**ဖြေ။** ပဋိသန္ဓေအားဖြင့်(၁၉)ပါးသောဝိပါက်စိတ်, ပဝတ္တိအားဖြင့် လောကီဝိပါက်စိတ်(၃၂) ခု ကိုရပါသည်။

**မေး။** ဝိညာဏပစ္စယာ နာမရူပံ ၌ နာမရူပအရကို ကောက်ပြပါ။

**ဖြေ။** နာမံ–အရ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော စေတသိက်ပဥ္စတ္တိံ သ ဟူသော နာမက္ခန္ဓာသုံးပါးကို ရပါသည်။ ရူပံအရ=ကမ္မဇရုပ်ကို ရ၏။

**မေး။** နာမရူပပစ္စယာ သဠာယတနံ–၌ အာယတနအရ,သဠာယတနအရ တို့ကို ရေးပါ။

**ဖြေ။** အာယတနအရ= အဇ္ဈတ္တိကာယတန(၆)ပါးကို ရပါသည်။

*(တနည်)* မာဟိရာယတန(၆)ပါးကို ရပါသည်။

သဠာယတနအရ=ထိုအာယတန(၆)ပါးနှင့် မနာယတနတို့ကို ရပါသည်၊

**မေး။** သဠာယတနပစ္စယာ ဖဿော ၌ ဖဿအပြားကို ရေးပါ။

**ဖြေ။** စက္ခုသမ္ဖဿ , သောတသမ္ဖဿ , ဃာနသမ္ဖဿ , ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ , မနောသမ္ဖဿဟု (၆)မျိုးဖြစ်ပါသည်။

**မေး။** ဖဿပစ္စယာ ဝေဒနာ ၌ ဝေဒနာအပြားကို ရေးပါ။

**ဖြေ။** သုခဝေဒနာ, ဒုက္ခဝေဒနာ , ဥပေက္ခာဝေဒနာ ဟု သုံးမျိုးရှိပါသည်။

**မေး။** တဏှာ နှင့် ဥပါဒါန်တို့၏ အထူးကို ရေးပါ။

http://www.dhammadownload.com



**ဖြေ။** တဏှာအရ အားနည်းသောတဏှာကို ရပါသည်။
ကာမုပါဒါန်အရ အားကြီးသော တဏှာကို ရပါသည်။

(တနည်း) တဏှာအရ အမိုက်မှောင်၌ ခိုးသူတို့၏ ဥစ္စာပစ္စည်းကို ယူရန် လက်ကိုလှမ်းခြင်းကဲ့သို့ မရမရောက်သေးသောအာရုံကို လိုခြင် တောင့်တ မှုကို ရ၏
ကာမုပါဒါန်အရ= ခိုးသူ၏လက်၌ရောက်ပြီးသော ဥစ္စာပစ္စည်းကို ကိုင်ယူခြင်းကဲ့သို့ ရရောက်ပြီးသောအာရုံကို ယူခြင်း,စွဲလမ်းခြင်းကို ရ၏။

(တနည်း)တဏှာအရ=အပိစ္ဆတာဂုဏ်၏ဆန့်ကျင်ဘက် တဏှာကိုရ၏။
ကာမုပါဒါန်အရ=သန္တောသဂုဏ်၏ ဆန့်ကျင်ဘက် တဏှာကို ရ၏။
(တနည်း)တဏှာအရ=ပရိယေသနဒုက္ခ၏ အကြောင်းဖြစ်သော တဏှာ ရ၏
ကာမုပါဒါန်အရ=အာရက္ခဒုက္ခ၏အကြောင်းဖြစ်သော တဏှာရ၏။

**မေး။** ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝအပြားကို ရေးပါ။
**ဖြေ။** ဘဝသည် ကမ္မဘဝ , ဥပပတ္တိဘဝဟု နှစ်မျိုးရှိပါသည်။

**မေး။** ကမ္မဘဝ၏ အဓိပ္ပါယ်နှင့် အရ , အပြားကို ရေးခဲ့ပါ။
**ဖြေ။** ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ်ဟုသော အကျိုးတရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကမ္မဘဝဟုခေါ်ပါသည်။
၄င်းကမ္မဘဝအရ=လောကီကုသိုလ်, အကုသိုလ်စေတနာ(၂၉)ပါး ရ၏။

http://www.dhammadownload.com

**မေး။** ဥပပတ္တိဘဝ၏ အဓိပ္ပါယ်နှင့် အပြားကို ရေးပါ။

**ဖြေ။** ကံကြောင့် ဖြစ်တတ်သောကြောင့် ဥပပတ္တိဘဝမည်၏။ ၄င်းဥပပတ္တိဘဝသည်= ကာမဘဝ,ရူပဘဝ,အရူပဘဝ၊ သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ၊ ဧကဝေါကာရဘဝ, စတုဝေါကာရ ဘဝ , ပဉ္စဝေါကာရဘဝ၊ ဟု (၉)မျိုးရှိပါသည်။

**မေး။** ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ ၌ ဘဝနှစ်ခုတို့၏ အထူး ကို ရေးပါ။

**ဖြေ။** ဥပါဒါနပစ္စယာ ဘဝေါ–၌ ဘဝအရ =ကမ္မဘဝ , ဥပပတ္တိဘဝနှစ်မျိုး လုံးကို ရပါသည်။

ဘဝပစ္စယာ ဇာတိ ၌ ဘဝအရ= ကမ္မဘဝကိုသာရပါသည်။

အကြောင်းကား= ကမ္မဘဝသည် ဇာတိ၏အကြောင်းဖြစ်၍ ဥပပတ္တိ ဘဝသည် ဇာတိ၏ အကြောင်းမဖြစ်သောကြောင့်တည်း။

**မေး။** ဇာတိ, ဇရာ , မရဏစသည်တို့၏ အဓိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

**ဖြေ။** ထိုထိုသတ္တဝါတို့၏ ထိုထိုဂတိတို့၌ အတ္တဘောကို ရခြင်းသည် ဇာတိမည်၏။

ထိုထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ပြီးသော အတ္တဘော၏ ဟောင်းနွမ်းဆွေးမြေ့သည်၏အဖြစ်သည် ဇရာမည်၏။

တစ်ဘဝဖြင့် ပိုင်းခြားအပ်သော ထိုအတ္တဘော၏အဆုံးသည် မရဏမည်၏။

ဉာတိဗျသန စသည်တို့ဖြင့် နှိပ်စက်ခံရသောသူ၏ စိတ်ပူပန်မှု သည် သောကမည်၏။

ထိုဉာတိဗျသနစသည်တို့ဖြင့် နှိပ်စက်ခံရသောသူ၏ ဝစီဝိညတ်နှင့်တကွ

http://www.dhammadownload.com



ဖြစ်သော အထူးထူး အပြားပြား ငိုကြွေးမည်တမ်း ပြောဆိုအပ်သော အသံသည် ပရိဒေဝမည်၏။

ကာယိကဒုက္ခဝေဒနာသည် ဒုက္ခမည်၏

စေတသိကဒုက္ခဝေဒနာသည် ဒေါမနဿမည်၏။

ဉာတိဗျသနစသည်တို့ဖြင့် နှိပ်စက်ခံရသောသူ၏ လွန်ကဲသောစိတ်ဆင်းရဲခြင်းကို ဖြစ်စေတတ်သော ပြင်းစွာပင်ပန်းခြင်းသည် ဥပါယာသမည်၏

**မေး။** သင်္ခါရစသောအကျိုးတရားတို့၏ ဝဋ္ဋအာရုံစသော အကြောင်းများစွာ ရှိပါလျက် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာစသော တစ်ခုတစ်ခု တည်းသောအကြောင်းကိုသာ အဘယ်ကြောင့် ဟောရပါသနည်း။

**ဖြေ။** ပဓာနဖြစ်သောကြောင့်၄င်း၊ ထင်ရှားသောကြောင့်၄င်း၊ အဝိဇ္ဇာစသော တစ်ခုတစ်ခုသော အကြောင်းကိုသာ ဟောရပါသည်။

**မေး။** အဝိဇ္ဇာသည် အဘယ်ကြောင့် သင်္ခါရ၏အကြောင်းဖြစ်ရပါသနည်း။

**ဖြေ။** အဝိဇ္ဇာနုသယရှိသော ပုထုဇဉ်,သေက္ခတို့၏ သန္တာန်၌သာလျှင် သင်္ခါရတရားတို့သည် ဝိပါက်ခန္ဓာတို့ကို ရင့်ကျက်စေသောအားဖြင့် ဖြစ်သောကြောင့် အဝိဇ္ဇာသည် သင်္ခါရ၏ အကြောင်းဖြစ်ရပါသည်။

**မေး။** သင်္ခါရသည် အဘယ်ကြောင့် ဝိညာဏ်၏အကြောင်းဖြစ်ရပါသနည်း။

**ဖြေ။** ဇနကအကြောင်းမရှိလျှင် ပဋိသန္ဓေဝိညာဏ် မဖြစ်နိုင်သည်ဖြစ်၍ ပဋိသန္ဓေဝိညာဏ်သည် သင်္ခါရတို့သည် ဖြစ်စေမှသာ ဘဝတစ်ပါး၌ တည်သောကြောင့် သင်္ခါရသည် ဝိညာဏ်၏ အကြောင်းဖြစ်ရပါသည်။

http://www.dhammadownload.com



**မေး။** ဝိညာဏ်သည် အဘယ်ကြောင့် နာမ်ရုပ်၏ အကြောင်းဖြစ်ရပါသနည်း။

**ဖြေ။** ပုဗ္ဗင်္ဂမ အဓိဋ္ဌာနဖြစ်သော ပဋိသန္ဓေဝိညာဏ်က ထောက်ပန့်ခိုင်စေအပ်သည်ဖြစ်၍ နာမ်ရုပ်နှစ်ပါးသည် ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ တည်တတ်သောကြောင့် ဝိညာဏ်သည် နာမ်ရုပ်၏အကြောင်း ဖြစ်ရပါသည်။

**မေး။** နာမ်ရုပ်သည် အဘယ်ကြောင့် သဠာယတန၏အကြောင်း ဖြစ်ရပါသနည်း။

**ဖြေ။** သဠာယတနသည် နာမ်ရုပ်ဟူသော မှီရာရှိမှသာ ဖဿ(၆)ပါး၏ ဒွါရ(အကြောင်း)၏အဖြစ်ဖြင့် ထိုက်သည်အားလျော်စွာ ဖြစ်နိုင်၍ တစ်ပါးသောအကြောင်းအားဖြင့် မဖြစ်နိုင်သောကြောင့် နာမ်ရုပ်သည် သဠာယတန၏အကြောင်းဖြစ်ရပါသည်။

**မေး။** သဠာယတနသည် အဘယ်ကြောင့် ဖဿ၏အကြောင်း ဖြစ်ရပါသနည်း။

**ဖြေ။** ဖဿသည် သဠာယတနဖြစ်မှသာ အာရုံကိုတွေ့ထိနိုင်သောကြောင့် သဠာယတနသည် ဖဿ၏ အကြောင်းဖြစ်ရပါသည်။

**မေး။** ဖဿသည် အဘယ်ကြောင့် ဝေဒနာ၏အကြောင်းဖြစ်ရပါသနည်း။

**ဖြေ။** ဣဋ္ဌာရုံ,အနိဋ္ဌာရုံ ,ဣဋ္ဌမဇ္ဈတ္တာရုံကို တွေ့ထိမှသာလျှင် ဝေဒနာကို ခံစားနိုင်၍ မတွေ့ထိလျှင် မခံစားနိုင်သောကြောင့် ဖဿသည် ဝေဒနာ၏အကြောင်းဖြစ်ရပါသည်။

**မေး။** ဝေဒနာသည် အဘယ်ကြောင့် တဏှာ၏အကြောင်းဖြစ်ရပါသနည်း။

http://www.dhammadownload.com



ဖြေ။ ခံစားအပ်သောတရားတို့၌ သာယာဘွယ်ဟု အဖန်တလဲလဲ ရှုလေ့ရှိသော သတ္တဝါအပေါင်းအား ဝေဒနာအကြောင်းရှိသော တဏှာဖြစ်ပေါ်သောကြောင့် ဝေဒနာသည် တဏှာ၏အကြောင်းဖြစ်ရပါသည်။

မေး။ တဏှာသည် အဘယ်ကြောင့် ဥပါဒါန်၏ အကြောင်းဖြစ်ရပါသနည်း။

ဖြေ။ တဏှာဟုသောချစ်ခြင်းဖြင့် တပ်မက်ကုန်မှသာလျှင် ဥပါဒါနီယဓမ္မတို့၌ မြဲမြံစွာယူခြင်းငှါ ဖြစ်ကုန်သောကြောင့် တဏှာသည် ကာမုပါဒါန်၏အကြောင်းဖြစ်ရပါသည်။

ရူပါရုံစသည်၌ တပ်မက်သောသတ္တဝါသည် နတ္ထိ ဒိန္နံ စသည်ဖြင့် မိစ္ဆာအယူကိုငှါ။(ဒိဋ္ဌုပါဒါန်)

သံသရာမှလွတ်လိုသည်ဖြစ်၍ သံသရာမှ စင်ကြယ်ကြောင်း မဟုတ်သော လမ်းစဉ်၌ သံသရာမှစင်ကြယ်ကြောင်းဟုစွဲလမ်းခြင်းကိုငှါ၊ (သီလဗ္ဗတုပါဒါန်)

ဥပါဒါနက္ခန္ဓာတို့၌ အတ္တ, အတ္တနိယဟု စွဲလမ်းကြောင်းဖြစ်၍ဖြစ်သော အတ္တဝါဒအယူနှစ်ခုကိုငှါ၊(အတ္တဝါဒုပါဒါန်) စွဲယူသောကြောင့် တဏှာသည် ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့၏ အကြောင်းဖြစ်ရပါသည်။

မေး။ ဥပါဒါန်သည် အဘယ်ကြောင့် ဘဝ၏အကြောင်း ဖြစ်ရပါသနည်း။

ဖြေ။ ထိုက်သည်အားလျော်စွာ သမ္ပယောဂ, အနုသယတို့၏အစွမ်းဖြင့် ဥပါဒါန်တို့၌တည်သော သတ္တဝါတို့သည်သာလျှင် ကုသိုလ်, အကုသိုလ်ကံကို အားထုတ်ခြင်းငှါဖြစ်သောကြောင့် ဥပါဒါန်သည် ဘဝ၏ အကြောင်းဖြစ်ရပါသည်။

**မေး။** ဘဝသည် အဘယ်ကြောင့် ဇာတိ၏ အကြောင်းဖြစ်ရပါသနည်း။
**ဖြေ။** မျိုးစေ့ကြောင့် အညွန့်အညှောက်ဖြစ်ရသကဲ့သို့ ကမ္မဘဝဟူသော အကြောင်းရှိမှသာ ဥပပတ္တိဘဝဟူသော ဇာတိကို ရထိုက်သောကြောင့် ဘဝသည် ဇာတိ၏အကြောင်းဖြစ်ရပါသည်။

**မေး။** ဇာတိသည် အဘယ်ကြောင့် ဇရာ, မရဏစသည်တို့၏ အကြောင်း ဖြစ်ရပါသနည်း။
**ဖြေ။** ဇာတိရှိမှသာ ဇရာ, မရဏဖြစ်၏၊ ဇာတိမရှိသောသတ္တဝါတို့အား ဇရာ,မရဏမဖြစ်နိုင်သောကြောင့် ဇာတိသည် ဇရာ,မရဏစသည်တို့ ၏ အကြောင်းဖြစ်ရပါသည်။

**မေး။** သံသရာဝဋ်ဆင်းရဲမှန်သမျှသည် ဗြဟ္မာ, မိဿနိုး, ထာဝရဘုရား စသည်တို့ ဖန်ဆင်းမှုကြောင့် ဖြစ်ရပါသလော။
**ဖြေ။** "ဝေဒေတဿ ဝေဒလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ " ဟူသော သင်္ဂဟကိုထောက်၍ ဖန်ဆင်းမှုကြောင့် ဖြစ်ရသည်မဟုတ်ပါ၊ အဝိဇ္ဇာစသော အကြောင်းအဆက်ဆက်တို့ကြောင့်သာ ဖြစ်ရပါသည်။

**မေး။** အဘယ်ကြောင့် အစွန်းဟု ခေါ်ပါသနည်း။
**ဖြေ။** အမြဲမပြတ်ဖြစ်တတ်သောကြောင့် အစွန်းဟု ခေါ်ပါသည်။
၎င်းအစွန်းအရ= ကာလကိုရပါသည်။

**မေး။** အဝိဇ္ဇာနှင့်သင်္ခါရတို့ကို အဘယ်ကြောင့် အတိတ်အစွန်းဟု ခေါ်ပါ သနည်း။

http://www.dhammadownload.com



**ဖြေ။** အတိတ်ဘဝ၌အကျုံးဝင်သော အကြောင်းတရားတို့ကိုသာလျှင် အလိုရှိအပ်သောကြောင့် အတိတ်အစွန့်ဟုဆိုရပါသည်။

**မေး။** အဝိဇ္ဇာ သင်္ခါရာ အတီတော အဒ္ဓါ-၌ အဝိဇ္ဇာ,သင်္ခါရတရားနှင့် အတိတ်ကာလတို့သည် တစ်ခြားစီလော/အတူတူပင်လော။

**ဖြေ။** အဝိဇ္ဇာသင်္ခါရမှလွတ်သော သီးခြားကာလမည်သည်ကို မရအပ်,မရနိုင်သောကြောင့် အစွန့်ဟူသောကာလဖြင့် အဝိဇ္ဇာစသည်တို့ကိုလည်း ယူရပါသည်။ ထို့ကြောင့် အတူတူပင် ဖြစ်ပါသည်။

**မေး။** အဘယ်တရားတို့ကို အတိတ်,အနာဂတ် ,ပစ္စုပ္ပန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ချုပ်ပြီးသောတရားတို့ကို အတိတ်ကာလ၊ မဖြစ်သေးသောတရားတို့ကို အနာဂတ်ကာလ၊ ဥပါဒ်,ဌီ,ဘင်ဟူသောခဏသုံးပါး၌ အကျုံးဝင်သောတရားတို့ကို ပစ္စုပ္ပန်ကာလဟု ခေါ်ပါသည်။

**မေး။** ဇာတိ,ဇရာ,မရဏတို့ကို အဘယ်ကြောင့် အနာဂတ်အစွန့်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်ဘဝ၌ ဖြစ်လွှဲ့ဖြစ်သည့်အတွက် ဇာတိ, ဇရာ ,မရဏတို့ကို အနာဂတ်အစွန့်ဟုခေါ်ပါသည်။

**မေး။** ဝိညာဏ်စသော အလယ်တရားရှစ်ပါးကို အဘယ်ကြောင့် ပစ္စုပ္ပန်အစွန့်ဟု ခေါ်ရပါသနည်း။

**ဖြေ။** အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်ဆဲအကျိုးသဘောရှိသောကြောင့်၎င်း၊ အနာဂတ်အကျိုးငါးပါးသည် ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းသဘောရှိသောကြောင့်၎င်း၊ ဝိညာဏ်စသော အလယ်တရား

http://www.dhammadownload.com



ရှစ်ပါးကို ပစ္စုပ္ပန်အခွန့်ဟု ခေါ်ရပါသည်။

**မေး။** သောက,ပရိဒေဝစသည်တို့ကို အဘယ်ကြောင့် အင်္ဂါ၏အဖြစ်ဖြင့် မဆိုရပါသနည်း။

**ဖြေ။** ဇာတိ၏ မှုချမဟုတ် အကျိုးဆက်မျှသာ ဖြစ်သောကြောင့် သီးခြား အင်္ဂါအဖြစ်ဖြင့် မဟောရပါ။

**မေး။** အဝိဇ္ဇာ,သင်္ခါရတို့ကို ယူသဖြင့် တဏှာ,ဥပါဒါန်,ဘဝတို့ကို အဘယ် ကြောင့် ယူနိုင်ပါသနည်း။

**ဖြေ။** ကိလေသာအဖြစ်ချင်း တူသောကြောင့် အဝိဇ္ဇာဖြင့် တဏှာ,ဥပါဒါန် တို့ကိုင်း၊ ကံအဖြစ်ချင်း တူသောကြောင့် သင်္ခါရဖြင့် ကမ္မဘဝကိုငှင်း ယူနိုင်ပါသည်။

**မေး။** ဇာတိ, ဇရာ , မရဏကို ယူခြင်းဖြင့် ဝိညာဏ်စသော အကျိုးငါးပါး တို့ကို အဘယ်ကြောင့် ယူရပါသနည်း။

**ဖြေ။** ဝိညာဏ်, နာမ်ရုပ် , သဠာယတန , ဖဿ , ဝေဒနာ ,တို့၏ ဖြစ်ဆဲ ရင့်ဆဲ, ပျက်ဆဲကိုပင်လျှင် ဇာတိ, ဇရာ,မရဏဟုဆိုအပ်သောကြောင့် ယူရပါသည်။

**မေး။** အတီတေ ဟေတဝေါ ပဉ္စ စသည်တို့၌ အတိတ်အကြောင်းငါးပါး စသည်တို့ကို ရေတွက်ပြပါ။

**ဖြေ။** <u>အတိတ်အကြောင်းငါးပါးကား</u>= အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ ဖြစ်၏

<u>ပစ္စုပ္ပန်အကျိုးငါးပါးကား</u>=ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာ,ဖြစ်ပါသည်။

http://www.dhammadownload.com



ပစ္စုပ္ပန်အကြောင်းငါးပါးကား=တဏှာ, ဥပါဒါန်, ဘဝ, အဝိဇ္ဇာ, သင်္ခါရဖြစ်၏။

အနာဂတ်အကျိုးငါးပါးကား=ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ, ဝေဒနာဖြစ်ပါသည်။

မေး။ အဘယ်ကြောင့် အခြင်းအရာ(အာကာရ)ဟု ခေါ်ပါသနည်း။

ဖြေ။ အတိတ်စသော ထိုထိုပဋ္ဌကတို့၌ နှစ်ဆယ်အတိုင်းအရှည်ရှိသော တရားတို့ကို ထည့်လောင်းအပ်သောကြောင့် အခြင်းအရာ(အာကာရ)ဟု ခေါ်ပါသည်။

မေး။ တိသန္ဓိအရ အစပ်သုံးပါးကို ရေတွက်ပြပါ။

ဖြေ။ (၁)သင်္ခါရဟူသောအတိတ်အကြောင်းနှင့် ဝိညာဏ်ဟူသောပစ္စုပ္ပန် အကျိုးတို့၏အကြား၌ တစ်စပ်၊

(၂)ဝေဒနာဟူသောပစ္စုပ္ပန်အကျိုးနှင့် တဏှာဟူသောပစ္စုပ္ပန် အကြောင်းတို့၏အကြား၌ တစ်စပ်၊

(၃)ဘဝဟူသောပစ္စုပ္ပန်အကြောင်းနှင့် ဇာတိဟူသောအနာဂတ် အကျိုးတို့၏အကြား၌ တစ်စပ်၊ ဤသို့အစပ်သုံးပါးဖြစ်ပါသည်။

မေး။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏အကြား၌ အဘယ် ကြောင့် အစပ်ဖြစ်ရပါသနည်း။

ဖြေ။ အဝိဇ္ဇာစသောအကြောင်းကြောင့် ဝိညာဏ်စသောအကျိုး၏ မပြတ် ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် အကြောင်းနှင့်အကျိုးစပ်ပါသည်။

မေး။ ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းနှစ်ပါးတို့၏အကြား၌ အဘယ် ကြောင့် အစပ်ဖြစ်ရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဝိညာဏ်စသောအကျိုးတရားကြောင့် တဏှာစသော ပစ္စုပ္ပန် အကြောင်းတရား၏ မပြတ်ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် အကျိုးနှင့် အကြောင်းစပ်ရပါသည်။

**မေး။** ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏အကြား၌ အဘယ်ကြောင့် အစပ်ဖြစ်ရပါသနည်း။

**ဖြေ။** တဏှာစသောပစ္စုပ္ပန်အကြောင်းတရားကြောင့် ဇာတိ,ဇရာ,မရဏ စသောအကျိုးတရားတို့၏ မပြတ်ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် အကြောင်းနှင့် အကျိုး အစပ်ဖြစ်ပါသည်။

**မေး။** အကျိုးတရားနှင့်အကြောင်းတရားတို့အကြား၌ အဆက်မပြတ် အဘယ်သို့ဖြစ်နိုင်ပါသနည်း။

**ဖြေ။** အကျိုးသဘောရှိသောတရားသည်လည်း အခြားသောအကြောင်းသဘောရှိသောတရား၏ အကြောင်းတရားဖြစ်နိုင်သောကြောင့် အကျိုးကြောင့်လည်း အကြောင်းသည် မပြတ်ဖြစ်နိုင်ပါသည်။

**မေး။** အဘယ်ကြောင့် အလွှာ(သင်္ခေပ)ဟု ခေါ်ပါသနည်း။

**ဖြေ။** အဝိဇ္ဇာစသောတရားတို့ကိုငှင်း၊ ဝိညာဏ်စသောတရားတို့ကိုငှင်း၊ ပေါင်းရာဖြစ်သောကြောင့် ကံ၏အကျိုးတရားတို့ကို အလွှာဟုခေါ်ပါသည်။

**မေး။** အလွှာလေးပါးကို ရေတွက်ပြပါ။

**ဖြေ။** (၁)အတိတ်အကြောင်းငါးပါးသည် တစ်လွှာ၊ (၂)ပစ္စုပ္ပန်အကျိုးငါးပါးသည် တစ်လွှာ၊ (၃) ပစ္စုပ္ပန်အကြောင်းငါးပါးသည် တစ်လွှာ၊ (၄)အနာဂတ်အကျိုးငါးပါးသည်တစ်လွှာ၊ဟု အလွှာလေးပါးဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** ကမ္မဘဝနှင့် သင်္ခါရတို့၏ အထူးကို ရေးပါ။

**ဖြေ။** အနာဂတ်ဘဝ၌ ပဋိသန္ဓေအား နာနာက္ခဏိကကမ္မသတ္တိဖြင့် ကျေးဇူးပြုတတ်သော စေတနာသည် ကမ္မဘဝမည်၏။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ၏အကြောင်းဖြစ်သော အတိတ်ဘဝ၌ဖြစ်သော စေတနာတို့သည် သင်္ခါရမည်၏။ ဤသို့ထူးပါသည်။ (*ဆိုလိုရင်းမှာ*)အတိတ်စေတနာသည် သင်္ခါရမည်၏၊ ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝမည်၏။

**မေး။** ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋံ၌ ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသောအရနှင့် အဝသေသအရ ထူးခြားပုံကို ရေးခဲ့ပါ။

**ဖြေ။** <u>အဝသေသာအရ</u>=ပစ္စုပ္ပန်အကျိုးတရားများဖြစ်သော ဝိညာဏ်,နာမ်ရုပ်, သဠာယတန,ဖဿ,ဝေဒနာ,ဇာတိ,ဇရာမရဏအားဖြင့် (၇)ပါးကို ရ၏။ <u>ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသောအရ</u>= အနာဂတ်အကျိုးတရားများဖြစ်သော ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,ဇာတိဇရာမရဏတို့ကို ယူရပါသည်။

**မေး။** ဘဝေကဒေသောဟု အဘယ်ကြောင့် ဆိုပါသနည်း။

**ဖြေ။** ဥပါဒါနပစ္စယာ ဘဝေါ၌ ဘဝသဒ္ဒါဖြင့် ကမ္မဘဝကိုလည်း ဆိုအပ်သောကြောင့် ဘဝေကဒေသောဟုမိန့်အပ်ပါသည်။

**မေး။** အဝိဇ္ဇာနှင့်တဏှာကို မူလဟုဆိုရာ အဘယ်တရား၏မူလဖြစ်ပါသနည်း။

**ဖြေ။** အဝိဇ္ဇာသည် အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ ဝေဒနာဟူသော ရှေးဘဝသံသရာစက်၏ မူလဖြစ်ပါသည်။

http://www.dhammadownload.com



တဏှာသည် တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏဟူသော နောက်အဖို့သံသရာစက်၏ မူလဖြစ်ပါသည်။

**မေး။** တေသမေဝစ မူလာနံ နိရောဓေန နိရုဇ္ဈတိ၌ မူလနှစ်ပါး အဘယ်သို့ ချုပ်ပါသနည်း။

**ဖြေ။** တစ်ဖန်ပြန်မဖြစ်ခြင်း သဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းဟူသော အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိသောအားဖြင့် ချုပ်ပါသည်။

**မေး။** သံသရာစက်ပြတ်သောပုဂ္ဂိုလ်နှင့် လည်သောပုဂ္ဂိုလ်တို့ကို ရေးခဲ့ပါ။

**ဖြေ။** အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍ သိနိုင်သော ပုဂ္ဂိုလ်များ သံသရာစက်ပြတ်နိုင်ပါသည်။

ဇရာ မရဏဟူသော တွေဝေမိန်းမောခြင်းဖြင့် အမြဲမပြတ် နှိပ်စက်ခံရပြီး အာသဝေါတရားတို့ ဖြစ်နေသောပုဂ္ဂိုလ်များ သံသရာစက်လည်နိုင်ပါသည်။

**မေး။** အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဟူသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ အဝိဇ္ဇာ၏အကြောင်းမရှိဟု မှတ်ယူနိုင်ပါသလော။

**ဖြေ။** အာသဝါနံ သမုပ္ပါဒါ အဝိဇ္ဇာစ ပဝတ္တတိ ဟူသော သင်္ဂဟစကားကို ထောက်၍ အဝိဇ္ဇာ၏အကြောင်းမရှိဟု မမှတ်သင့်ပါ။ (အာသဝေါတရားတို့ကိုပင် အဝိဇ္ဇာ၏အကြောင်းဟု မှတ်ရပါမည်။)

**မေး။** ဟေတုပစ္စယော၌ ဟေတုမည်ခြင်း၏ အကြောင်းကို ရေးပါ။

**ဖြေ။** အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်ရာဖြစ်သောကြောင့် ဟေတု (ဟိတ်)ဟုခေါ်ပါသည်။

*(တနည်း)* သစ်ပင်သည် ဩဇာဓာတ်ကို အထက်သို့ဆောင်တတ်သော

http://www.dhammadownload.com



ရေသောက်မြစ်ကြောင့် အလွန်စည်ပင်ပြန့်ပွါးသကဲ့သို့ အကျိုးပစ္စယုပ္ပန်တရားတို့၏ ကြီးပွါးစည်ပင်ခြင်းသို့ ရောက်ကြောင်းဖြစ်သောကြောင့် ဟေတု(ဟိတ်) မည်ပါသည်။

မေး။ ဟေတုပစ္စယော ၌ ဟေတု နှင့် ပစ္စယတို့၏ အထူးကို ရေးပါ။

ဖြေ။ သဟဇာတ်တရားတို့၏ ကောင်းစွာတည်တန့်နိုင်သော မူလဋ္ဌအနက်သဘောသည် ဟေတုမည်၏။
တည်တန့်နိုင်အောင် ထောက်ပန့်ကျေးဇူးပြုတတ်သော ဥပကာရဋ္ဌအနက်သဘောသည် ပစ္စယမည်၏။ ဤသို့ထူးပါသည်။

မေး။ ဟေတုပစ္စည်းတရားတို့၏ ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပုံကို ရေးခဲ့ပါ။

ဖြေ။ ဟေတုပစ္စည်းတရားသည် ပဝတ္တိအခါ စိတ္တဇရုပ်အားငှင်း၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်အားငှင်း၊ ပဝတ္တိ,ပဋိသန္ဓေနှစ်ပါးစုံ၌ သမ္ပယုတ်နာမ်တရားတို့အားငှင်း၊ သစ်ပင်၏အမြစ်တို့ကဲ့သို့ ကောင်းစွာတည်တန့်အောင် ပြီးစေလျှက် ကျေးဇူးပြုပါသည်။

မေး။ အာရမ္မဏပစ္စယော ၌ အာရမ္မဏမည်ခြင်း၏ အကြောင်းကို ရေးပါ။

ဖြေ။ အားနည်းသောယောက်ျားသည် တောင်ဝှေးစသည်ကို ကိုင်စွဲအပ်သကဲ့သို့ စိတ်,စေတသိက်တရားတို့သည်စွဲကိုင်အပ်သောကြောင့် အာရုံခြောက်ပါးသည် အာရမ္မဏမည်၏။

မေး။ အာရုံ(၆)ပါးပစ္စည်းတရားတို့သည် အာရမ္မဏိကဖြစ်သော စိတ်,စေတသိက်တရားတို့အား အဘယ်ကြောင့် အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုရ

http://www.dhammadownload.com



ပါသနည်း။

**ဖြေ။** စိတ်,စေတသိက်တရားတို့၏ အာရမ္မဏပစ္စည်းမဖြစ်နိုင်သော တစ်စုံ တစ်ခုသောတရားမည်သည် မရှိသောကြောင့် ကျေးဇူးပြုရပါသည်။

**မေး။** အဘယ်တရားမျိုးကို အဓိပတိပစ္စည်းဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိနှင့်စပ်၍ဖြစ်ကုန်သောတရားတို့၏ အကြီးအမှူးအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားမျိုးကို အဓိပတိပစ္စည်းဟုခေါ်ပါသည်။

**မေး။** အနန္တရပစ္စယော၌ အနန္တရ၏သဘောအဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ပစ္စည်းတရားနှင့် ပစ္စယုပ္ပန်တရားတို့၏အကြား တစ်စုံတစ်ခုခြားနားမှုမရှိခြင်းကိုပင်လျှင် အနန္တရဟုခေါ်ပါသည်။

**မေး။** သမနန္တရပစ္စယော၌ သမနန္တရ၏အဓိပ္ပါယ်သဘောကို ရေးခဲ့ပါ။

**ဖြေ။** ရုပ်ကလာပ်တို့ကဲ့သို့ သဏ္ဌာန်မရှိသည်၏အဖြစ်ကြောင့် ကောင်းစွာ ပစ္စယုပ္ပန်တရားတို့နှင့်တကွ ခြားနားခြင်း မရှိသောသဘောကို သမနန္တရ ဟုခေါ်ပါသည်။

**မေး။** အဘယ်တရားမျိုးကို အနန္တရ , သမနန္တရပစ္စည်းဟု ခေါ်ပါသနည်း။

**ဖြေ။** မိမိ၏အခြားမဲ့၌ သင့်လျော်သောစိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှါစွမ်းနိုင်သော ရေးရှေး၌ ချုပ်ပြီးသော တရားမျိုးကို "အနန္တရ, သမနန္တရပစ္စည်း" ဟုခေါ်ပါသည်။

**မေး။** အနန္တရ နှင့် သမနန္တရပစ္စည်းတို့ ထူးခြားမှု ရှိ/မရှိ ဝါဒန္တရနှင့်တကွ ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** သံ ဟူသော ဥပသာရပုဒ် ပါ/မပါသာ ထူးခြားပါသည်၊ အနက် အဓိပ္ပါယ် , အရကောက် ထူးခြားမှုမရှိပါ။

***(ကေစိဝါဒအလို)***အနက်ခြားနားမှုမရှိသောကြောင့် အနန္တရပစ္စည်းမည်၏ ကာလခြားနားမှုမရှိသောကြောင့် သမနန္တရပစ္စည်းမည်၏၊ဤသို့ထူး၏။

**မေး။** ကာလခြားနားမှုမရှိဘဲ ကျေးဇူးပြုသောပစ္စည်းသည် သမနန္တရ ပစ္စည်းမည်၏ ဟူသော ကေစိဝါဒကို လက်ခံသင့်/ မခံသင့် သဘာဝ ယုတ္တိဖြင့် ရှင်းလင်းပြပါ။

**ဖြေ။** နိရောဓသမာပတ်မဝင်စားမီဖြစ်၍ ချုပ်ခဲ့ပြီးသော နေဝသညာနာ သညာယတနကုသိုလ်,ကြိယာဇောသည် ခုနစ်ရက်တိုင်တိုင် နိရောဓ သမာပတ်ဝင်စားပြီးနောက် ဖြစ်ပေါ်လာသော အနာဂါမိဖိုလ်,အရဟတ္တ ဖိုလ်အား ခုနစ်ရက်ကာလခြား၍ သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြု နိုင်ပုံကိုလည်း၊

အသညသတ်ဘုံသို့မရောက်မီ နောက်ဆုံးဖြစ်၍ ချုပ်ခဲ့သော စုတိ စိတ်သည် မဟာကပ်(၅၀၀)ပတ်လုံး အသညသတ်ဘုံ၌ ဖြစ်ပြီးနောက် ကာမဘုံ၌ ပဋိသန္ဓေပြန်နေသောပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်အား မဟာ ကပ်(၅၀၀)ခြားပြီးမှ သမနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပုံကိုလည်း၊ ထောက်ဆသောအားဖြင့် ကေစိဆရာ၏ဝါဒကို လက်မခံသင့်ပါ။

**မေး။** အနန္တရပစ္စယသတ္တိ , သမနန္တရပစ္စယသတ္တိ၏ သဘောကို ရေးပါ။

**ဖြေ။** ရှေး၌ဖြစ်သောတရား၏ ချုပ်ခြင်းကိုလည်း၊ နောက်၌ဖြစ်သောတရား ၏ဖြစ်ခြင်းကိုလည်း၊ ခြားနားတတ်သောတရား တစ်စုံတစ်ရာမရှိသည်၏ အဖြစ်ဖြင့် ထိုရှေ့နောက်တရားတို့ကို မပြတ်ဖြစ်စေခြင်းငှါ စွမ်းနိုင်

http://www.dhammadownload.com



သောအားဖြင့် ချုပ်ခြင်းသည် အနန္တရပစ္စယသတ္တိမည်၏။

ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရားမှအထက်၌ တည်၏၊ ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရား၏ အောက်၌တည်၏၊ ဤပစ္စယုပ္ပန်တရားသည် ဤပစ္စည်းတရား ပတ်ဝန်းကျင်၌တည်၏၊ ဤသို့ခွဲဝေခြင်းမရှိသောအားဖြင့် မိမိနှင့် တူသည်၏အဖြစ်ကဲ့သို့ ပစ္စယုပ္ပန်တရားကိုဆောင်၍ ကောင်းစွာမပြတ်ဖြစ်သောအားဖြင့် နောက်တရားဖြစ်စေခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ ချုပ်ခြင်းသည် သမနန္တရပစ္စယသတ္တိမည်၏။

**မေး။** သဟဇာတပစ္စည်း၏ ကျေးဇူးပြုပုံကို ရေးပါ။

**ဖြေ။** မိမိမဖြစ်လျှင် အတူတကွဖြစ်ဘက်တရားတို့လည်း မဖြစ်နိုင်သောကြောင့် ဆီမီးသည် အတူတကွဖြစ်ဘက်အလင်းအား ကျေးဇူးပြုသကဲ့သို့ မိမိနှင့်အတူတကွဖြစ်ဘက် ပစ္စယုပ္ပန်တရားတို့အား အတူတကွဖြစ်သောအားဖြင့် ကျေးဇူးပြုတတ်ပါသည်။

**မေး။** အညမညပစ္စည်း၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** သစ်သားသုံးခွသည် တစ်ခုနှင့်တစ်ခု ထောက်ပန့်နိုင်စေသကဲ့သို့ မိမိအား ကျေးဇူးပြုတတ်သောတရားတို့အား အချင်းချင်း အပြန်အလှန် ထောက်ပန့်နိုင်စေသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အညမညပစ္စည်းမည်၏။

**မေး။** အညမညနှင့် သဟဇာတပစ္စည်းနှစ်ပါးတို့၏ အထူးကိုရေးပါ။

**ဖြေ။** အတူတကွဖြစ်ကာမျှဖြင့် ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်းမည်၏။

http://www.dhammadownload.com



အတုတကွဖြစ်ရုံမျှမက အချင်းချင်းအပြန်ပြန်အလှန်လှန် ကျေးဇူးပြုသည်၏အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် အညမညပစ္စည်းမည်၏။

**မေး။** နိဿယပစ္စည်း၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ပန်းချီကား–ပိတ်သားသည် ပန်းချီဆေး၏ မှီရာဖြစ်သကဲ့သို့၄င်း၊ မြေကြီးသည် သစ်ပင်,တော,တောင်စသည်တို့၏ တည်ရာဖြစ်သကဲ့သို့၄င်း ပစ္စယုပ္ပန်တရားတို့၏ မှီရာ တည်ရာဖြစ်သောအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် နိဿယပစ္စည်းမည်၏။

**မေး။** ပုရေဇာတပစ္စယော–အရ အဘယ်တရားတို့သည် အဘယ်တရား၏ ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုပါသနည်း။

**ဖြေ။** အာရုံ(၆)ပါး,ဝတ္ထု(၆)ပါးတို့သည် ပစ္စယုပ္ပန်တရားတို့မှ ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုပါသည်။

**မေး။** ပစ္ဆာဇာတပစ္စည်း၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** ဥင်းတငယ်၏ကိုယ်တို့အား အာဟာရဥ္စတောင့်တသော တဏှာနှင့် ယှဉ်သောစေတနာသည် နောက်၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ပစ္ဆာဇာတပစ္စည်းမရှိလျှင် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ် မပြတ်တည်ကြောင်း အဖြစ်သို့ မရောက်နိုင်သော ရူပကာယကို ထောက်ပန့်အားပေးသောအားဖြင့် ကျေးဇူးပြုတတ်သော နောက်၌ဖြစ်သော စိတ်,စေတသိက်တရားတို့သည် ပစ္ဆာဇာတပစ္စည်းမည်၏။

**မေး။** အာသေဝနပစ္စည်း၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

http://www.dhammadownload.com



**ဖြေ။** ရှေးရှေး၌ လေ့ကျက်သင်ကြားအပ်သော ကျမ်းဂန်သည် နောက်နောက်၌ လေ့ကျက်သင်ကြားအပ်သောကျမ်ဂန်အား လွယ်ကူစေသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ ကုသိုလ်စသောအဖြစ်အားဖြင့် မိမိနှင့်တူသော ပစ္စယုပ္ပန်တရားတို့အား တူသောဇာတ်ရှိသည်၏အဖြစ်ကို ယူစေသောအားဖြင့် ကျေးဇူးပြုတတ်သောတရားသည် အာသေဝနပစ္စည်းမည်၏။

*(မှတ်ချက်)* အာသေဝနပစ္စည်းမည်သည် ဇာတ်မတူသောတရားအားကျေးဇူးမပြုနိုင်ပါ။

**မေး။** အာသေဝနပစ္စည်း တပ်နိုင်သောတရားတို့ကို ကောက်ပြပါ။

**ဖြေ။** အခြားမဲ့ဖြစ်၍ ချုပ်ကုန်ပြီးသော လောကီကုသိုလ်, အကုသိုလ်ဇောတို့သည်၄င်း၊ အာဝဇ္ဇန်းဒွေးကြဉ်သောကြိယာဇောတို့သည်၄င်း၊ အာသေဝနပစ္စည်းတပ်နိုင်သော တရားတို့မည်၏။

**မေး။** အာသေဝနပစ္စည်းတရားတို့သည် ဇာတ်တူသောတရားတို့အားသာကျေးဇူးပြုနိုင်၍ ဇာတ်မတူသောတရားတို့ကို အဘယ်ကြောင့် ကျေးဇူးမပြုပါသနည်း။

**ဖြေ။** ဇာတ်မတူသောပစ္စည်းတရားသည် ဇာတ်မတူသောပစ္စယုပ္ပန်တရာအား မိမိနှင့်ဇာတ်တူအောင် ယူစေခြင်းငှါမစွမ်းနိုင်သောကြောင့်၄င်း ဇာတ်မတူသော ပစ္စယုပ္ပန်တရားတို့ကလည်း ဇာတ်မတူသောပစ္စည်းတရားတို့၏သဘောကို မယူနိုင်သောကြောင့်၄င်း၊ ဇာတ်မတူသောတရားအား ကျေးဇူးမပြုနိုင်ပါ။

**မေး။** ကမ္မပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ရေးခဲ့ပါ။

http://www.dhammadownload.com



ဖြေ။ ကမ္မပစ္စည်းသည် စိတ်၏အားထုတ်ခြင်းဟုဆိုအပ်သော အမှုအရာ စေတနာ၏အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

မေး။ ကမ္မပစ္စယော၌ ကမ္မအပြားကို ရေးပါ။
ဖြေ။ သဟဇာတကမ္မ ၊ နာနာက္ခဏိကကမ္မ ဟု နှစ်မျိုး ရှိပါသည်။

မေး။ ဝိပါကပစ္စည်း၏ အဓိပ္ပါယ်ကို ရေးပါ။
ဖြေ။ မိမိ၏အားထုတ်ခြင်း မျှာပါရမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းဖြင့် သဟဇာတ်ဖြစ်သောနာမ်ရုပ်တို့အား အားထုတ်ခြင်းမရှိသည်ဖြစ်၍ ငြိမ်သက်စွာဖြစ်ခြင်းငှါ ကျေးဇူးပြုတတ်သောတရားသည် ဝိပါကပစ္စည်းမည်၏။

မေး။ ဝိပါက်တရားတို့သည် အဘယ်ကြောင့် ငြိမ်သက်စွာဖြစ်ရပါသနည်း ကိလေသာငြိမ်းသောကြောင့် ငြိမ်သက်မှုဖြစ်ရပါသလော။
ဖြေ။ စိတ်ကိုအားထုတ်ခြင်းဟူသော ပယောဂသည် မပြီးစေအပ်သည့်အတွက် ကံကိုပြုအပ်ကာမျှဖြင့် ပြီးစီးသည်၏အဖြစ်ကြောင့် ငြိမ်သက်စွာဖြစ်ရပါသည်။ကိလေသာငြိမ်းခြင်းကြောင့် ငြိမ်သက်သည်မဟုတ်ပါ၊

မေး။ အာဟာရပစ္စည်းတရားတို့သည် အဘယ်သို့ ကျေးဇူးပြုပါသနည်း။
ဖြေ။ ရုပ်နာမ်တရားတို့အား ထောက်ပန့်ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

မေး။ အာဟာရပစ္စည်းသည် ဇနကသတ္တိကိစ္စ,ဥပထမ္ဘကသတ္တိကိစ္စနှစ်မျိုး

http://www.dhammadownload.com



တို့တွင် အဘယ်သတ္တိကိစ္စသည် ပဓာနကျပါသနည်း။

**ဖြေ။** စေနကသတ္တိကိစ္စရှိသော်လည်း ဥပတ္ထမ္ဘကသတ္တိကိစ္စသာ လိုရင်း ပဓာန ဖြစ်ပါသည်။

**မေး။** ဣန္ဒြိယပစ္စည်းတို့၏ ကျေးဇူးပြုပုံ သဘောကို ရေးပါ။

**ဖြေ။** ပစ္စယုပ္ပန်တရားတို့ကို မိမိအလိုသို့ အစဉ်လိုက်စေခြင်းဟူသော အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

**မေး။** မဂ္ဂပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ရေးခဲ့ပါ။

**ဖြေ။** သုဂတိဘဝမှငှင်း၊ကုသိုလ်မှငှင်း၊ ဒုဂ္ဂတိဘဝမှငှင်း၊အကုသိုလ်မှငှင်း ထုတ်ဆောင်သောအားဖြင့် ကျေးဇူးပြုပါသည်။

**မေး။** သမ္ပယုတ္တပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ရေးပါ။

**ဖြေ။** ပရမတ္ထအားဖြင့် ပြားကုန်သော်လည်း တူသည်၏အဖြစ်သို့ ရောက်သကဲ့သို့ ကေပွါဒစသော သမ္ပယောဂလက္ခဏာအားဖြင့် ကျေးဇူးပြုပါသည်။

**မေး။** ပစ္စည်း,ပစ္စယုပ္ပန်အချင်းချင်း စပ်လျက်ရှိသော တရားတို့၏ ဝိပ္ပယုတ္တသဘောအားဖြင့် ကျေးဇူးပြုပုံကို ရေးပါ။

**ဖြေ။** ကေပွါဒစသောအပြားတို့နှင့်မယှဉ်သည်၏အဖြစ်ဖြင့် မနီးနှောသောကြောင့် အထူးထူးသောသဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းဖြင့် ကျေးဇူးပြုခြင်းကို ဝိပ္ပယုတ္တဟုခေါ်ပါသည်။

http://www.dhammadownload.com



မေး။ အတ္ထိပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ရေးခဲ့ပါ။

ဖြေ။ ပစ္စယုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ ထင်ရှားသော သဘောလက္ခဏာရှိသော တရားအားသာလျှင် ထောက်ပန့်နိုင်စေတတ် သည်၏အဖြစ်ဖြင့် ကျေးဇူးပြုပါသည်။

မေး။ အတ္ထိပစ္စည်း၌ ဇနကသတ္တိသဘော ,ဥပတ္ထမ္ဘကသတ္တိသဘောနှစ်မျိုး ရှိပါလျက် ဥပတ္ထမ္ဘကသတ္တိသဘောရှိသည်၏ အဖြစ်ကိုသာ အဘယ် ကြောင့် ဆိုပါနည်း။

ဖြေ။ ဇနကသတ္တိသဘောရှိသော်လည်း ဌီခဏ၌သာလျှင် အတ္ထိပစ္စည်းတို့ ၏ အစွမ်းသတ္တိသည် လွန်ကဲသောကြောင့် ဥပထမ္ဘကသဘောရှိသည် ၏အဖြစ်ကိုသာ ဆိုရပါသည်။

မေး။ နတ္ထိပစ္စည်းတို့၏ ကျေးဇူးပြုပုံသဘောကို ရေးခဲ့ပါ။

ဖြေ။ ဖဿစသောတရားတစ်မျိုးဖြစ်နေလျှင် အခြားဒုတိယမြောက်ဖဿ စသောတရားတစ်မျိုး မဖြစ်နိုင်သောကြောင့် မိမိတည်ရှိနေသဖြင့် ဖြစ် ခွင့်မရကုန်သော ဖြစ်လွှဲ့သော စိတ်စေတသိက်တရားတို့အား ဖြစ်ခွင့် ပေးသည့်အနေအားဖြင့် ချုပ်ကုန်လျက်ကျေးဇူးပြုခြင်းကို နတ္ထိပစ္စည်း ဟု ခေါ်ပါသည်။

မေး။ ဝိဂတပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ရေးပါ။

ဖြေ။ မိမိ၏ ဖုသနစသောသဘောမထင်းသဖြင့် အခြားမဲ့၌မဖြစ်လွှဲ့ကုန် သောတရားတို့အား မိမိ၏သဘောကင်းသောအားဖြင့် ကျေးဇူးပြုတတ် သော တရားသည် ဝိဂတပစ္စည်းမည်၏။

http://www.dhammadownload.com



**မေး။** အတ္တိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏အထူးကို ရေးပါ။

**ဖြေ။** မိမိ၏သဘောနှင့်တကွဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အတ္တိပစ္စည်းမည်၏။
ချုပ်ခြင်းဘင်သို့ မရောက်သည်၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သော တရားသည် အဝိဂတပစ္စည်းမည်၏။

**မေး။** အတ္တိပစ္စည်း နှင့် အဝိဂတပစ္စည်းတရားတို့သည် တရားအရ မထူးပါဘဲလျက် အဘယ်ကြောင့် ထပ်၍ဟောရပါသနည်း။

**ဖြေ။** ဆုံးမထိုက်သော ဝေနေယျသတ္တဝါတို့၏ အရှာသယအားလျော်စွာ ထပ်၍ ဟောရပါသည်။

**မေး။** ဝိပါက်စိတ်တို့သည် အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်ပါကုန်သနည်း။

**ဖြေ။** ဝိပါက်အဗျာကတတရားတို့သည် မိမိ၏သဘောကို ယူစေ ,ထုံစေ၍ အခြားသော ဝိပါက်အဗျာကတတရားတို့ကို မဖြစ်စေနိုင်သောကြောင့်၄င်း၊ နောက်နောက်ဝိပါက်အဗျာကတတရားတို့ကလည်း ရှေးဝိပါက်အဗျာကတတရားတို့၏ အာနုဘော်ကို ယူ၍မဖြစ်သောကြောင့်၄င်း၊ အာသေဝနပစ္စည်းမတပ်ရပါ။

**မေး။** အာဝဇ္ဇန်းဒွေးသည် အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်ပါသနည်း။

**ဖြေ။** န မဂ္ဂပစ္စယာ အာသေဝနေ ဂေ်–ဟုဟောတော်မူသောကြောင့်၄င်း အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပါဒ်ကိုသာ အာသေဝနပစ္စည်းအဖြစ်ဖြင့် ထုတ်ဆောင်အပ်သောကြောင့်၄င်း၊ အာဝဇ္ဇန်းဒွေးသည် အာသေဝန

http://www.dhammadownload.com



ပစ္စည်းမတပ်ပါ။

**မေး။** ပုရိမာနိ ဇဝနာနိ အရ ယူသင့်/မယူသင့်သောဇောတို့ကို အကြောင်းပြ၍ဖြေဆိုပါ။

**ဖြေ။** လောကုတ္တရာဇောတို့ကို အာသေဝနပစ္စည်းအဖြစ်ဖြင့် မထုတ်ဆောင်အပ်သောကြောင့် လောကီကုသိုလ်,အကုသိုလ်,အဗျာကတဇောတို့ကိုသာ ယူရပါသည်။ လောကုတ္တရာဇောတို့ကို မယူရပါ။

**မေး။** လောကုတ္တရာကုသိုလ်ဖြစ်သော မဂ်စိတ်သည် ဖိုလ်ဖြစ်သောဝိပါက်စိတ်အား အဘယ်ကြောင့် အာသေဝနပစ္စည်း မတပ်ရပါသနည်း။

**ဖြေ။** လောကုတ္တရာကုသိုလ်စိတ်သည် ပြားသောဇာတ်ရှိသောဖိုလ်စိတ်၏ ရှေး၌ဖြစ်သောကြောင့် ထိုဖိုလ်စိတ်အား မိမိ၏အာသေဝနဂုဏ်ကို မယူစေနိုင်သည်အတွက် အာသေဝနပစ္စည်းမတပ်ပါ။

**မေး။** ဖိုလ်စိတ်သည် ဇောကိစ္စတပ်ပါလျက် အအဘယ်ကြောင့် အာသေဝပစ္စည်းမတပ်ပါသနည်း။

**ဖြေ။** ဖိုလ်ဇောသည် မိမိမှတပါးသော နောက်၌ဖြစ်သောဖိုလ်ဇောကို အာသေဝနဂုဏ်ကို မယူစေနိုင်၊ နောက်၌ဖြစ်သောဖိုလ်ဇောကလည်း ရှေးဖြစ်သောဖိုလ်၏ အာသေဝနဂုဏ်ကိုမယူနိုင်သောကြောင့် အာသေဝနပစ္စည်းမတပ်ပါ။

**မေး။** ဂေါတြဘု, ဝေါဒါန်တို့သည် မဂ်စိတ်အား အဘယ်ကြောင့် အာသေဝနပစ္စည်း တပ်ရပါသနည်း။

**ဖြေ။** ဘုံစသည်တို့၏အစွမ်းအားဖြင့် ဇာတ်ကွဲပြားခြင်းကို အလိုမရှိအပ်

http://www.dhammadownload.com



သောကြောင့် ဂေါတြဘူ,ဝေါဒါန်တို့သည် မဂ်အား အာသေဝန ပစ္စည်းတပ်ရပါသည်။

**မေး။** စိတ္တဇရုပ်တို့သည် စိတ်တို့နှင့်အတူတကွဖြစ်ပါလျက် အဘယ်ကြောင့် သမ္ပယုတ္တပစ္စည်းမတပ်ရပါသနည်း။

**ဖြေ။** ဧကုပ္ပါဒစသော သမ္ပယောဂလက္ခဏာလေးပါး မရှိသောကြောင့် သမ္ပယုတ္တပစ္စည်းမတပ်ပါ။

**မေး။** သဟဇာတ စေတနာ အရ ကျေးဇူးပြုပုံအသီးသီးကို ခွဲခြားပြပါ။

**ဖြေ။** စေတနာအားလုံးတို့သည် နာမ်တရားတို့အား၄င်း၊ပဋိသန္ဓေစေတနာသည် ကမ္မဇရုပ်တို့အား၄င်း၊ ပဝတ္တိအခါ ရုပ်ကိုဖြစ်စေတတ်သော စိတ်နှင့်တကွဖြစ်သော စေတနာသည် စိတ္တဇရုပ်တို့အား၄င်း၊ အသီးသီး ကျေးဇူးပြု၏။

**မေး။** ဝိပါကက္ခန္ဓာ အညမည–ဝယ် ဝိပါကအရ အကျိုးဝိပါက်သည် ရုပ်, နာမ်ဟု နှစ်မျိုးရှိရာ အဘယ်အကျိုးဝိပါက်ကို ယူသင့်ပါသနည်း။

**ဖြေ။** ကမ္မဇရုပ်သည် ဝိပါကဟူသောအမည်ကို မရနိုင်သောကြောင့် ပဋိသန္ဓေဝိညာဏ်စသော နာမ်တရားဖြစ်သော အကျိုးဝိပါက်ခန္ဓာကိုသာ ယူသင့်ပါသည်။

**မေး။** ကံကြောင့်ဖြစ်သော ကမ္မဇရုပ်တို့ကို အဘယ်ကြောင့် ဝိပါကဟု မခေါ်နိုင်ပါသနည်း။

**ဖြေ။** နာမ်တရား၏အဖြစ်အားဖြင့်၄င်း၊ သာရမ္မဏတရား၏ အဖြစ်အားဖြင့်၄င်း၊ အကြောင်းဖြစ်သောကံနှင့်တူသော နာမ်တရားတို့၌သာလျှင်

http://www.dhammadownload.com



ဝိပါကသဒ္ဒါသည် ထင်ရှားသောကြောင့် ကမ္မရုပ်များကို ဝိပါကဟု မခေါ်နိုင်ပါ။

**မေး။** ရှေးဦးစွာဖြစ်နှင့်သော ပစ္စယုပ္ပန်တရားအား နောက်မှ ဖြစ်ပေါ်လာသော ပစ္စည်းတရားက အဘယ်ကြောင့် ကျေးဇူးပြုနိုင်ပါသနည်း။

**ဖြေ။** ရုပကာယခန္ဓာအစဉ် မပြတ်ခြင်း၏ အကြောင်း အဖြစ်ဖြင့် ထောက်ပန့်ခြင်း၌ ပစ္ဆာဇာတပစ္စည်း၏ ကိစ္စများပါရဖြစ်သောကြောင့် ကျေးဇူးပြုနိုင်ပါသည်။

**မေး။** ပဋိသန္ဓေအခါ ဆဝတ္ထုတို့သည် ပုရေဇာတပစ္စည်း ဖြစ်နိုင်ပါလျက် အဘယ်ကြောင့် "ဆဝတ္ထူနိ ပဝတ္တိယံ"ဟု ဆိုပါသနည်း။

**ဖြေ။** ပဋိသန္ဓေအခါ ဂဗ္ဘသေယျကသတ္တဝါတို့အား စက္ခုစသောဝတ္ထုမဖြစ်သင့်သောကြောင့်၄င်း၊ သံသေဒဇ,ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေအခါ စက္ခုစသောဝတ္ထုဖြစ်နိုင်သော်လည်း ထိုထိုဝိညာဏ်တို့၏ ပစ္စည်းအဖြစ်သို့မကပ်ရောက်သောကြောင့်၄င်း၊ ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဟဒယဝတ္ထုသည်လည်း ပုရေဇာတအဖြစ်မရှိသောကြောင့်၄င်း၊ "ဆဝတ္ထူနိ ပဝတ္တိယံ"ဟု ဆိုရပါသည်။

**မေး။** ပဉ္စာရမ္မဏာနိ ပဉ္စဝိညာဏဝိထိယာ ဟုဆိုသဖြင့် အာရမ္မဏပုရေဇာတ၌ ဓမ္မာရုံကို မရနိုင်ဟု မှတ်ရပါမည်လော။

**ဖြေ။** ပဋ္ဌာန်းပဉှာဝါရ၌ "သေက္ခာဝါ ပုထုဇ္ဇနောဝါ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ"စသည် သာမညအားဖြင့် ပစ္စုပ္ပန်စက္ခုဝတ္ထုစသည်တို့ကိုလည်း ယူအပ်သောကြောင့် ဓမ္မာရုံအာရမ္မဏပုရေဇာတကိုလည်း မနောဝိညာဏဝိထိ၌ ရနိုင်ပါသည်။

http://www.dhammadownload.com



**မေး။** ပကတူပနိဿယ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** အာရမ္မဏူပနိဿယ, အနန္တရူပနိဿယတို့နှင့် မရောနှောသော မိမိ၏ သဘောအားဖြင့်သာလျှင် အားကြီးသော လွန်ကဲသော အကြောင်းပစ္စည်းသည် ပကတူပနိဿယမည်၏။

**မေး။** အနန္တရပစ္စည်းနှင့် အနန္တရူပနိဿယပစ္စည်းတို့၏ အထူးကို ရေးပါ။

**ဖြေ။** မိမိ၏အခြားမဲ့၌ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကိုဖြစ်စေသည်၏ အစွမ်းအားဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် အနန္တရပစ္စည်းမည်၏၊ အားကြီးသောအကြောင်း၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် အနန္တရူပနိဿယပစ္စည်းမည်၏။

**မေး။** ယထာရဟံ အဇ္ဈတ္တဥ္စ ဗဟိဒ္ဓါစ အရ ပကတူပနိဿယပစ္စည်း၏ ယထာရဟအားဖြင့် ကျေးဇူးပြုပုံကို ရေးပါ။

**ဖြေ။** မိမိ၏အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရာဂစသောတရားတို့သည်၄င်း၊ သဒ္ဓါစသောတရားတို့သည်၄င်း၊ မိမိ၏ကုသိုလ်စသောတရားတို့အား အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုကုန်၏။

ကလျာဏမိတ္တ၏ သဒ္ဓါစသည်တို့ကိုမှီ၍ ကုသိုလ်ပြုကုန်သော သူတစ်ပါးတို့၏ကုသိုလ်စသောတရားတို့အား မိမိ၏သဒ္ဓါစသည်တို့သည် အားကြီးသောမှီရာဖြစ်၍ ကျေးဇူးပြုပါသည်။

**မေး။** သုခံ , ဒုက္ခံ , ပုဂ္ဂလော အရတို့ကို ကောက်ပြပါ။

**ဖြေ။** သုခံအရ= ကာယိကသုခကို ယူရမည်။

ဒုက္ခံအရ= ကာယိကဒုက္ခကို ယူရမည်။

ပုဂ္ဂလောအရ= ကလျာဏမိတ္တစသော ပုဂ္ဂိုလ်ကို ယူရမည်။

http://www.dhammadownload.com



**မေး။** နှစ်ဆဲ့လေးပစ္စည်းတို့တွင် ပစ္စယမဟာပဒေသမည်သော ပစ္စည်းကို သင်္ဂဟထောက်၍ပြေပါ။

**ဖြေ။** မဟာတ ဟောတိ ပကတူပနိဿယော ကို ထောက်၍ ဥပနိဿယ ပစ္စည်းဖြစ်ပါသည်။

**မေး။** အာရမ္မဏာဓိပတိ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** အလေးအမြတ်ပြုအပ်သော ဈာန်မဂ်, ဖိုလ်, ဝိပဿနာ, နိဗ္ဗာန် စသောအာရုံသည် ဆင်ခြင်ခြင်း,သာယာခြင်းစသောတရား၊ မဂ်ဖိုလ် စသောတရားတို့ကို မိမိနှင့်စပ်သည်ကို ပြုတတ်သောကြောင့် အာရမ္မ ဏာဓိပတိမည်၏။

**မေး။** အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယတို့၏ အထူးကို ရေးပါ။

**ဖြေ။** အလေးအမြတ်ပြုအပ်ကာမျှဖြစ်သောတရားသည် အာရမ္မဏာဓိ ပတိ ပစ္စည်းမည်၏။
အလေးအမြတ်ပြုအပ်သောအားဖြင့် အားကြီးသော အကြောင်း၏အဖြစ် ဖြင့် ကျေးဇူးပြုတတ်သောတရားသည် အာရမ္မဏူပနိဿယပစ္စည်းမည် ၏။ ဤသို့ထူးပါသည်။

**မေး။** နာမ်တရားက ရုပ်တရားအား သဟဇာတသတ္တိ , အညမညသတ္တိ ဖြင့် ကျေးဇူးပြုမှုသည် အဘယ်ကို ရည်ရွယ်၍ ဟောပါသနည်း။

**ဖြေ။** ပဋိသန္ဓေအခါ ဟဒယဝတ္ထုကို ရည်ရွယ်၍ ဟောတော်မူပါသည်။

**မေး။** စိတ်,စေတသိက်ဟူသော နာမက္ခန္ဓာလေးပါးတို့သည် စိတ္တဇရုပ်နှင့် အတူတကွဖြစ်ပါလျက် အဘယ်ကြောင့် အညမညပစ္စယသတ္တိဖြင့်

http://www.dhammadownload.com



ကျေးဇူးမပြုနိုင်ပါသနည်း

**ဖြေ။** အတုတကွဖြစ်ရုံမျှဖြင့် အညမညပစ္စည်းမဖြစ်နိုင်၊ အချင်းချင်း ထောက်ပန့်နိုင်စေသည်၏ အစွမ်းအားဖြင့်သာလျှင် အညမညပစ္စည်း ဖြစ်သောကြောင့် ကျေးဇူးမပြုနိုင်ပါ။

***(မှတ်ချက်)***မဟာဘုတ်တို့နှင့် ဥပါဒါရုပ်တို့သည် အတုတကွဖြစ်ပါလျက် အညမညပစ္စယသတ္တိဖြင့် ကျေးဇူးမပြုခြင်း အကြောင်းကို မေးလျှင်လည်း အထက်ပါအဖြေကိုပင် ဖြေရမည်။

**မေး။** အသညသတ်သတ္တဝါတို့အား တကွဖြစ်သော နာမ်အာဟာရမရှိသောကြောင့် "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"ဟူသောစကားနှင့် မဆန့်ကျင်အောင် အဘယ်သို့ ယူရပါမည်နည်း။

**ဖြေ။** မနောသဉ္စေတနာဟာရ၏ အစွမ်းဖြင့်ဖြစ်သောကံ၏ငှင်း၊ ထိုကံနှင့် တကွဖြစ်ကုန်သော ကြွင်းသောအာဟာရတို့၏ငှင်း၊ ကမ္မပစ္စည်း, ဥပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုသည်၏အဖြစ်ဟူသော အကြောင်းပရိယာယ်ကိုယူ၍ "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ"ဟူသော စကားကို ဟောတော်မူပြီး၊ အာဟာရပစ္စည်းဖြစ်သောကြောင့် ဟောတော်မူခြင်း မဟုတ်ရကား စကားနှစ်ရပ် မဆန့်ကျင်ပါ။

***(မှတ်ချက်)*** သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ ၌ သဗ္ဗေ သတ္တာ အရ အသညသတ်မြဟ္မာတို့ကို ယူသင့်/ မယူသင့် မေးလျှင်လည်း အထက်ပါ အဖြေကိုပင် ဖြေရပါမည်။

**မေး။** ဣတ္ထိန္ဒြေ ,ပုရိသိန္ဒြေနှစ်ပါးတို့ကို ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် အဘယ်ကြောင့် မဟောရပါသနည်း။

**ဖြေ။** ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေတို့သည် လိင်္ဂစသည်တို့ကို ဣန္ဒြိယပစ္စည်း အဖြစ်ဖြင့် မိမိသို့မလိုက်စေနိုင်သောကြောင့် မိမ္မ,ယောကျ်ားဟု သိစေခြင်း

http://www.dhammadownload.com



မျှသာဖြစ်သည့်အတွက် ဣန္ဒြိယပစ္စည်းအဖြစ်ဖြင့် မဟောပါ။

**မေး။** အဘယ်ကဲ့သို့သောတရားမျိုးကို ဝိပ္ပယုတ္တပစ္စည်းအဖြစ်ဟော၍၊ အဘယ် တရားမျိုးကို ဝိပ္ပယုတ္တပစ္စည်းအဖြစ် မဟောပါသနည်း။

**ဖြေ။** စက္ခုပသာဒစသည်တို့၏အတွင်းမှထွက်ကုန်သကဲ့သို့ ဖြစ်ကုန်သော နာမ်တရားတို့သည်၎င်း၊ နာမ်တရားတို့ကိုမှီ၍ ဖြစ်ကုန်သော ရုပ်တရားတို့သည်၎င်း၊ အချင်းချင်းသမ္ပယုတ်ဖြစ်လေသလော / ဝိပ္ပယုတ်ဖြစ်လေသလောဟု ယုံမှားဘွယ်ရှိသောကြောင့် ထိုတရားမျိုးကို ဝိပ္ပယုတ္တပစ္စည်း အဖြစ် ဟောတော်မူပါသည်။

ရုပ်တရားအချင်းချင်း ဝိပ္ပယုတ်ကေန်ဖြစ်၍ သမ္ပယုတ်လေလောဟု ယုံမှားဘွယ်မရှိသောကြောင့်၎င်း၊ ရူပါရုံစသည်တို့သည် စက္ခုဝိညာဏ်စသည်တို့နှင့် သမ္ပယုတ်လေလောဟု ယုံမှားဘွယ်မရှိသောကြောင့်၎င်း၊ ထိုတရားမျိုးကို ဝိပ္ပယုတ္တပစ္စည်းအဖြစ် မဟောပါ။

**မေး။** နိဗ္ဗာန်သည် ထင်ရှားရှိသောတရားမျိုး ဖြစ်ပါလျက် အတ္ထိ ,အဝိဂတပစ္စည်းတို့၌ အဘယ်ကြောင့် မဟောပါသနည်း။

**ဖြေ။** ပစ္စုပ္ပန်သဘောမရှိခြင်းကြောင့် ကျေးဇူးမပြုနိုင်သော အနာဂတ်တရားတို့၏သာလျှင် ပစ္စုပ္ပန်သဘောရသည့်အခါ ကျေးဇူးပြုတတ်သည်၏အဖြစ်သည် အတ္ထိ,အဝိဂတပစ္စည်းမည်သောကြောင့် အမြဲထင်ရှားရှိသော နိဗ္ဗာန်သည် အတ္ထိ , အဝိဂတပစ္စည်းမတပ်ပါ။

*(တနည်း)* ဥပါဒ်,ဌီ,ဘင်နှင့်ယှဉ်သော တရားတို့သည်သာလျှင် ကျေးဇူးပြုတတ်သောအဖြစ်ကို အတ္ထိပစ္စည်း,အဝိဂတပစ္စည်းဟု ခေါ်သောကြောင့် ဥပါဒ်,ဌီ,ဘင်သဘောမရှိသော နိဗ္ဗာန်သည် "အတ္ထိ,အဝိဂတပစ္စည်း မတပ်ပါ။

http://www.dhammadownload.com



**မေး။** ရုပ်ဇီဝိတိန္ဒြေကို သဟဇာတပစ္စည်းစသည်တို့၌ မယူဘဲ အတ္ထိပစ္စည်း အဝိဂတပစ္စည်း၌ အဘယ်ကြောင့် သီးခြားဟောရပါသနည်း။

**ဖြေ။** ဩဇာကဲ့သို့ ဌိခဏာ၌သာလျှင် ကျေးဇူးပြုတတ်သောကြောင့် ရုပ်ဇီဝိတိန္ဒြေကို သဟဇာတ၌မဟောဘဲ အတ္ထိ၊အဝိဂတ၌ သီးခြားဟောရပါသည်။

**မေး။** အလုံးစုံသောပစ္စည်းတို့ကို အာရမ္မဏပစ္စည်း၌အဘယ်ကြောင့်ပေါင်းယူနိုင်ပါသနည်း။

**ဖြေ။** စိတ်စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက်နိုင်သော တစ်စုံတစ်ခုသောပစ္စည်းမည်သည် မရှိသောကြောင့် ပစ္စည်းအားလုံးတို့ကို အာရမ္မဏပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။

**မေး။** အလုံးစုံသောပစ္စည်းတို့ကို ဥပနိဿယပစ္စည်း၌ အဘယ်ကြောင့် ပေါင်းယူနိုင်ပါသနည်း။

**ဖြေ။** မိမိပစ္စယုပ္ပန်တရား၏ အားကြီးသောမှီရာ ဥပနိဿယအဖြစ်သို့ မရောက်နိုင်သောပစ္စည်းမည်သည် မရှိနိုင်သောကြောင့် အလုံးစုံသော ပစ္စည်းတို့ကို ဥပနိဿယပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။

**မေး။** အလုံးစုံသောပစ္စည်းတို့ကို ကမ္မပစ္စည်း၌ အဘယ်ကြောင့် ပေါင်းယူနိုင်ပါသနည်း။

**ဖြေ။** သင်္ခါရလောက၏ဖြစ်ခြင်းသည် ကံလျှင်အကြောင်းရှိသည်၏အဖြစ်ကြောင့် အကြောင်း၏အမည်ကို အကျိုး၌တင်စားသောအားဖြင့် အလုံးစုံသော ပစ္စည်းတို့သည် ကံ၏အဖြစ်ကို မလွန်သောကြောင့် အလုံးစုံသော ပစ္စည်းတို့ကို ကမ္မပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။

http://www.dhammadownload.com



**မေး။** အလုံးစုံသောပစ္စည်းတို့ကို အတ္ထိပစ္စည်း၌ အဘယ်ကြောင့် ပေါင်းယူနိုင်ပါသနည်း။

**ဖြေ။** ပစ္စည်းအားလုံးတို့သည် ပရမတ္ထအားဖြင့်၄င်း၊ လောကသမ္မုတိ၏ အစွမ်းဖြင့်၄င်း၊ ထင်ရှားရှိကြသည်သာဖြစ်ကြသောကြောင့် အလုံးစုံသောပစ္စည်းတို့ကို အတ္ထိပစ္စည်း၌ ပေါင်းယူနိုင်ပါသည်။

**မေး။** ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်တို့ကို အဘယ်ကြောင့် မရနိုင်ပါသနည်း။

**ဖြေ။** ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်မဖြစ်သောကြောင့် မရနိုင်ပါ။

**မေး။** ပဝတ္တိအခါ ကမ္မဇရုပ်တို့ကို အဘယ်ကြောင့် မရနိုင်ပါသနည်း။

**ဖြေ။** ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့၏ စိတ်စေတသိက်တို့နှင့် အတူတကွဖြစ်ခြင်း အမြဲမရှိသောကြောင့် ပဝတ္တိအခါ ကမ္မဇရုပ်တို့ကို မရပါ။

**မေး။** ကမ္မဇရုပ်ကို အဘယ်ကြောင့် ကဋတ္တာရုပ်ဟု ခေါ်ပါသနည်း။

**ဖြေ။** ရှေးဘဝအတိတ်ကံနှင့် ဒိဋ္ဌဓမ္မဝေဒနိယကံသည် ပြုအပ်သောကြောင့် ကမ္မဇရုပ်ကို ကဋတ္တာရုပ်ဟုခေါ်ပါသည်။

**မေး။** တေကာလိကာ ဓမ္မာအရ (၂၄)ပစ္စည်းတို့ကို ကာလအားဖြင့်ပိုင်းခြားပြပါ။

**ဖြေ။** အနန္တရ ,သမနန္တရ ,အာသေဝန ,နတ္ထိ , ဝိဂတဤငါးပစ္စည်းတို့သည် အတီတကာလိကပစ္စည်းတို့မည်၏။
ကမ္မပစ္စည်းသည် အတိတ်,ပစ္စုပ္ပန် အားဖြင့် ဒွေကာလိကပစ္စည်းမည်၏။

http://www.dhammadownload.com



အာရုမ္မဏ , အဓိပတိ, ဥပနိဿယ, သုံးပစ္စည်းတို့သည် လောကာလိက ပစ္စည်းမည်၏။ ကြွင်းသော(၁၅)ပစ္စည်းသည် ပစ္စုပ္ပန္နကာလိကပစ္စည်း မည်ပါသည်။

**မေး။** သဒ္ဒပညတ်တို့ကို ပုံစံတစ်ခုစီဖြင့် ရှင်းပြပါ။

**ဖြေ။** (၁) ရုပ်ဝေဒနာစသော ပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ကြောင့် ဝိဇ္ဇမာနပညတ်မည်၏၊

(၂)မြေ,တောင်,သစ်ပင်စသောပညတ်သည် ပရမတ္ထအားဖြင့် ထင်ရှား မရှိသောကြောင့် အဝိဇ္ဇမာနပညတ်မည်၏။

(၃)ဆဠဘိညော–၌ အဘိညာဉ်ခြောက်ပါးသည် ပရမတ္ထအားဖြင့်ထင်ရှား ရှိသောကြောင့်ဝိဇ္ဇမာန၊ အဘိညာဉ်ရသောပုဂ္ဂိုလ်သည်ကား ပရမတ္ထ အားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနဖြစ်၍ ဆဠဘိညော သည် ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်မည်၏။

(၄)ဣတ္ထိသဒ္ဒေါ–၌ မိမ္မဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ကြောင့် အဝိဇ္ဇမာန၊ အသံသည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော ကြောင့် ဝိဇ္ဇမာနဖြစ်သည်အတွက် အဝိဇ္ဇမာနေန,ဝိဇ္ဇမာန ပညတ် မည်၏။

(၅)စက္ခုဝိညာဏံ ၌ စက္ခုအရ စက္ခုပသာဒသည်၄င်း၊ ဝိညာဏံအရ ပသာဒစက္ခုကိုမှီ၍ဖြစ်သော ဝိညာဏ်သည်၄င်း၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသောကြောင့် ဝိဇ္ဇမာနေန, ဝိဇ္ဇမာနပညတ်မည်၏။

(၆)ရာဇပုတ္တော–၌ ရာဇအရ မင်းသည်၄င်း၊ ပုတ္တောအရ သားသည်၄င်း၊ ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန, အဝိဇ္ဇ မာနပညတ်မည်၏။

http://www.dhammadownload.com



**မေး။** နွားဟူသောအနက်ဒြပ်ကို သိနိုင်ရန် ဝီထိပေါင်း မည်မျှဖြစ်မှ သိနိုင်ပါသနည်း။

**ဖြေ။** ရှေးဦးစွာ နွားဟူသောအသံကို ကြားသောအခါ ထိုပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ သောတဝိညာဏဝီထိဖြစ်၏။ ထို့နောက် လွန်ပြီး ချုပ်ပြီးသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရ ဝီထိဖြစ်၏၊ ထို့နောက် ဂေါဟူသောနာမပညတ်(သဒ္ဒပညတ်)ကို အာရုံပြု၍ သဒ္ဒမနောဒွါရဝီထိဖြစ်၏

ထို့နောက် ထိုနာမပညတ်ကို အစဉ်လျောက်၍ နွားဟူသောအနက်ဒြပ် အတ္ထပညတ်ကိုအာရုံပြု၍ သဒ္ဒမနောဒွါရဝီထိဖြစ်၏၊ ဤသို့ လေးဝီထိဖြစ်ပြီးမှသာ နွားဟူသောအနက်ဒြပ်အတ္ထပညတ်ကို သိနိုင်ပါသည်။

အက္ခရာနှစ်လုံးရှိသော အဿော ဟူသောအသံ၌ အသံဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ပထမသောတဝိညာဏဝီထိ၊

ထို့နောက် လွန်ပြီးချုပ်ပြီးသော အသံဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တကမနောဒွါရဝီထိ ဖြစ်၏။

ထို့အတူ ဿော ဟူသော ပစ္စုပ္ပန်သဒ္ဒါရုံကို ကြားရာ၌ သောတဝိညာဏဝီထိ ၊ ထို့နောက် လွန်ပြီးချုပ်ပြီးသော ဿောဟူသော အတိတ်သဒ္ဒါရုံကို အာရုံပြု၍ တဒနုဝတ္တက မနောဒွါရဝီထိ ၊ ဤသို့ လေးဝီထိ ကျပြီးနောက် မြင်း ဟူသောနာမပညတ်ကို အာရုံပြု၍ ငါးခုမြောက် သဒ္ဒမနောဒွါရဝီထိ ဖြစ်၏၊ ထို့နောက် မြင်းဒြပ်ဟူသောအတ္ထပညတ်ကို အာရုံပြု၍ ခြောက်ခုမြောက် သဒ္ဒမနောဒွါရဝီထိဖြစ်၏၊ ဤသို့ (၆)ဝီထိဖြစ်ပြီးသောအခါမှ မြင်းဟူသောအနက်ဒြပ်ကို သိရပါသည်။

http://www.dhammadownload.com



## ဝိထိဖြစ်ပုံအစဉ် မှတ်သားရန်

### ဂါထာ

သဒ္ဒံ ပဌမစိတ္တေန ၊ တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန ၊အတ္ထံ စတုတ္ထစေတသာ။

သဒ္ဒံ–ပစ္စုပ္ပန်သဒ္ဒါရုံကို၊ ပဌမစိတ္တေန– ပထမသောတဝိညာဏဝိထိဖြင့်၊ ဇာနာတိ– သိ၏၊ တီတံ– လွန်ပြီး,ချုပ်ပြီးသော အတိတ်သဒ္ဒါရုံကို၊ ဒုတိယစေတသာ–ဒုတိယမြောက် တဒနုဝတ္တကမနောဒွါရဝိထိဖြင့်၊ ဇာနာတိ–သိ၏၊ နာမံ– နာမပညတ်ကို၊ တတိယစိတ္တေန– တတိယမြောက် မနောဒွါရဝိထိဖြင့်၊ ဇာနာတိ–သိ၏၊ အတ္ထံ– အနက်ဒြပ် အတ္ထပညတ်ကို၊ စတုတ္ထစေတသာ–စတုတ္ထမြောက် မနောဒွါရဝိထိဖြင့်၊ ဇာနာတိ–သိ၏။

ဝစ္စည်းဝိုင်း+အခွင့်ပြီး၏

## ကမ္မဋ္ဌာန်းပိုင်း * အဓိပ္ပါယ်

**မေး။** သမထ နှင့် ဝိပဿနာတို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ကာမစ္ဆန္ဒစသော နီဝရဏတရားတို့ကို ငြိမ်းစေတတ်သောကြောင့် သမထဟုခေါ်ပါသည်။

အနိစ္စစသော အထူးထူးအပြားပြားသော အခြင်းအရာဖြင့် လက္ခဏာယာဉ်သုံးပါးသို့တင်၍ ရှုအပ်သောကြောင့် ဝိပဿနာ ဟုခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် ကမ္မဋ္ဌာန်းဟု ခေါ်ပါသနည်း။

**ဖြေ။** သမထဝိပဿနာဟူသော ဘာဝနာကံနှစ်ပါး၏ဖြစ်ရာ,ဖြစ်ကြောင်း ဖြစ်သောကြောင့်၎င်း၊ အထက်အထက်ဖြစ်သော အားထုတ်မှု၏ နီးစွာသော အကြောင်းဖြစ်သောကြောင့်၎င်း၊ ကမ္မဋ္ဌာန်းဟုခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် စရိုက်ဟု ခေါ်ပါသနည်း။

**ဖြေ။** သတ္တဝါတို့၏ သန္တာန်၌ အဖြစ်များခြင်းသဘောကို စရိုက်ဟုခေါ်ပါသည်။

**မေး။** စရိုက်အပြားကို မူလ၏အစွမ်းအားဖြင့်၄င်း၊ သံသဂ္ဂ၏အစွမ်းအားဖြင့်၄င်း၊ ရေတွက်ပြပါ။

**ဖြေ။** စရိုက်သည် မူလ၏အစွမ်းအားဖြင့် ရာဂစရိုက် ,ဒေါသ, မောဟ, သဒ္ဓါ,ဗုဒ္ဓိ,ဝိတက္ကစရိုက်ဟု (၆)မျိုးရှိပါသည်။

သံသဂ္ဂ၏အစွမ်းအားဖြင့် (၆၃)ပါးရှိပါသည်။

**မေး။** သံသဂ္ဂ(ရောနှောခြင်း)၏အစွမ်းအားဖြင့် စရိုက်(၆၃)မျိုး ဖြစ်ပုံကို သိသာရုံ ရေးခဲ့ပါ။

**ဖြေ။** (၁)ရာဂ, ဒေါသ, မောဟ, ၊ ရာဂဒေါသ, ရာဂမောဟ, ဒေါသမောဟ, ရာဂဒေါသမောဟ ဟု သတ္တကတစ်ခု၊

(၂)သဒ္ဓါ,ဗုဒ္ဓိ,ဝိတက္က,၊ သဒ္ဓါဗုဒ္ဓိ,သဒ္ဓါဝိတက္က,ဗုဒ္ဓိဝိတက္က, သဒ္ဓါဗုဒ္ဓိဝိတက္ကဟု သတ္တကတစ်ခု၊

(၃)ရာဂသဒ္ဓါ,ရာဂဗုဒ္ဓိ,ရာဂဝိတက္က,၊ ရာဂသဒ္ဓါဗုဒ္ဓိ, ရာဂသဒ္ဓါဝိတက္က, ရာဂဗုဒ္ဓိဝိတက္က, ရာဂသဒ္ဓါဗုဒ္ဓိဝိတက္က ဟု ရာဂမူလသတ္တကတစ်ခု၊

(၄)ဒေါသသဒ္ဓါ,ဒေါသဗုဒ္ဓိ,ဒေါသဝိတက္ကစသောဒေါသမူလသတ္တကတခု

(၅)မောဟသဒ္ဓါ, မောဟဗုဒ္ဓိ, မောဟဝိတက္ကစသောမောဟမူလသတ္တကတခု၊

(၆)ရာဂဒေါသသဒ္ဓါ, ရာဂဒေါသဗုဒ္ဓိ, ရာဂဒေါသဝိတက္ကစသော ရာဂဒေါသဒ္ဓိမူလသတ္တကတစ်ခု၊

(၇)ရာဂမောဟသဒ္ဓါ, ရာဂမော်ဟဗုဒ္ဓိ, ရာဂမောဟဝိတက္ကစသော ရာဂ

http://www.dhammadownload.com



မောဟဒွိမူလသတ္တကတစ်ခု၊

(၈)ဒေါသမောဟသဒ္ဓါ, ဒေါသမောဟမုဒ္ဓိ, ဒေါသမောဟဝိတက္က စသော ဒေါသမောဟဒွိမူလသတ္တကတစ်ခု၊

(၉)ရာဂဒေါသမောဟသဒ္ဓါ, ရာဂဒေါသမောဟမုဒ္ဓိ, ရာဂဒေါသမောဟ ဝိတက္ကစသော ရာဂဒေါသမောဟ တိမူလသတ္တကတစ်ခု၊

ဤသို့လျှင် သံသဂ္ဂ(ရောနှောခြင်း)၏အစွမ်းအားဖြင့်— စရိုက်တို့သည် (၆၃)ပါးဖြစ်ပါသည်။

***(ကေစိဝါဒအလို)*** ဒိဋ္ဌိစရိုက်တစ်ခုထည့်၍ စရိုက်(၆၄)ပါးရှိပါသည်။

**မေး။** ဘာဝနာသုံးပါးတို့၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** (၁)အပ္ပနာဘာဝနာကိုပြုပြင်တတ်သော ကံဖြစ်သော ကာမာဝစရဘာဝ နာသည် ပရိကမ္မဘာဝနာမည်၏။

(တနည်း) အပ္ပနာဘာဝနာ၏အစ ဘာဝနာကံဖြစ်သော ကာမာ ဝစရဘာဝနာသည် ပရိကမ္မဘာဝနာမည်၏။

(၂)နီဝရဏတို့ကို ပယ်ခွါသည်မှစ၍ ဂေါတြဘူအဆုံးရှိသော ကာမာဝ စရဘာဝနာသည် အပ္ပနာ၏အနီး၌ဖြစ်သောကြောင့် ဥပစာရ ဘာဝနာမည်၏

(၃)အပ္ပနာဟုဆိုအပ်သော ဝိတက်လျှင်အကြီးအမှူးရှိသောကြောင့် မဟဂ္ဂုတ်အဖြစ်သို့ ရောက်သောဘာဝနာသည် အပ္ပနာဘာဝနာ မည်၏။

**မေး။** ဝိတက်ကို အဘယ်ကြောင့် အပ္ပနာဟုခေါ်ပါသနည်း၊ ၄င်းအပ္ပနာ အရ မုချ/ဥပစာအားဖြင့် ကောက်ပြပါ။

**ဖြေ။** သမ္ပယုတ်တရားတို့ကို အာရုံ၌ကျစေသကဲ့သို့ ဖြစ်တတ်သောကြောင့်

http://www.dhammadownload.com



စိတက်ကို အပ္ပနာဟုခေါ်ပါသည်။ ၄င်းအပ္ပနာအရ=မုချအားဖြင့် ဝိတက်ကို ရ၏၊
ဥပစာအားဖြင့်=ဝိတက်လျှင်အမှူးရှိသော မဟဂ္ဂုတ်,လောကုတ္တရာဈာန်တရားအားလုံးကို ရပါသည်။

မေး။ နိမိတ်သုံးပါး၏ အဓိပ္ပါယ်ကို ရေးပါ။

ဖြေ။ (၁)ပရိကမ္မဘာဝနာ၏အာရုံဖြစ်သောကြောင့် ပထဝီကသိုဏ်းဝန်းစသော နိမိတ်သည် ပရိကမ္မနိမိတ်မည်၏၊
၄င်းပရိကမ္မနိမိတ်အရ ပထဝီကသိုဏ်းဝန်းစသည်ကို ရ၏။
(၂)ပထဝီကသိုဏ်းစသည်ပင်လျှင် မျက်စိဖြင့်မြင်ရသကဲ့သို့ မနောဒွါရ၌ဖြစ်သော စိတ်ဖြင့်ယူအပ်သော နိမိတ်ဖြစ်သောကြောင့် (တနည်း)ယူအပ်ပုဂ္ဂိုလ်၏ နိမိတ်ဖြစ်သောကြောင့် ဥဂ္ဂဟနိမိတ်မည်၏။
၄င်းဥဂ္ဂဟနိမိတ်အရ ပရိကမ္မနိမိတ်နှင့် အရတူ၏။
(၃)ဥပစာရဘာဝနာ ,အပ္ပနာဘာဝနာတို့၏ အာရုံဖြစ်သောကြောင့် ကသိုဏ်းအပြစ်မှကင်းသော ကသိုဏ်းဝန်းစသောအာရုံသည် ပဋိဘာဂနိမိတ်မည်၏

မေး။ ပထဝီကသိုဏ်း၏ အဓိပ္ပါယ်နှင့် အရကို ရေးပါ။

ဖြေ။ တစ်စိတ်တစ်ဒေသဖြစ်သော မြေကြီးစသည်၌ မတည်မူ၍ အဆုံးအပိုင်းအခြားမရှိသော မြေကြီးစသည်ကို ပွါးများသောအားဖြင့် နှံ့တတ်သော အလုံးစုံဟုသောအနက်သဘောကြောင့် ကသိုဏ်းမည်၏။
ပထဝီကသိဏအရ=ကသိုဏ်းဝန်းကိုငင်း၊ ပဋိဘာဂနိမိတ်ကိုငင်း၊ ထိုကသိုဏ်းဝန်းနှင့်ပဋိဘာဂနိမိတ်လျှင်အာရုံရှိသောဈာန်ကိုငင်း၊ရ၏။

http://www.dhammadownload.com



**မေး။** ကသိုဏ်းဆယ်ပါးကို ဘူတ,ဝဏ္ဏ ,အာကာသ ,အာလောက ကသိုဏ်း အားဖြင့် ခွဲခြားပြပါ။

**ဖြေ။** (၁) ပထဝီ , အာပေါ , တေဇော ,ဝါယောကသိုဏ်းအားဖြင့် လေးပါးသည် ဘူတကသိုဏ်းမည်၏။

(၂) နီလ , ပီတ , လောဟိတ , ဩဒါတ ဟူသော ကသိုဏ်းလေးမျိုးသည် ဝဏ္ဏကသိုဏ်းမည်၏။

(၃) ပရိစ္ဆိန္နာကာသသည် အာကာသကသိုဏ်းမည်၏။

(၄) လ,ရောင်စသော အလင်းသည် အာလောကကသိုဏ်းမည်ပါသည်။

**မေး။** ဝိက္ခိတ္တကအသုဘကမ္မဋ္ဌာန်းနှင့် ဟတဝိက္ခိတ္တကအသုဘကမ္မဋ္ဌာန်း တို့၏ အထူးကိုရေးပါ။

**ဖြေ။** ခွေး,မြေခွေးစသည်တို့သည် အထူးထူးအပြားပြားသော အခြင်းအရာ အားဖြင့် ကိုက်ဖြတ်၍ ထိုထိုအရပ်၌ စွန့်ပစ်အပ်သော စက်ဆုပ်ဘွယ်ရှိ သော အလောင်းကောင်သည် ဝိက္ခိတ္တကအသုဘကမ္မဋ္ဌာန်းမည်၏။

ကျီးခြေသဏ္ဌာန်စသောအခြင်းအရာအားဖြင့် ဓားလက်နက်ဖြင့် ခုတ်ဖြတ်၍ အထူးထူးအပြားပြား ပစ်လွှင့်အပ်သော စက်ဆုပ်ဘွယ်ရှိ သော အလောင်းကောင်သည် ဟတဝိက္ခိတ္တကအသုဘကမ္မဋ္ဌာန်းမည်၏

**မေး။** အဋ္ဌိကအသုဘကမ္မဋ္ဌာန်း ပွါးများနိုင်ရန် အနည်းဆုံး အရိုးမည်မျှ ရှိရပါမည်နည်း။

**ဖြေ။** အနည်းဆုံး အရိုးတစ်ချောင်းတည်းသည်ပင် အဋ္ဌိကကမ္မဋ္ဌာန်း ဖြစ် နိုင်ပါသည်။

**မေး။** မုဒ္ဒါနုဿတိအရ အဘယ်ကို, အဘယ်သို့, ပွါးများလျှင် မုဒ္ဒါနုဿတိ

http://www.dhammadownload.com



ကမ္မဋ္ဌာန်းဖြစ်နိုင်ပါသနည်း။

**ဖြေ။** အရဟတာအစရှိသော ဗုဒ္ဓ၏ဂုဏ်တော်တည်းဟူသော အာရုံကို အဖန်ဖန် အထပ်ထပ်အောက်မေ့နေလျှင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဖြစ်ပါသည်။ (ဓမ္မာနုဿတိ , သံဃာနုဿတိကမ္မဋ္ဌာန်းများလည်း တူ၏)

**မေး။** သီလာနုဿတိ၌ အဘယ်ကဲ့သို့သော သီလမျိုးသည် အနုဿတိဘာဝနာဖြစ်နိုင်ပါသနည်း။

**ဖြေ။** အခဏ္ဍ, အစ္ဆိဒ္ဒ, အသဗလ, အကမ္မာသ, ဘုဇိဿ, အပရာမဋ္ဌ, ဝိညုပသတ္ထ, သမာဓိသံဝတ္တနိကဟူသော ဂုဏ်ရှစ်ပါးနှင့်ပြည့်စုံသည်ဖြစ်၍ အလွန်စင်ကြယ်သော သီလမျိုးသည် အနုဿတိဘာဝနာ ဖြစ်နိုင်ပါသည်။

**မေး။** ဒေဝတာနုဿတိအရ နတ်တို့ကို အောက်မေ့ရမည်ဟု ဆိုလိုပါသလော။

**ဖြေ။** မဟုတ်ပါ။ နတ်တို့ကိုသက်သေထား၍ နတ်တို့၏ သဒ္ဓါစသောဂုဏ်နှင့်တူသော. မိမိ၏သဒ္ဓါစသော ဂုဏ်တို့ကို အောက်မေ့ခြင်းကို ယူရ၏။

**မေး။** မရဏာနုဿတိအရ အဘယ်သေခြင်းကို အောက်မေ့ရပါသနည်း။

**ဖြေ။** ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းဟူသော မရဏကို အောက်မေ့ခြင်းကို ယူရပါသည်။

**မေး။** ကာယဂတာသတိ၌ ကာယအရ ကောက်ပြပါ။

**ဖြေ။** ကာယအရ ဆံစသော ကောဋ္ဌာသကာယကို ယူရပါသည်။

http://www.dhammadownload.com



**မေး။** အဘယ်ကြောင့် မေတ္တာဟု ခေါ်ပါသနည်း။ မေတ္တာ၏ လက္ခဏာနှင့် တကွ ရေးပါ။

**ဖြေ။** ချစ်တတ်သောကြောင့်၎င်း၊ ချစ်အပ်သောအဆွေခင်ပွန်း၌ဖြစ်တတ်သောကြောင့်၎င်း၊ မေတ္တာဟုခေါ်ပါသည်။ ထိုမေတ္တာသည် သတ္တဝါတို့၏စီးပွါးချမ်းသာကို ဆောင်ခြင်းလက္ခဏာရှိပါသည်။

**မေး။** မေတ္တာစသော လေးမျိုးကို အဘယ်ကြောင့် အပ္ပမညာဟု၎င်း၊ ဗြဟ္မဝိဟာရဟု၎င်း၊ ခေါ်ရပါသနည်း။

**ဖြေ။** အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသောကြောင့် အပ္ပမညာဟုခေါ်ပါသည်။

မြတ်သောနေခြင်းဖြစ်သောကြောင့်၎င်း၊ မြတ်သောပုဂ္ဂိုလ်တို့၏နေရာဖြစ်သောကြောင့်၎င်း၊ ဗြဟ္မဝိဟာရဟုခေါ်ပါသည်။

**မေး။** အာဟာရေ ပဋိကူလသညာဖြစ်အောင် အဘယ်သို့ ပွါးရပါသနည်း၊ ရေး၍ အာဟာရအရကိုလည်း ရေးပါ။

**ဖြေ။** သွားခြင်း , ရှာမှီးခြင်း , သုံးဆောင်ခြင်းစသည်တို့ကို ဆင်ခြင်နှလုံးသွင်းသောအားဖြင့် ပွါးများရပါသည်။

**အာဟာရအရ**= ကဗဠီကာရာဟာရကို ယူရပါသည်။

**မေး။** အဘယ်ကို စတုဓာတုဝဝတ္ထာန်ဟု ခေါ်ပါသနည်း။

**ဖြေ။** ပထဝီစသောဓာတ်လေးပါးတို့၏ တကွ္ခစသော သဘောလက္ခဏာအား၎င်း၊ ဆံပင်စသော သသမ္ဘာရစသည်တို့၏ အစွမ်းအားဖြင့်၎င်း၊ ပိုင်းခြားမှတ်သားခြင်းကို စတုဓာတုဝဝတ္ထာန်ဟု ခေါ်ပါသည်။

http://www.dhammadownload.com



**မေး။** ကမ္မဋ္ဌာန်းလေးဆယ်ကို ပညတ် , ပရမတ်အားဖြင့် ခွဲခြားပြပါ။

**ဖြေ။** ကသိုဏ်းပညတ်(၁၀)ပါး, အသုဘပညတ်(၁၀)ပါး, ကာယဂတာသတိ, အာနာပါနသတိ , အပ္ပမညာလေးပါး , ပထမာရုပ္ပဝိညာဏ် , တတိယာရုပ္ပဝိညာဏ်ဟူသော ကမ္မဋ္ဌာန်း(၂၈)ပါးသည် ပညတ်ကမ္မဋ္ဌာန်းမည်၏။

မှတ်ချက်။ အနုဿတိစသောရှေ့ပိုင်း အနုဿတိ(၈)ပါး, အာဟာရေပဋိကူလ သညာ , စတုဓာတုဝဝတ္ထာန် , ဒုတိယာရုပ္ပဝိညာဏ် , စတုတ္ထာရုပ္ပဝိညာဏ်အားဖြင့် ကမ္မဋ္ဌာန်း(၁၂)ပါးသည် ပရမတ်ကမ္မဋ္ဌာန်းမည်ပါသည်

----------------

## သပ္ပါယဘေဒ + အစွင့်

**မေး။** သပ္ပါယဘေဒကို အဘယ်ကြောင့် ဆိုရပါသနည်း။

**ဖြေ။** ထိုထိုပုဂ္ဂိုလ်၏ စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ပြခြင်းငှါ သပ္ပါယဘေဒကို ဆိုရပါသည်။

**မေး။** အသုဘကမ္မဋ္ဌာန်းကို ရာဂစရိုက်ရှိသူများ အဘယ်ကြောင့် ပွါးများသင့်ပါသနည်း။

**ဖြေ။** ရာဂ၏ ဖြောင့်ဖြောင့် ဆန့်ကျင့်ဘက်ဖြစ်သောကြောင့် ပွါးများသင့်ပါသည်။

**မေး။** အာနာပါနကမ္မဋ္ဌာန်းကို မောဟနှင့် ဝိတက်စရိုက်ရှိသူများ အဘယ်ကြောင့် ပွါးများသင့်ပါသနည်း။

**ဖြေ။** ပညာ၏အာရုံဖြစ်၍ မောဟ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ ဝိတက်၏ပြေးသွားခြင်းကို တားမြစ်တတ်သောကြောင့်၎င်း၊ ပွါးသင့်ပါသည်။

http://www.dhammadownload.com



**မေး။** ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း(၆)မျိုးကို သဒ္ဓါစရိုက်ရှိသူများ အဘယ်ကြောင့် ပွါးများသင့်ပါသနည်း။

**ဖြေ။** သဒ္ဓါတိုးပွါးခြင်း၏အကြောင်းဖြစ်သောကြောင့် သဒ္ဓါစရိုက်ရှိသူများ ပွါးများသင့်ပါသည်။

**မေး။** မရဏ, ဥပသမ, သညာ, ဝဝတ္ထာန်ဟူသော ကမ္မဋ္ဌာန်းလေးမျိုးကို ဗုဒ္ဓိစရိုက်ရှိသူ(ပညာအားကြီးသော)ပုဂ္ဂိုလ်များ အဘယ်ကြောင့် ပွါးသင့်ပါသနည်း။

**ဖြေ။** နက်နဲသည်ဖြစ်၍ ပညာ၏သာ အာရုံဖြစ်သောကြောင့် ပွါးသင့်ပါသည်။

**မေး။** မည်သူမဆို ပွါးများသင့်သော ကမ္မဋ္ဌာန်းတို့ကို သင်္ဂဟနှင့်ညှိ၍ ထုတ်ပြပါ။

**ဖြေ။** သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ ကို ထောက်၍ ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ,အာလောက အာရုပ္ပ(၄)ပါးအားဖြင့် ကမ္မဋ္ဌာန်း(၁၀)ပါးတို့ကို မည်သူမဆို ပွါးနိုင်ပါသည်။

**မေး။** ကျယ်ပြန့်သောကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား အဘယ်ကြောင့် သင့်လျော်ပါသနည်း။

**ဖြေ။** ကျဉ်းမြောင်းသောအာရုံ၌ စိတ်သည် အလွန်တွေဝေသောကြောင့် ကျယ်ပြန့်သောကသိုဏ်းဝန်းသည် မောဟစရိုက်ရှိသူအား သင့်လျော်ပါသည်။

http://www.dhammadownload.com



**မေး။** ငယ်သော(ကျဉ်းသော)ကသိဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား အဘယ်ကြောင့် သင့်လျော်ပါသနည်း။

**ဖြေ။** ကျယ်ပြန့်သောအာရုံသည် ဝိတက်ဖြင့် ပြေးသွားခြင်း၏ အကြောင်းဖြစ်သောကြောင့် ငယ်သော(ကျဉ်းသော)ကသိဏ်းဝန်းသည် ဝိတက်စရိုက်ရှိသူအား သင့်လျော်ပါသည်။

**မေး။** ရာဂစသည်ကို မခွါနိုင်သောကမ္မဋ္ဌာန်း , သဒ္ဓါစသည်ကို မတိုးပွါးစေနိုင်သောကမ္မဋ္ဌာန်း မရှိပါဘဲလျက် အဘယ်ကြောင့် စရိုက်ဖြင့် ကမ္မဋ္ဌာန်းကို ဝေဘန်သော သပ္ပါယဘေဒကို ဆိုရပါသနည်း။

**ဖြေ။** ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း၊ အလွန်လျောက်ပတ်သောကြောင့်၎င်း၊ ဆိုရပါသည်။

## ဘာဝနာဘေဒ * အဖွင့်

**မေး။** ကမ္မဋ္ဌာန်းလေးဆယ်နှင့် ဘာဝနာသုံးပါးကို တွဲစပ်ပြပါ။

**ဖြေ။** ကမ္မဋ္ဌာန်းလေးဆယ်လုံး၌ ပရိကမ္မဘာဝနာကို ရပါသည်။

ဗုဒ္ဓါနုဿတိစသော အနုဿတိ(၈)ပါး, သညာ, ဝဝတ္ထာန်အားဖြင့် ကမ္မဋ္ဌာန်း(၁၀)ပါးတို့၌ ပရိကမ္မဘာဝနာ , ဥပစာရဘာဝနာနှစ်ပါးကို ရနိုင်ပါသည်။

ကြွင်းသော ကမ္မဋ္ဌာန်း(၃၀)၌ ဘာဝနာသုံးပါးလုံးကို ရနိုင်ပါသည်။

**မေး။** ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း(၁၀)ပါးတို့၌ အဘယ်ကြောင့် အပ္ပနာဘာဝနာမပြည့်စုံနိုင်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဘုရားဂုဏ်စသည်တို့သည် ပရမတ္ထဖြစ်သောကြောင့်၄င်း၊ များသော အပြားရှိသောကြောင့်၄င်း၊ တစ်ခုတည်းသော ဂုဏ်တော်သည်ပင် နက်နဲသောကြောင့်၄င်း၊ အပ္ပနာ၏အစွမ်းအားဖြင့် သမာဓိသည် တည်တန့်ခြင်းငှါ မစွမ်းနိုင်သည့်အတွက် အပ္ပနာဘာဝနာ မပြည့်စုံနိုင်ပါ။

**မေး။** လောကုတ္တရာသမာဓိနှင့် ဒုတိယစတုတ္ထာရုပ္ပသမာဓိသည် အဘယ်ကြောင့် အပ္ပနာသို့ ရောက်နိုင်ပါသနည်း။

**ဖြေ။** လောကုတ္တရာသမာဓိသည် ဝိသုဒ္ဓိဘာဝနာအစဉ်၏ အစွမ်းအားဖြင့် အပ္ပနာသို့ ရောက်နိုင်ပါသည်။ ဒုတိယ, စတုတ္ထာရုပ္ပသမာဓိသည် ကသိုဏ်းစသောအာရုံကို လွန်မြောက်နိုင်သော ဘာဝနာ၏အစွမ်းဖြင့် အပ္ပနာသို့ ရောက်နိုင်ပါသည်။

**မေး။** အသုဘကမ္မဋ္ဌာန်းသည် အဘယ်ကြောင့် ပဌမဈာန်ကိုသာ ရစေနိုင်ပါသနည်း။

**ဖြေ။** ကြမ်းတမ်းသောရေအလျင်ရှိသောမြစ်၌ လှေသည် ထိုးဝါး၏အစွမ်းဖြင့် တည်တံ့နိုင်သကဲ့သို့ အသုဘဘာဝနာသည် စက်ဆုပ်ရွံရှာဘွယ် အာရုံဖြစ်သောကြောင့် ထိုအသုဘဘာဝနာ၌ ဝိတက်၏အစွမ်းဖြင့်သာလျှင် စိတ်တည်တံ့ရကား အသုဘကမ္မဋ္ဌာန်း၌ ဝိတက်ကင်းသော ဈာန် မဖြစ်သင့်သောကြောင့် ပထမဈာန်ကိုသာ ရစေနိုင်ပါသည်။

**မေး။** မေတ္တာ,ကရုဏာ, မုဒိတာသုံးပါးတို့သည် အဘယ်ကြောင့် ပ ,ဒု ,တ စ,ဈာန်တို့ကို ရစေနိုင်ပါသနည်း။

**ဖြေ။** မေတ္တာ,ကရုဏာ,မုဒိတာသုံးပါးတို့သည် ဗျာပါဒ, ဝိဟိံသ,အနဘိရတိတို့ကို ပယ်သောအားဖြင့် ဒေါမနဿ၏ ဆန့်ကျင်ဘက်ဖြစ်သော

http://www.dhammadownload.com



သောမနဿနှင့်သာ အတူတကွဖြစ်သင့်သောကြောင့် ဈာန်(၄)ပါး ကို ရစေနိုင်ပါသည်။

**မေး။** ဥပေက္ခာမြဲဟ္မဝိဟာရသည် အဘယ်ကြောင့် ပဥ္စမဈာန်ကိုသာ ရစေ နိုင်ပါသနည်း။

**ဖြေ။** သတ္တဝါတို့၌ လျစ်လျူရှုသောအားဖြင့် ဖြစ်သောဘာဝနာကြောင့် ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာသည် အလွန်အားရှိသောကြောင့် သုခ သဟဂုတ် မဖြစ်သင့်သည့်အတွက် ပဥ္စမဈာန်ကိုသာ ရစေနိုင်ပါသည်။

## ဂေါစရဘေဒ ❋ အမွှင့်

**မေး။** ယထာရုဟံ ပရိယာယေန လဗ္ဘန္တေဝ ၌ ယထာရုဟ ,ပရိယာယေန တို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** ထိုထိုအာရုံအားလျော်စွာ ရခြင်းကို ယထာရုဟံဟု ဆိုပါသည်။ အချို့သောအာရုံသည် မထင်ရှားသောကြောင့် ပရိယာယေနဟုဆိုပါ သည်။

**မေး။** ကသိုဏ်း(၁၀)ပါး, အသုဘ(၁၀)ပါး, ကာယဂတာသတိ ,အာနာပါန သတိ ဟူသောကမ္မဋ္ဌာန်း(၂၂)ပါးတို့၌သာ အဘယ်ကြောင့် ပဋိဘာဂ နိမိတ်ကိုရနိုင်ပါသနည်း။

**ဖြေ။** ထို(၂၂)ပါးသော ကမ္မဋ္ဌာန်းတို့၌သာလျှင် ထင်ရှားသောအာရုံ ဖြစ် သင့်သောကြောင့် ပဋိဘာဂနိမိတ်ကို ရနိုင်ပါသည်။

**မေး။** ကမ္မဋ္ဌာန်းအားထုတ်လိုသူ ယောဂီများ အားမထုတ်မီ ပြုကျင့်ရမည့် ကျင့်ဝတ်တို့ကို ထုတ်ပြပါ။

http://www.dhammadownload.com



**ဖြေ။** (၁) ရှေးဦးစွာ စတုပါရိသုဒ္ဓိသီလကို သုတ်သင်ရမည်၊
(၂) ပလိဗောဓကြီး(၁၀)ပါးကို ဖြတ်တောက်ရမည်၊
(၃) ပိယ, ဂရု, ဘာဝနီယစသောဂုဏ်နှင့် ပြည့်စုံသော မိတ်ဆွေကောင်းကို မှီဝဲရမည်၊
(၄) မိမိစရိုက်နှင့် လျော်ညီသော ကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို သင်ယူရမည်၊
(၅) အပြစ်(၁၈)ပါးရှိသော ကျောင်းကိုပယ်၍ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ကျောင်း၌ နေရမည်၊
(၆)ဆံရိပ်ခြင်း, ခြေသည်း,လက်သည်းပယ်ခြင်းစသော ပလိဗောဓငယ်ကို ဖြတ်ရမည်။

**မေး။** အဘယ်အခါ ဥဂ္ဂဟနိမိတ်ထင်သည်ဟု ဆိုရပါမည်နည်း။

**ဖြေ။** ပကတိမျက်စိဖြင့် မြင်ရသကဲ့သို့ မနောဒွါရ၌ ကသိုဏ်းဝန်း ထင်ရှားလာသောအခါ ဥဂ္ဂဟနိမိတ်ထင်သည်ဟု ဆိုရပါမည်။

**မေး။** ကမ္မဋ္ဌာန်းအားထုတ်ရာ၌ စိတ်သည်သာလျှင် တည်ကြည်သည်ဖြစ်ပါလျက် " တထာ သမာဟိတဿ "ဟု ပုဂ္ဂိုလ်တည်ကြည်ပုံကို အဘယ်ကြောင့် ဆိုပါသနည်း။

**ဖြေ။** စိတ်တည်ကြည်သည်၏အစွမ်းဖြင့် ပုဂ္ဂိုလ်သည်လည်း တည်ကြည်သည်သာဖြစ်သောကြောင့် ဆိုရပါသည်။

**မေး။** ပဋိဘာဂနိမိတ်သည် ပညတ်လော / ပရမတ်လော ရေး၍၊ အဘယ်၏ အစွမ်းကြောင့် ဖြစ်သည်ကိုလည်း ရေးပါ။

**ဖြေ။** ဝဏ္ဏုဓမ္မဝိမုတ္တံ ပညတ္တိသင်္ခါတံ ဟုသောသဂ်ဟကိုထောက်၍ ပဋိဘာဂနိမိတ်သည် ပရမတ္ထတရားမဟုတ်၊ ပညတ်တရားသာ ဖြစ်ပါသည်။

http://www.dhammadownload.com



ဘာဝနာမယ်ဟူသော သင်္ဂဟစကားကိုထောက်၍ ထိုပဋိဘာဂနိမိတ်သည် ဘာဝနာ၏အစွမ်းကြောင့်သာ ဖြစ်ပါသည်။

**မေး။** ဝဏ္ဏုဓမ္မဝိမုဒ္ဒိတ် ၌ ဝဏ္ဏုဓမ္မအရကို ထုတ်ပြပါ။

**ဖြေ။** ဝဏ္ဏုဓမ္မအရ ပရမတ္ထဓမ္မကို ရပါသည်။ ***(တနည်း)*** ကသိုဏ်းဝန်း၌ တည်သော ကသိုဏ်း၏ အပြစ်ဟူသော တရားကို ရပါသည်။

**မေး။** ဥပစာရဘာဝနာသည် အဘယ်အခါ၌ ဖြစ်ပါသနည်း၊ ၎င်း ဥပစာရဘာဝနာ၏ ဂုဏ်သတ္တိနှင့် အရကိုလည်း ရေးပါ။

**ဖြေ။** ဥပစာရဘာဝနာသည် ပဋိဘာဂနိမိတ်ဖြစ်ပြီးချိန်မှစ၍ ဖြစ်ပါသည် ထိုဥပစာရဘာဝနာသည် နီဝရဏ်ငါးပါးကို ပယ်ခွါနိုင်သောဂုဏ်သတ္တိ ရှိ၏၊၎င်းဥပစာရဘာဝနာအရ ကာမာဝစရသမာဓိတရားကို ရပါသည်။

**မေး။** ဝသီဘော်ငါးပါးတို့၏ အဓိပ္ပါယ် အသီးသီးကို ရေးပါ။

**ဖြေ။** (၁)ဈာန်အင်္ဂါငါးပါးတို့တွင် တစ်ပါးပါးသောဈာန်အင်္ဂါဟူသောအာရုံကို အာရုံပြုသော အာဝဇ္ဇန်း၏အခြားမဲ့၌ ဇောလေးကြိမ်, ငါးကြိမ်, ဘဝင်နှစ်ကြိမ်ကို မလွန်စေမူ၍ ဈာန်အင်္ဂါတို့ကို အဆက်မပြတ် ဆင်ခြင်ခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည် အာဝဇ္ဇနဝသီဘော် မည်၏။

(၂)ဝင်စားလိုသည်၏အခြားမဲ့၌ဘဝင်နှစ်ကြိမ်ထက်မလွန်ဘဲ အာဝဇ္ဇန်း၏အခြားမဲ့၌ ဝင်စားခြင်း၌ စွမ်းနိုင်သည်၏အဖြစ်သည် သမာပဇ္ဇနဝသီဘော် မည်၏။

(၃)တံတားသည် လျှင်သောရေအယဉ်ရှိသောမြစ်၏ ရေအယဉ်ကိုဖြတ် သကဲ့သို့ ဘဝင်အယဉ်ကိုဖြတ်၍ ပိုင်းခြားတိုင်းသော ကာလပတ်လုံး

http://www.dhammadownload.com



ဈာန်ကို ထားခြင်းငှါစွမ်းနိုင်သည်၏အဖြစ်၊ ဘဝင်ကျခြင်းမှ စောင့်ရှောက်နိုင်သည်၏အဖြစ်သည် အဓိဋ္ဌာနဝသီဘော်မည်၏။

(၄)ပိုင်းခြားအပ်သောကာလကို မကျော်လွန်မူ၍ ဈာန်မှထနိုင်သည်၏အဖြစ်သည် ဝုဋ္ဌာနဝသီဘော်မည်၏။

(၅)အာဝဇ္ဇနဝသီဘော်ကိုပင်လျှင် ပစ္စဝေက္ခဏာဝသီဘော်ဟုခေါ်ပါသည်

**မေး။** အဓိဋ္ဌာနနှင့် ဝုဋ္ဌာနဝသီဘော်နှစ်ခုတို့၏ အထူးကို ရေးပါ။

**ဖြေ။** ပိုင်းခြားသောကာလမှ အထက်သို့ သွားခွင့် မပေးဘဲ ထားခြင်းငှါစွမ်းနိုင်သည်၏အဖြစ်သည် အဓိဋ္ဌာနဝသီဘော်မည်၏။

ပိုင်းခြားအပ်သောကာလ၏အတွင်း၌ မထမူ၍ ပိုင်းခြားအပ်သောကာလ၏အစွမ်းဖြင့်သာလျှင် ထခြင်းငှါစွမ်းနိုင်သည်၏အဖြစ်သည် ဝုဋ္ဌာနဝသီဘော်မည်၏။

**မေး။** အာဝဇ္ဇနဝသီဘော်ကို ပစ္စဝေက္ခဏာဝသီဘော်ဟုခေါ်နိုင်ပါသလော။

**ဖြေ။** မနောဒွါရာဝဇ္ဇန်း၏အခြားမဲ့၌ ဖြစ်သောဇောတို့သည်ပင်လျှင် ပစ္စဝေက္ခဏာဇောမည်သောကြောင့် အာဝဇ္ဇနဝသီဘော်ကို ပစ္စဝေက္ခဏာဝသီဘော်ဟုခေါ်နိုင်ပါသည်။

**မေး။** ဒုတိယဈာန်စသည်တို့၌ ဥပစာရဘာဝနာပြည့်စုံရာ အခါကို ရေးပါ။

**ဖြေ။** ဝိတက်စသည်တို့၌ နှစ်သက်ခြင်းနိကန္တိကို ပယ်သည်မှစ၍ ဥပစာရဘာဝနာပြည့်စုံသည်မည်၏။

**မေး။** အရူပဈာန်ရအောင် အားထုတ်ရာ၌ ကသိုဏ်း(၁၀)ပါးတို့တွင် အာကာသကသိုဏ်းကို အဘယ်ကြောင့် ကြဉ်ရပါသနည်း။

http://www.dhammadownload.com



**ဖြေ။** အာကာသကသိုဏ်းကို ခွါခြင်းငှါ မစွမ်းနိုင်သည်၏အဖြစ်ကြောင့် ကြဉ်ရပါသည်။

**မေး။** ယံကိစ္စ ကသိဏုဂ္ဃါဋိမတ္တာ ၌ ကသိဏအရ နှင့် ဥဂ္ဃါဋိမတ္တာအရ ခွါပုံကိုလည်း ရေးပါ။

**ဖြေ။** ကသိဏအရ= ကသိုဏ်းပဋိဘာဂနိမိတ်ကို ယူရပါသည်။ ဥဂ္ဃါဋိမတ္တာအရ= ထိုကသိုဏ်းပဋိဘာဂနိမိတ်ကို နှစ်လုံးမသွင်းခြင်းကို ပင် ခွါသည်ဟုဆိုရပါသည်။

**မေး။** အာကာသာနဉ္စာယတနစျာန်ရအောင် အားထုတ်ရာ၌ (၁)အနန္တော အာကာသံ, အနန္တော အာကာသံဟုငှင်း၊ (၂)အနန္တော ,အနန္တောဟုငှင်း၊ (၃)အာကာသော အာကာသောဟုငှင်း၊ အားထုတ်ပုံ သုံးနည်းရှိရာ အဘယ်နည်း ဖြင့် အားထုတ်ရပါမည်နည်း။

**ဖြေ။** (၁)အနန္တော အာကာသံ , အနန္တော အာကာသံဟုငှင်း၊ အာကာသော အာကာသော ဟုငှင်း အားထုတ်ရပါသည်။

**မေး။** တတိယာရုပ္ပဝိညာဏ်ကို အဘယ်ကြောင့် သန္တ ,ပဏီတဟုခေါ်ရပါ သနည်း။

**ဖြေ။** ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်မျှ လျှင် အာရုံရှိသည်၏အဖြစ်ကြောင့် သန္တ, ပဏီတဟုခေါ်ပါသည်။

**မေး။** ဗုဒ္ဓါဒိကမာရမ္မဏာ မာရမ္ဘ ပရိကမ္မံ ကတွာ–၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပုံကို သိသာရုံမျှ ရေးခဲ့ပါ။

**ဖြေ။** သော ဘဂဝါ ဣတိပိ အရဟံ–စသည်ဖြင့် ပွါးများအားထုတ်ရပါသည်၊

http://www.dhammadownload.com



**မေး။** ဥပစာရောစ သမ္မဒ္ဒိတိ၌ ပြည့်စုံပုံအခြင်းအရာကို ရေးပါ။
**ဖြေ။** နီဝရဏတို့ကိုပယ်ခွါလျက် ဥပစာရသမာဓိကို ရသောအားဖြင့် ပြည့်စုံပါသည်။

**မေး။** အဘယ်ကြောင့် အဘိညာဉ်ဟုခေါ်ပါသနည်း။
**ဖြေ။** အထူးသိတတ်သောအနက်သဘောကြောင့် အဘိညာဉ်ဟု ခေါ်၏။

**မေး။** အဘိညာဉ်၏အပြားနှင့် ယူရမည့်အဘိညာဉ်ကို ရေးပါ။
**ဖြေ။** ဣဒ္ဓိဝိဓအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, ပရစိတ္တဝိဇာနနအဘိညာဉ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, ယထာကမ္မူပဂအဘိညာဉ်, အနာဂတံသအဘိညာဉ်ဟု (၇)ပါးရှိပါသည်။

ထို(၇)ပါးတို့တွင် ရှေ့ပိုင်းဖြစ်သော ဣဒ္ဓိဝိဓစသော လောကီအဘိညာဉ် ငါးပါးကို ကျွန်ုပ်ယူရပါသည်။

**မေး။** အဘိညာဉ်ဝင်စားသူသည် အဘယ်ကြောင့် ရူပပဉ္စမဈာန်ကို ဝင်စားရပါသနည်း။
**ဖြေ။** ဥပေက္ခာ,ဧကဂ္ဂတာနှင့်ယှဉ်သောကြောင့်၄င်း၊ အဘိညာဉ်အားလျော်ပတ်သောကြောင့်၄င်း၊ ရူပပဉ္စမဈာန်ကို အခြေခံပြု၍ ဝင်စားရ၏။

**မေး။** အဘိညာဉ်ငါးပါး ဖြစ်ပွါးလိုသူသည် အဘယ်တရားများကို ဆင်ခြင်ရပါသနည်း။
**ဖြေ။** (၁)ဣဒ္ဓိဝိဓအဘိညာဉ်ဖြစ်စေလိုသူသည် ပရိကမ်ပြုသောအခါ ဖန်ဆင်းအပ်သော သတို့သားရုပ်ပုံ အရာ,အထောင်စသည်ကိုဆင်ခြင်ရပါသည်။

http://www.dhammadownload.com



(၂)ဒိဗ္ဗသောတအဘိညာဉ်ဝင်စားလိုသူသည် ပရိကမ်ပြုသောအခါ ထူလ, သုခုမအားဖြင့်ပြားသော အသံကို ဆင်ခြင်ရပါသည်။

(၃) စေတောပရိယအဘိညာဉ်ဝင်စားလိုသူသည် ပရိကမ်ပြုသောအခါ သူတစ်ပါး၏နှလုံးသား၌ဖြစ်သော သွေးအဆင်းကိုမြင်သဖြင့် သရာဂစိတ်စသည်ပြားသောစိတ်ကို ဆင်ခြင်ရပါသည်။

(၄)ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဝင်စားလိုသူသည် ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို ဆင်ခြင်ရပါသည်။

(၅)ဒိဗ္ဗစက္ခုအဘိညာဉ်ဝင်စားလိုသူသည် ပရိကမ်ပြုသောအခါ အရောင်အလင်းပြန့်နှံ့ရာအရပ်၌ တည်သောအဆင်းကို ဆင်ခြင်ရပါသည်။

**မေး။** ဣဒ္ဓိဝိဓအဘိညာဉ်၏ အာရုံကိုင်း၊ ထိုအာရုံ၏ကာလကိုင်း၊ ပိုင်းခြားပြပါ။

**ဖြေ။** ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံကား ပါဒကဈာန် , ရူပကာယ ရူပါရုံစသောအာရုံ(၆)ပါးတို့ ဖြစ်ပါသည်။
ထိုတွင် ပါဒကဈာန်သည် အတိတ်ဖြစ်၏၊ ရူပကာယသည် ပစ္စုပ္ပန်ဖြစ်၏ ရူပါရုံစသော အာရုံ(၆)ပါးသည် ပစ္စုပ္ပန် , အနာဂတ်ဖြစ်၏။

**မေး။** ဒိဗ္ဗသောတအဘိညာဉ်၏ အာရုံနှင့် ကာလကို ရေးပါ။

**ဖြေ။** အာရုံကား= သဒ္ဒါရုံဖြစ်၏၊ ကာလအားဖြင့် ပစ္စုပ္ပန်ဖြစ်၏။

**မေး။** ပရစိတ္တဝိဇာနနအဘိညာဉ်၏ အာရုံနှင့် ကာလကို ရေးပါ။

**ဖြေ။** လွန်လေပြီးသော(၇)ရက်တို့၌ငင်း၊ လာလတ္တံ့သော(၇)ရက်တို့၌ငင်း၊ ဖြစ်ပြီးသော ကာမာဝစရစိတ်စသော ကာလသုံးပါး၌ဖြစ်သောစိတ်ဖြစ်

http://www.dhammadownload.com



ပါသည်။ *(တနည်း)* ခန္ဓာငါးပါးဖြစ်ပါသည်။

**မေး။** ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်၏ အာရုံကိုရေးပါ။

**ဖြေ။** ရှေးဘဝ၌နေခဲ့ဘူးသော ခန္ဓာသည်၄င်း၊ ထိုခန္ဓာနှင့်စပ်သောအမည် အနွယ်,တို့သည်၄င်း၊ နိဗ္ဗာန်သည်၄င်း၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် ၏ အာရုံဖြစ်ပါသည်။

**မေး။** ဒိဗ္ဗစက္ခုအဘိညာဉ်၏ အာရုံကိုရေးပါ။

**ဖြေ။** ပစ္စုပ္ပန်ရူပါရုံသည် ဒိဗ္ဗစက္ခုအဘိညာဉ်၏ အာရုံဖြစ်ပါသည်။

**မေး။** အဘယ်ကြောင့် အဘိညာဉ်ငါးပါး ပြားရပါသနည်း။

**ဖြေ။** အာရုံပြားသောကြောင့် အဘိညာဉ်ငါးပါး ပြားရပါသည်။

**မေး။** အနာဂတံသအဘိညာဉ်၏ အာရုံကို ရေးပါ။

**ဖြေ။** လာလတ္တံ့သော(၇)ရက်မှစ၍ နောက်၌ဖြစ်လတ္တံ့သော စိတ်စေတသိက် သည်၄င်း၊ ဒုတိယနေ့မှစ၍ ဖြစ်လတ္တံ့သော အာရုံအားလုံးသည်၄င်း၊ အနာ ဂတံသအဘိညာဉ်၏ အာရုံဖြစ်ပါသည်၊

ထိုအနာဂတံသအဘိညာဉ်သည် သမ္ပဇာတဉာဏ်နှင့်တူသောအာရုံ ဖြစ် ၏။

**မေး။** ယထာကမ္မူပဂအဘိညာဉ်၏ အာရုံကို ရေးပါ။

**ဖြေ။** ကုသိုလ်,အကုသိုလ်စေတနာသည်၄င်း၊ (တနည်း)ခန္ဓာ(၄)ပါးလုံး သည်၄င်း၊ ယထာကမ္မူပဂအဘိညာဉ်၏ အာရုံဖြစ်ပါသည်။

<u>သမထကမ္မဋ္ဌာန်းနည်းပြီး၏။</u>

http://www.dhammadownload.com



## ဝိပဿနာကမ္မဋ္ဌာန်းနည်း အဖွင့်

**မေး။** အဘယ်ကြောင့် ဝိပဿနာဟု ခေါ်ပါသနည်း။

**ဖြေ။** အနိစ္စစသည်တို့၏အစွမ်းအားဖြင့် အထူးထူးအပြားပြားများသော သဘောအားဖြင့် ရှုမြင်တတ်သောကြောင့် ဝိပဿနာဟု ခေါ်ပါသည်။
အရကား= အနိစ္စာနုပဿနာ စသော ဘာဝနာပညာရ၏။

**မေး။** တိဏ္ဏ လက္ခဏာနိ ၌ အဘယ်ကြောင့် လက္ခဏာဟု ခေါ်ပါသနည်း။

**ဖြေ။** မှတ်သားအပ်သောကြောင့် လက္ခဏာဟု ခေါ်ပါသည်။
(တနည်း)မှတ်သားကြောင်းဖြစ်သောကြောင့် လက္ခဏာဟုခေါ်ပါသည်။

**မေး။** လက္ခဏာယာဉ်သုံးပါး၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** (၁)မမြဲသောသဘောဖြစ်သော အခြင်းအရာဖြင့် မှတ်သားအပ်သောကြောင့် အနိစ္စလက္ခဏာဟု ခေါ်ပါသည်။
(၂)ဖြစ်ခြင်းပျက်ခြင်းဖြင့် နှိပ်စက်၍ ဆင်းရဲသောအဖြစ်ဖြင့် မှတ်သားအပ်သောကြောင့် ဒုက္ခလက္ခဏာဟုခေါ်ပါသည်။
(၃)တိတ္ထိတို့ကြံဆအပ်သော အတ္တမရှိသည်၏အဖြစ်သည် အနတ္တမည်၏ ထိုအနတ္တသည်ပင်လျှင် မှတ်သားကြောင်း ဖြစ်သောကြောင့် အနတ္တလက္ခဏာ ဟု ခေါ်ပါသည်။

**မေး။** ဝိပဿနာဉာဏ်(၁၀)ပါး၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** (၁)ခန္ဓာငါးပါးစသည်တို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု အပေါင်းအားဖြင့် သုံးသပ်သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် သမ္မသနဉာဏ်မည်၏။
(၂)ဖြစ်ခြင်း,ပျက်ခြင်းနှစ်ပါးကို အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့်

http://www.dhammadownload.com



ဖြစ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

(၃)အဖြစ်ကိုလွှတ်၍ ပျက်ခြင်းကိုသာ အဖန်တလဲလဲရှုသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

(၄)သင်္ခါရတရားတို့ကို ဘေးအားဖြင့် (ဝါ)) ဘေးဟူ၍ အဖန်တလဲလဲရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ဘယဉာဏ်မည်၏။

(၅)ဘေးဟုရှုအပ်,မြင်အပ်ပြီးသော သင်္ခါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်၏အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏

(၆)အပြစ်ဟု ရှုအပ်,မြင်အပ်ပြီးသော သင်္ခါရတရားတို့၌ ငြီးငွေ့သည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

(၇)ငြီးငွေ့၍ သင်္ခါရတရားတို့မှ လွတ်လိုသည်၏ အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် မုဉ္စိတုကမျတာဉာဏ်မည်၏။

(၈)ထွက်မြောက်ရန်အကြောင်း၏ ပြည့်စုံခြင်းငှါ တစ်ဖန်သင်္ခါရတရားတို့ကို သိမ်းဆည်းသည်၏အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏

(၉)သိမ်းဆည်းအပ်ပြီးသော သင်္ခါရတရားတို့၌ ကြောက်ခြင်း, နှစ်သက်ခြင်းတို့မှ ကြဉ်သည်၏အစွမ်းဖြင့် လျစ်လျူရှု၍ ဖြစ်သောဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

(၁၀)ရှေ့ပိုင်းဉာဏ်ကိုးပါးတို့၏ ကိစ္စပြီးခြင်းအားငှာ၊ အထက်၌ ဗောဓိပက္ခိယတရား(၃၇)ပါးတို့အားငှာ၊ လျော်သောဉာဏ်သည် အနုလောမဉာဏ်မည်၏။

**မေး။** အဘယ်ကြောင့် ဝိမောက္ခဟု ခေါ်ပါသနည်း။

**ဖြေ။** အတ္တမှဆိတ်သုဉ်းသည်၏အဖြစ်ကြောင့် သုညတမည်သောမဂ်သည် သံယောဇဉ်စသည်တို့မှ လွတ်မြောက်သောအနက်သဘောကြောင့်

http://www.dhammadownload.com



ဝိမောက္ခမည်ပါသည်။

မေး။ အဘယ်ကြောင့် အနိမိတ္တ , အပ္ပဏိဟိတ ဟု ခေါ်ပါသနည်း။

ဖြေ။ နိစ္စနိမိတ်စသည်မရှိသောကြောင့် အနိမိတ္တဟု ခေါ်ပါသည်။ တဏှာဟူသော တောင့်တမှုမရှိသောကြောင့် အပ္ပဏိဟိတဟုခေါ်ပါသည်။

မေး။ ပါတိမောက္ခသံဝရသီလ၌ ပါတိမောက္ခ , သံဝရ , သီလမည်ခြင်း၏ အကြောင်းတို့ကို ရေးပါ။

ဖြေ။ မိမိကို စောင့်သောသူကို အပါယ်ဆင်းရဲစသည်မှ လွတ်စေတတ်သောကြောင့် ပါတိမောက္ခ ဟုခေါ်ပါသည်။
ကာယဒုစရိုက်စသည်တို့မှ စောင့်စည်းတတ်သောကြောင့် သံဝရမည်ပါသည်။
ကာယကံစသည်တို့ကို ကောင်းစွာထားတတ် ,ကပ်၍ဆောင်တတ်သော အနက်သဘောကြောင့် သီလဟု ခေါ်ပါသည်။

မေး။ အဘယ် သီလမျိုးကို ဣန္ဒြိယသံဝရသီလ ဟုခေါ်ပါသနည်း။

ဖြေ။ မန လျှင် ခြောက်ခုမြောက်ရှိသော ဣန္ဒြေတို့ကို ရူပါရုံစသည်တို့၌ စောင့်စည်းတတ်သည်၏အစွမ်းဖြင့် ဖြစ်သောသီလသည် ဣန္ဒြိယ သံဝရသီလမည်၏။

မေး။ အဘယ်သီလမျိုးကို အာဇီဝပါရိသုဒ္ဓိသီလဟု ခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** မိစ္ဆာဇီဝမှရှောင်ကြဉ်၍ အသက်မွေးခြင်းစင်ကြယ်သည်၏ အစွမ်းဖြင့် ဖြစ်သောသီလသည် အာဇီဝပါရိသုဒ္ဓိသီလမည်၏။

**မေး။** အဘယ်သီလမျိုးကို ပစ္စယသန္နိဿိတသီလဟု ခေါ်ပါသနည်း။

**ဖြေ။** ပစ္စည်းလေးပါးတို့ကိုမှီ၍ ပစ္စဝေက္ခဏာ ဆင်ခြင်သောအားဖြင့် ဖြစ်သော သီလသည် ပစ္စယသန္နိဿိတသီလမည်၏။

**မေး။** အဘယ်ကြောင့် စတုပါရိသုဒ္ဓိသီလဟု ခေါ်ပါသနည်း။

**ဖြေ။** လေးပါးရှိသောကြောင့်၄င်း၊ ဒေသနာကြားခြင်း, စောင့်စည်းခြင်း တရားသဖြင့် ရှာမှီးခြင်း, ဆင်ခြင်ခြင်းတို့၏အစွမ်းဖြင့် စင်ကြယ်သောကြောင့်၄င်း စတုပါရိသုဒ္ဓိသီလဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ်ကို နီဝရဏတို့မှ ကင်းစေသောအားဖြင့်သုတ်သင်တတ်သောကြောင့် စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသည်။

***(တနည်း)*** စိတ်ကိုအဦးပြုသဖြင့် သမာဓိကို ပြအပ်သောကြောင့်၄င်း၊ နီဝရဏအညစ်အကြေးမှ စင်ကြယ်သောကြောင့်၄င်း စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသည်။

**မေး။** စိတ်သည်သာလျှင် စိတ္တဝိသုဒ္ဓိမည်သင့်ပါလျက် အဘယ်ကြောင့် သမာဓိကို စိတ္တဝိသုဒ္ဓိဟု ခေါ်ပါသနည်း။

**ဖြေ။** စိတ်ကို အဦးပြုသဖြင့် သမာဓိကို ညွှန်ပြအပ်သောကြောင့် သမာဓိကို စိတ္တဝိသုဒ္ဓိဟု ခေါ်ရပါသည်။

http://www.dhammadownload.com



**မေး။** လက္ခဏာ, ရသ ,ပစ္စုပဋ္ဌာန် ,ပဒဋ္ဌာန်တို့၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** နာမ်ရုပ်တရားတို့၏ သာမညသဘောသည် လက္ခဏာမည်ပါသည်။ ပြီးခြင်းကိစ္စ, ပြည့်စုံခြင်းသမ္ပတ္တိတို့သည် ရသမည်ပါသည်။ ဉာဏ်အားရှေးရှုထင်လာသော အခြင်းအရာသည်၄င်း၊ အကျိုးတရားသည်၄င်း၊ ပစ္စုပဋ္ဌာန်မည်ပါသည်။ နီးစွာသောအကြောင်းသည် ပဒဋ္ဌာန်မည်ပါသည်။

**မေး။** အဘယ်ကြောင့် ဒိဋ္ဌိဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း၊ ၄င်းဒိဋ္ဌိဝိသုဒ္ဓိအရ အဘယ်မှ စင်ကြယ်ပါသနည်း။

**ဖြေ။** နာမ်ရုပ်နှစ်ပါးမှ အခြားသော အတ္တမည်သည်မရှိဟု ကောင်းစွာမြင်တတ်သောကြောင့်၄င်း၊ အတ္တဒိဋ္ဌိဟူသော အညစ်အကြေးမှ စင်ကြယ်သောကြောင့်၄င်း၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။
ထိုဒိဋ္ဌိဝိသုဒ္ဓိအရ အတ္တဒိဋ္ဌိမှ စင်ကြယ်မှုကို ယူရပါသည်။

**မေး။** ဒိဋ္ဌိဝိသုဒ္ဓိဖြစ်အောင် နာမ်ရုပ်နှစ်ပါးကို သိမ်းဆည်းရာ၌ အကျဉ်းအားဖြင့် သိမ်းဆည်းပုံ , အကျယ်အားဖြင့် သိမ်းဆည်းပုံကို ခွဲခြား၍ရေးပါ။

**ဖြေ။** ဖဿသည် တွေ့ထိခြင်းလက္ခဏာရှိ၏စသည်ဖြင့် နာမ်တရားကို၄င်း၊ ပထဝီဓာတ်သည် ကြမ်းတမ်းခက်မာခြင်း လက္ခဏာရှိ၏ စသည်ဖြင့် ရုပ်တရားကို၄င်း၊ သိမ်းဆည်းခြင်းသည် အကျယ်အားဖြင့် သိမ်းဆည်းပုံမည်၏။

နာမ်တရားသည် အာရုံသို့ညွှတ်ခြင်းလက္ခဏာရှိ၏ဟု၄င်း၊ ရုပ်တရားသည် ဖေါက်ပြန်ခြင်းလက္ခဏာရှိ၏ဟု၄င်း၊ သိမ်းဆည်းခြင်းသည် အကျဉ်းအားဖြင့် သိမ်းဆည်းပုံမည်၏။

http://www.dhammadownload.com



**မေး။** နာမရူပါနံ ပစ္စယပရိဂ္ဂဟော၌ နာမ်ရုပ်တို့၏အကြောင်းကို သာမည ဝိသေသအားဖြင့် ခွဲခြားပြပါ။

**ဖြေ။** *(သာမညခွဲပုံ)* ပဋိသန္ဓေအခါ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ,ကံသည် နာမ်ရုပ်တို့၏ အကြောင်းဖြစ်ပါသည်။ ပဝတ္တိအခါ ကံ, စိတ်, ဥတု, အာဟာရ ဤလေးပါးသည် ရုပ်၏အကြောင်းဖြစ်ပါသည်။

စက္ခုပသာဒစသောမှီရာအကြောင်း၊ ရူပါရုံစသော အာရုံအကြောင်း စသည်တို့သည် နာမ်တရား၏ အကြောင်းဖြစ်ပါသည်။

*(ဝိသေသခွဲပုံ)* ယောနိသော မနသိကာရစသော သမ္ပတ္တိစက်လေးမျိုး သည် ကုသိုလ်၏ အကြောင်းဖြစ်ပါသည်။

အယောနိသော မနသိကာရစသော ဝိပ္ပတ္တိစက်သည် အကုသိုလ်၏ အကြောင်းဖြစ်ပါသည်။ ကုသိုလ်ကံ, အကုသိုလ်ကံသည် ဝိပါက်၏ အကြောင်း ဖြစ်ပါသည်။ ဘဝင်စသည်သည် အာဝဇ္ဇန်း၏အကြောင်း ဖြစ်ပါသည်။

**မေး။** ဒိဋ္ဌိဝိသုဒ္ဓိနှင့် ကင်္ခါဝိတရဏဝိသုဒ္ဓိတို့၏ ထူးခြားပုံကို သစ္စာအားဖြင့် ခွဲခြားပြပါ။

**ဖြေ။** ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သားနိုင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ သမုဒယသစ္စာကို ပိုင်းခြားမှတ်သားနိုင်ခြင်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပါသည်။ ဤသို့ထူးပါသည်။

**မေး။** ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ကင်္ခါအရ ယူရမည့်ယုံမှားခြင်းတို့ကို သိသာရုံ ရေး၍၊ ဝိသုဒ္ဓိအရ အဘယ်မှ စင်ကြယ်ခြင်းကို ယူရပါမည်နည်း။

**ဖြေ။** ကင်္ခါအရ=အဟောသိ နု ခေါ အဟမတီတမဒ္ဓါနံ စသောယုံမှားခြင်း (၁၆)ပါးကိုင်၄င်း၊ သတ္ထရိ ကင်္ခတိစသော ယုံမှားခြင်း(၈)ပါးကို၄င်း၊ရ၏။

http://www.dhammadownload.com



ဝိသုဒ္ဓိအရ=ထိုယုံမှားခြင်းတို့ကိုလွန်မြောက်နိုင်သဖြင့် အပဟောတုကဒိဋ္ဌိ , ဝိသမဟေတုကဒိဋ္ဌိတို့မှ စင်ကြယ်မှုကို ရပါသည်။

**မေး။** ဒိဋ္ဌိဝိသုဒ္ဓိနှင့်ကင်္ခါဝိတရဏဝိသုဒ္ဓိနှစ်ပါးတို့၏ ဝိသုဒ္ဓိအထူးကိုရေးပါ။

**ဖြေ။** ဒိဋ္ဌိဝိသုဒ္ဓိသည် အတ္တဒိဋ္ဌိမှစင်ကြယ်၏။
ကင်္ခါဝိတရဏဝိသုဒ္ဓိသည် အဟေတုကဒိဋ္ဌိ ,ဝိသမဟေတုကဒိဋ္ဌိတို့မှ စင်ကြယ်ပါသည် ။ ဤသို့ထူးပါသည်။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

**မေး။** ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်များ ရှုရမည့်တရားနှင့် မရှုရသောတရားတို့ကို သင်္ဂဟထောက်၍ ဖြေပါ။

**ဖြေ။** တေဘူမကသင်္ခါရေသု ကိုထောက်၍ ဘုံသုံးပါး၌ဖြစ်သော တေဘူမက သင်္ခါရ လောကီတရားတို့ကိုသာ ဝိပဿနာရှုရပါသည်။
လောကုတ္တရာတရားတို့ကို ဝိပဿနာရှု၍ မရနိုင်ပါ။

**မေး။** တတော ပရံ ပန တထာပရိဂ္ဂဟိတေသု ၌ သိမ်းဆည်းပုံ မည်မျှရှိပါသနည်း။

**ဖြေ။** (၁) လက္ခဏာစသည်ကို ပိုင်းခြား၍သောအားဖြင့် သိမ်းဆည်းခြင်း၊
(၂)အကြောင်းကို ပိုင်းခြားမှတ်သားသောအားဖြင့် သိမ်းဆည်းခြင်း၊ ဟု နှစ်မျိုးရှိပါသည်။

**မေး။** ကလာပဝသေန စသည်၌ သမ္မသနနည်းလေးမျိုးတို့ဖြင့် ပွါးများပုံကို သိသာရုံရေးပါ။

http://www.dhammadownload.com



**ဖြေ။** (ကာလပသမ္ဗသနနည်း)သမ္မံ ရူပံ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနစသည်ဖြင့် ခန္ဓာငါးပါးလုံးကို တစ်ပေါင်းတည်းအားဖြင့် အကျဉ်းချုံး၍ ပွါးများရပါသည်။

(အဒ္ဓါသမ္မသနနည်း) ယံ အတီတေ ဇာတံ ရူပံ၊ တံ အတီတေဝ နိရုဒ္ဓံ၊ ယံ အနာဂတေ ဘာဝိတံ ရူပံ၊ တမ္ပိ တတ္ထေဝ နိရုဇ္ဈိဿတိ၊ အနိစ္စံ ခယဋ္ဌေန , ဒုက္ခံ ဘယဋ္ဌေန , အနတ္တာ အသာရကဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ တံ အနာဂတံ အပ္ပတ္တော တတ္ထေဝ နိရုဇ္ဈတိ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေန စသည်ဖြင့် ပွါးများရပါသည်။

(သန္တတိသမ္မသနနည်း)အပူရုပ်အစဉ်သည် အအေးရုပ်အစဉ်သို့ မရောက်ဘဲ ကုန်စင်ခြင်းသဘောရှိသောကြောင့် အနိစ္စ၊ ကြောက်ဘွယ်သဘောရှိသောကြောင့် ဒုက္ခ၊ အနှစ်သာရမရှိသောကြောင့် အနတ္တတရားတည်း စသည်ဖြင့် ပွါးများရပါသည်။

(ခဏသမ္မသနနည်း) အတိတ်ခဏ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်ခဏသို့ မရောက်ဘဲ ချုပ်ပျောက်သောကြောင့် အနိစ္စဖြစ်၏ စသည်ဖြင့်၄င်း၊

အတီတဘဝင်စိတ်သည် ဘဝင်စလနစိတ်သို့ မရောက်ဘဲ ပျောက်သောကြောင့် အနိစ္စတည်း စသည်ဖြင့်၄င်း၊ ပွါးများရပါသည်။

**မေး။** တေသွေဝ ပဉ္စယဝသေန ၌ ရုပ်၏အကြောင်းတရား၊ နာမ်၏အကြောင်းတရားတို့ကို ခွဲခြားပြပါ။

**ဖြေ။** ရုပ်၏အကြောင်းတရားကား၊ အဝိဇ္ဇာ,တဏှာ,ကံ,အာဟာရတို့ ဖြစ်၏။

ဝေဒနာ,သညာ,သင်္ခါရဟူသောနာမ်ခန္ဓာတို့၏အကြောင်းကား၊ အဝိဇ္ဇာ တဏှာ , ကံ ,ဖဿ ,အားဖြင့် လေးပါးဖြစ်ပါသည်။

ဝိညာဏ်ဟူသောနာမ်ခန္ဓာ၏အကြောင်းကား၊ အဝိဇ္ဇာ,တဏှာ,ကံ, ဖဿ နာမ်ရုပ်အားဖြင့် ငါးပါးဖြစ်ပါသည်။

http://www.dhammadownload.com



**မေး။** ဝိပဿနာညစ်ညူးကြောင်း(၁၀)ပါးတို့၏ အစိပ္ပါယ်အသီးသီးကို ရေးခဲ့ပါ။

**ဖြေ။** (၁)ဝိပဿနာစိတ်ကြောင့်ဖြစ်သော ခန္ဓာကိုယ်မှထွက်သော အရောင် အလင်းသည် ဩဘာသမည်၏။

(၂)ဝိပဿနာစိတ်နှင့်တကွဖြစ်သော ခုဒ္ဒိကာပီတိစသော ပီတိငါးမျိုး သည် ပီတိမည်၏။

(၃)ဝိပဿနာစိတ်နှင့်တကွဖြစ်သော ကာယစိတ္တနှစ်ပါးတို့၏ ငြိမ်းအေး ခြင်းသဘောသည် ပဿဒ္ဓိမည်၏။

(၄) အားကြီးသော သဒ္ဓါစေတသိက်သည် အဓိမောက္ခမည်၏။

(၅)သမ္မပ္ပဓာန်ကိစ္စကိုပြီးစေတတ်သော ဝီရိယစေတသိက်သည် ပဂ္ဂဟ မည်၏။

(၆)ဝိပဿနာစိတ်နှင့်တကွဖြစ်သော အလွန်မွန်မြတ်သော စေတသိက သုခသည် သုခမည်၏။

(၇)သံကြားမင်းသည် ပစ်လွှင့်အပ်သော ဝရဇိန်လက်နက်နှင့်တူသော လက္ခဏာယာဉ်သုံးပါးကို ရှုတတ်သောဉာဏ်သည် ဉာဏမည်၏။

(၈)ကြာမြင့်စွာပြုအပ်သောအမှုစသည်ကိုအောက်မေ့နိုင်သော ဝိပဿ နာနှင့်ယှဉ်သောသတိသည် သတိမည်၏။

(၉)ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသော ဘကြမဇ္ဈတ္တုပေက္ခာ , မနောဒွါရဝဇ္ဇန်း ဟူသော အာဝဇ္ဇနုပေက္ခာနှစ်ပါးသည် ဥပေက္ခာမည်၏။

(၁၀)ဩဘာသစသည်တို့၌ တပ်မက်သော သုခုမတဏှာသည် နိကန္တိ မည်၏။

**မေး။** မဂ္ဂါမဂ္ဂဉာဏဒဿန ၌ အဘယ်တရားကို အမဂ္ဂ , အဘယ်တရားကို မဂ္ဂဟု ခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** ဩဘာသစသောတရား(၁၀)မျိုးတို့ မိမိသန္တာန်၌ ဖြစ်ပေါ်ခဲ့သော် "ငါအား ဤသို့သော အရောင်အလင်းစသည်တို့သည် ရှေးကမပေါ်ဘူးကုန်၊ ငါသည် ကေန်စင်စစ်အားဖြင့် မဂ်သို့ ရောက်ပြီ၊ ဖိုလ်သို့ ရောက်ပြီ" ဟုယူခြင်းသည် တဏှာ,မာန,ဒိဋ္ဌိတို့၏ ဖြစ်ရာအာရုံ၏အကြောင်း ဖြစ်သောကြောင့် "အမဂ္ဂ"မည်ပါသည်။

ထိုသို့မယူဘဲ "ဤအရောင်အလင်းစသည်သည် ဝိပဿနာညစ်ညူးကြောင်း တရားသာ ဖြစ်၏"ဟု ဝိပဿနာလမ်းစဉ်သို့သွားသော ဝိပဿနာဉာဏ်သည် "မဂ္ဂ" မည်ပါသည်။

**မေး။** အဘယ်တရားမျိုးကို အဘယ်ကြောင့် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်ပါသနည်း။

**ဖြေ။** မဂ်ဟုတ်သည်,မဟုတ်သည်လက္ခဏာကို ပိုင်းခြားမှတ်သားဆုံးဖြတ်နိုင်သောဉာဏ်သည် မဂ္ဂ အမဂ္ဂနှစ်ပါးကိုသိမြင်တတ်သောကြောင့်၎င်း၊ မဂ်မဟုတ်သည်၌ မဂ်ဟုထင်မှတ်သော သညာကို သုတ်သင်တတ်သောကြောင့်၎င်း၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်ပါသည်။

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**မေး။** နဝ ဝိပဿနာဉာဏ် ၌ ဝိပဿနာဉာဏ်ကိုးတန်တို့၏ အဓိပ္ပါယ် အသီးသီးကို ရေးပါ။

**ဖြေ။** (၁)ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သိတတ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။

(၂)ဖြစ်ခြင်းကို လွှတ်၍ ပျက်ခြင်းမျှကိုသာလျှင် အဖန်တလဲလဲရှုသော ဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။

http://www.dhammadownload.com



(၃)သင်္ခါရတရားတို့ကို ခြသေ့ သစ်ကျားစသည်တို့ကဲ့သို့ ကြောက်လန့်မဖော ဘေးကြီးအနေအားဖြင့် အဖန်တလဲလဲရှုတတ်သောဉာဏ်သည် ဘယဉာဏ်မည်၏။

(၄)ဘေးကြီးဟု ရှုအပ် ၊ မြင်အပ်ပြီးသော သင်္ခါရတရားတို့ကို အလျှံတပြောင်ပြောင် မီးလောင်နေသော အိမ်ကြီးကဲ့သို့ အပြစ်အားဖြင့် အဖန်တလဲလဲရှုတတ်သောဉာဏ်သည် အာဒီနဝဉာဏ်မည်၏။

(၅)မြင်အပ်ပြီးသော အပြစ်ရှိသော သင်္ခါရတရားတို့၌ ငြီးငွေ့သော အားဖြင့်ဖြစ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်မည်၏။

(၆)ပိုက်ကွန်မှလွတ်လိုသော ငါးတို့ကဲ့သို့ တေဘူမကသင်္ခါရတရားတို့မှ လွတ်လိုသောအားဖြင့်ဖြစ်သော ဉာဏ်သည် မုစ္စိတုကမျတာဉာဏ်မည်၏။

(၇)လွတ်မြောက်ရန်အကြောင်း ပြည့်စုံခြင်းအကျိုးငှါ အပြစ်မြင်အပ်ပြီးသော သင်္ခါရတရားတို့၌ အဖန်ဖန်သုံးသပ်အပ်ပြီးသော ဉာဏ်သည် ပဋိသင်္ခါဉာဏ်မည်၏။

(၈)အပြစ်မြင်အပ်ပြီးသော သင်္ခါရတရားတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်သည် သင်္ခါရုပေက္ခာဉာဏ်မည်၏။

(၉)ရှေ့ပိုင်းဖြစ်သော ဝိပဿနာဉာဏ်ရှစ်တန်အားငှင်း၊ အထက်၌ ဗောဓိပက္ခိယတရား(၃၇)ပါးတို့အားငှင်း၊ လျော်သောဉာဏ်သည် အနုလောမဉာဏ်မည်၏။

**အမေး။** အဘယ်တရားမျိုးကို ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟု ခေါ်ပါသနည်း။

**အဖြေ။** ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ကိုးပါးသောဉာဏ်တို့ကို ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်ဖြစ်သောကြောင့်ငှင်း၊ လက္ခဏာသုံးပါးကို သိတတ်သောကြောင့်ငှင်း၊ မျက်မှောက်အားဖြင့် မြင်တတ်

http://www.dhammadownload.com



သောကြောင့်၄င်း၊ ဆန့်ကျင်ဘက်တရားတို့မှ စင်ကြယ်တတ်သောကြောင့်၄င်း၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟုခေါ်ပါသည်။

**မေး။** ဝိပဿနာပရိပါက မာဂမ္မ ၌ အဘယ်အခါကို ဝိပဿနာရင့်ကျက်သည်ဟု ခေါ်ပါသနည်း။

**ဖြေ။** သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သောအခါကို ဝိပဿနာရင့်ကျက်သည်ဟု ခေါ်ပါသည်။

**မေး။** ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတိ ၌ အပ္ပနာအပြားနှင့်ယူရမည့်အပ္ပနာကို ရေးခဲ့ပါ။

**ဖြေ။** အပ္ပနာသည် မဟဂ္ဂုတ်အပ္ပနာ,လောကုတ္တရာအပ္ပနာအားဖြင့် နှစ်ပါးရှိပါသည်၊ ထိုတွင် ဤ၌ မဂ်ဟူသော လောကုတ္တရာအပ္ပနာကို ယူရပါသည်။

**မေး။** ဝိပဿနာအားထုတ်သူများ၏ ဝိပဿနာစိတ်ဟူသည်အဘယ်နည်း၊ ၄င်းဝိပဿနာစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

**ဖြေ။** ဝိပဿနာစိတ်ဟူသည် မနောဒွါရဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ပရိကမ်, ဥပစာ, အနုလုံသုံးပါးကိုပင် ခေါ်ပါသည်။
၄င်းဝိပဿနာစိတ်တို့သည် အနိစ္စ,ဒုက္ခ,အနတ္တဟူသော လက္ခဏာရေးသုံးပါးကို အာရုံပြုပါသည်။

**မေး။** သင်္ခါရုပေက္ခာနှင့် ဝုဋ္ဌာနဂါမိနီ၏ အဓိပ္ပါယ်ကို ရေးခဲ့ပါ။

**ဖြေ။** သင်္ခါရတရားတို့၌ နှစ်သက်ခြင်း နန္ဒီ, ကြောက်ခြင်း ဘယ,ဤနှစ်ပါးကင်းသောအားဖြင့် လျစ်လျူရှုသောကြောင့် သင်္ခါရုပေက္ခာဟုခေါ်၏။

http://www.dhammadownload.com



အပါယ်စသည်မှ၎င်း၊ သံသရာနိမိတ်မှ၎င်း၊ ထတတ်သောကြောင့် ဝုဋ္ဌာန ဟုခေါ်ပါသည်။ ဝုဋ္ဌာနဟုသောမဂ်သို့ ရောက်တတ်သော ကြောင့် ဝုဋ္ဌာနဂါမိနီဟု ခေါ်ပါသည်။

*(မှတ်ချက်)* ဝုဋ္ဌာနဂါမိနီဝိပဿနာအရ အနုလောမဉာဏ်နှင့် သင်္ခါရုပေက္ခာဉာဏ်နှစ်ပါးကို ရပါသည်။

**မေး။** ဂေါတြဘုစိတ်၏ အာရုံနှင့် ကိစ္စကို ရေးပါ။

**ဖြေ။** ဂေါတြဘုစိတ်သည် နိဗ္ဗာန်ကို အာရုံပြုပါသည်။ ထိုဂေါတြဘုစိတ်သည် ပုထုဇဉ်အနွယ်ကို လွှမ်းမိုးဖျက်ဆီးခြင်း၊ အရိယာအနွယ်သို့ ရောက်စေခြင်းကိစ္စရှိပါသည်။

**မေး။** သောတာပတ္တိမဂ်ဉာဏ်တစ်ခုတည်းက ကိစ္စလေးမျိုး တစ်ပြိုင်တည်း ပြုနိုင်ပုံကို သဘာဝ, အာဂမအားဖြင့် လက်ခံနိုင်အောင် ရှင်းပြပါ။

**ဖြေ။** ဆီမီးသည် မီးစာကို လောင်ကျွမ်းခြင်း, အမှောင်ကို ပယ်ခြင်း၊ အလင်းကိုဖြစ်စေခြင်း,ဆီကို ကုန်ခမ်းစေခြင်း,ဟူသော ကိစ္စလေးမျိုးကို တစ်ပြိုင်တည်း ပြုနိုင်ခြင်းဟူသော သဘာဝအားဖြင့်၎င်း၊

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ စသော အာရုံအားဖြင့်၎င်း၊ သောတာပတ္တိမဂ်တစ်ခုတည်းက ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း , သမုဒယသစ္စာကိုပယ်ခြင်း , နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွါးများခြင်း ကိစ္စလေးမျိုး တစ်ပြိုင်နက် ပြုနိုင်ခြင်းကို လက်ခံထိုက်ပါသည်။

**မေး။** တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော–၌ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိပုံအခြင်းအရာကို ရေးခဲ့ပါ။

**ဖြေ။** ဒုက္ခံ တေဘူမကံ ဝဋ္ဋံ–ဟူသည်နှင့်အညီ ဒုက္ခသစ္စာကား လောကီစိတ်

http://www.dhammadownload.com



ကောသိတိ,လောဘကြဉ် စေတသိက် ၅၁,ရုပ်အဋ္ဌဝီသ ဤမျှသာတည်း၊ ထို့ထက် အယုတ် , အလွန်မရှိဟု ပိုင်းခြား၍ သိခြင်းပင်ဖြစ်ပါသည်။

**မေး။** သစ္စိကရောန္တော ၌ အဘယ်သို့ပြုသည်ကို မျက်မှောက်ပြုသည်ဟု ဆိုပါသနည်း။

**ဖြေ။** အာရုံပြုခြင်းကိုပင် မျက်မှောက်ပြုသည်ဟု ဆိုပါသည်။

**မေး။** မဂ္ဂသစ္စံ ဘာဝနာဝသေန၌ အဘယ်သို့ပြုသည်ကို ပွါးသည်ဟု ဆိုပါသနည်း။

**ဖြေ။** သမ္မာဒိဋ္ဌိသည် မိမိနှင့်ယှဉ်ဘက်ဖြစ်သော သမ္မာသင်္ကပ္ပစသော (၇)ပါးပြားသော မဂ္ဂင်ဟုဆိုအပ်သော မဂ္ဂသစ္စာနှင့် သဟဇာတစသော ပစ္စည်းအဖြစ် အတူတကွဖြစ်ခြင်းသည်ပင် ထို(၇)ပါးပြားသောမဂ္ဂင် ဟု ဆိုအပ်သော မဂ္ဂသစ္စာကို ပွါးစေသည်ဟု ဆိုပါသည်။

**မေး။** တတော ပရံ ဒွေတီဏိ ဖလစိတ္တာနိ ၌ မဂ်စိတ်တစ်ကြိမ် ဖြစ်ပြီးနောက် ဖိုလ်စိတ်နှစ်ကြိမ် ,သုံးကြိမ်ဖြစ်ပုံကို ဥပမာဖြင့် ရှင်းပြပါ။

**ဖြေ။** ပယ်အပ်ပြီးသော မီးရှိသောနေရာ၌ အပူငြိမ်းစေခြင်းအကျိုးငှါ ရေအိုးတို့ဖြင့် ရေကိုသွန်းလောင်းအပ်သကဲ့သို့ ကိလေသာကို အကြွင်းမဲ့ဖြတ်ပြီးသော သန္တာန်၌သော်လည်း ထိုကိလေသာအပူ ငြိမ်းစေသောအားဖြင့် ဖိုလ်စိတ် နှစ်ကြိမ်, သုံးကြိမ်ဖြစ်ပါသည်။

**မေး။** ပစ္စဝေက္ခဏာဉာဏ်ဟူသည် အဘယ်တရားကို ခေါ်ပါသနည်း။

**ဖြေ။** မဂ်ဖိုလ်စသည်လျှင် အာရုံရှိကုန်သော မဟာကုသိုလ်,မဟာကြိယာဉာဏသမ္ပယုတ်ဇောနှင့်ယှဉ်သော ဉာဏ်များကို "ပစ္စဝေက္ခဏာဉာဏ်"

http://www.dhammadownload.com



ဟုခေါ်ပါသည်။

**မေး။** တစ်ဝီထိအတွင်းမှာ အာရုံမတူ ကွဲပြားသောအခါနှင့် တရားများကို ရေးခဲ့ပါ။

**ဖြေ။** မဂ္ဂဝီထိဖြစ်ပေါ်ချိန်၌ မနောဒွါရဝဇ္ဇန်းစသော ရှေ့ပိုင်းစိတ်များသည် သင်္ခါရတရားများကို အာရုံပြု၍၊ ဂေါတြဘူ၊မဂ်၊ဖိုလ်တရားတို့သည် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် တစ်ဝီထိအတွင်းမှာပင် အာရုံကွဲပြားပါသည်။

**မေး။** မဂ္ဂ ဖလဥ နိဗ္ဗာန်၊ပစ္စဝေက္ခဏ ပဏ္ဍိတော ၌ ဆင်ခြင်ပုံ အသီးသီးကို ရေးပါ။

**ဖြေ။** *မဂ္ဂပစ္စဝေက္ခဏ*= ငါသည် ဤမဂ်ဖြင့် သောတာပန်အဖြစ်သို့ စင်စစ် ရောက်၏ဟု မဂ်တရားကို ဆင်ခြင်၏။

*ဖလံ ပစ္စဝေက္ခတိ* = ငါသည် ဤမည်သောမဂ်၏အကျိုးကို ရအပ်ပြီဟု ဖိုလ်ကိုဆင်ခြင်၏။

*နိဗ္ဗာနံပစ္စဝေက္ခတိ*=ငါသည် ဤမည်သောနိဗ္ဗာန်တရားကို အာရုံပြုသောအားဖြင့် မျက်မှောက်ပြုအပ်ပြီဟု နိဗ္ဗာန်ကို ဆင်ခြင်၏။

*ဟီနေ ကိလေသေ ပစ္စဝေက္ခတိ* =ငါသည် ဤမည်သောကိလေသာတို့ကို ပယ်စွန့်အပ်ပြီဟု ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်၏။

*ကိလေသေ သေသေ ပစ္စဝေက္ခတိ* =ငါ၌ ဤမည်သော ကိလေသာတို့ ကြွင်းကျန်သေးသည်ဟု ကြွင်းသောကိလေသာတို့ကို ဆင်ခြင်၏။

**မေး။** ရဟန္တာပုဂ္ဂိုလ်အား ကြွင်းသောကိလေသာတို့ကို ဆင်ခြင်မှု အဘယ်ကြောင့် မရှိပါသနည်း။

**ဖြေ။** ကိလေသာအားလုံးတို့ကို ပယ်ပြီးဖြစ်သောကြောင့် ကြွင်းသော

http://www.dhammadownload.com



ကိလေသာတို့ကို ဆင်ခြင်မှုမရှိနိုင်ပါ။

**မေး။** ဆဗ္ဗိသုဒ္ဓိကမေနဍ္ဍ ဝိသုဒ္ဓိ(၆)ပါးကို မူလဝိသုဒ္ဓိ ,သရီရဝိသုဒ္ဓိ အားဖြင့် ခွဲပါ။

**ဖြေ။** သီလဝိသုဒ္ဓိ ,စိတ္တဝိသုဒ္ဓိဟူသော မူလဝိသုဒ္ဓိနှစ်ပါး၊ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ ,မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ,ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူသော သရီရဝိသုဒ္ဓိ(၄)ပါး ဖြစ်ပါသည်။

**မေး။** ဉာဏဒဿနဝိသုဒ္ဓိ၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** သစ္စာလေးပါးတို့ကိုသိသောအားဖြင့် မျက်မှောက်ပြုသောကြောင့်၄င်း၊ ကိလေသာအညစ်အကြေးတို့မှ စင်ကြယ်သောကြောင့်၄င်း၊ ဉာဏဒဿနဝိသုဒ္ဓိဟုခေါ်ပါသည်။

**မေး။** ဝိမောက္ခဘေဒဝယ် အတ္တာဘိနိဝေသံ၌ ရုပ်နာမ်ဝဋ္ဋသင်္ခါရတရားတို့ကို အဘယ်သို့လျှင် အတ္တဟု စွဲလမ်းပါသနည်း။

**ဖြေ။** ရုပ်နာမ်ဝဋ္ဋသင်္ခါရတရားတို့ကို အတ္တဟုစွဲယူထားသောပုဂ္ဂိုလ်သည် "ငါ၏ဤအတ္တဘောသည်ပင်လျှင် ကံတရားကိုလည်းပြု၏၊ ကံ၏ အကျိုးကိုလည်း ခံစား၏"ဟု သင်္ခါရတရားတို့ကို အတ္တဟု မြဲမြံစွာစွဲလမ်းပါသည်။

**မေး။** သုညတာနုပဿနာနာမ ဝိမောက္ခမုခံ၌ အဘယ်တရားကို အဘယ်ကြောင့် သုညတာနုပဿနာဟု၄င်း၊ ဝိမောက္ခမုခဟု၄င်း၊ ခေါ်ရပါသနည်း။

**ဖြေ။** အနတ္တာနုပဿနာကိုပင်လျှင် အတ္တမှဆိတ်သုဉ်းသည်၏အဖြစ်ဟူသော

http://www.dhammadownload.com



အခြင်းအရာကို အဇန်တလဲလဲရှုသောကြောင့် သုညတာနုပဿနာ ဟုခေါ်ပါသည်။

ဆန့်ကျင်ဘက်ကိလေသာတို့မှ လွတ်မြောက်သည်၏အစွမ်းအားဖြင့် လောကုတ္တရာမဂ်ဖိုလ်ဟူသော ဝိမောက္ခရခြင်း၏ အကြောင်းဖြစ်သော ကြောင့် ဝိမောက္ခမုခဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အနိစ္စာနုပဿနာကို အနိမိတ္တာနုပဿနာဟုခေါ် ပါသနည်း။

**ဖြေ။** အနိစ္စတရား၌ နိစ္စဟုဖြစ်သော သညာဝိပ္ပလ္လာသ,စိတ္တဝိပ္ပလ္လာသ ဒိဋ္ဌိ ဝိပ္ပလ္လာသ,ဟူသော အကြောင်းနိမိတ်မှ ကင်းသောအခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် အနိတ္တာနုပဿနာဟု ခေါ်ပါသည်။

**မေး။** အဘယ်ကြောင့် အပ္ပဏိဟိတာနုပဿနာ ဟု ခေါ်ပါသနည်း။

**ဖြေ။** ကာမတဏှာ,ဘဝတဏှာဟူသောတောင့်တခြင်းမှ ကင်းသော အခြင်း အရာအားဖြင့် သင်္ခါရတရားတို့ကိုရှုတတ်သောကြောင့် အပ္ပဏိဟိတာနု ပဿနာ ဟုခေါ်ပါသည်။

**မေး။** ဝိပဿနာဂမနဝသေန ၌ အာဂမန၏ အဓိပ္ပါယ်ကို ရေးပါ။

**ဖြေ။** မဂ်ဖိုလ်သို့ ရောက်ကြောင်းဖြစ်သောကြောင့် ဝိပဿနာနှင့်မဂ် ဤ နှစ်ပါးကို အာဂမနဟု ခေါ်ပါသည်။

**မေး။** မဂ္ဂဝီထိ,ဖလသမာပတ္တိဝီထိတို့၌ ဝိမောက္ခသုံးပါးအမည်ရခြင်းတို့၏ အမည်ရပုံကို ရေးခဲ့ပါ။

**ဖြေ။** မဂ္ဂဝီထိ၌ ဝိပဿနာဂမန,မဂ္ဂါဂမနနှစ်မျိုးတို့၏ အစွမ်းအားဖြင့်

http://www.dhammadownload.com



ဝိမောက္ခသုံးပါးတို့၏ အမည်ကိုရပါသည်။

ဖလသမာပတ္တိဝီထိ၌ ဝိပဿနာဂမန၏အစွမ်းအားဖြင့်သာ ဝိမောက္ခ သုံးပါးတို့၏အမည်ကို ရပါသည်။

*(အကြောင်းကား)* ဖလသမာပတ်ဝင်စားသောအခါ၌မဂ်ဖြစ်ခြင်းမရှိသောအားဖြင့် ထိုမဂ်သည် ဖလသမာပတ်၏အကြောင်း မဖြစ်သင့်သောကြောင့်တည်း။

***မေး။*** အာရမ္မဏာဝသေန ပန သရသဝသေန စ ၌ နိဗ္ဗာန်ကို အဘယ်ကြောင့် သုညတ , အနိမိတ္တ , အပ္ပဏိဟိတဟု ခေါ်ပါသနည်း။

***ဖြေ။*** သင်္ခါရအားလုံးတို့မှ ဆိတ်သုဉ်းသောကြောင့် သုညတမည်၏။ သင်္ခါရနိမိတ်မှ ကင်းသောကြောင့် အနိမိတ္တမည်၏။ တဏှာဟူသော တောင့်တမှုကင်းသောကြောင့် အပ္ပဏိဟိတဟုခေါ်ပါသည်။

***မေး။*** သရသဝသေန ၌ နိဗ္ဗာန်ကို ဂုဏ်အားဖြင့် သုညတစသည်ခေါ်ရပုံကိုရေးပါ။

***ဖြေ။*** ရာဂစသည်မှ ဆိတ်သုဉ်းသောကြောင့် သုညတ၊ ရူပနိမိတ်စသော အာရုံမှကင်းသောကြောင့် အနိမိတ္တ၊ ကိလေသာတည်းဟူသော တောင့်တမှု ကင်းသောကြောင့် အပ္ပဏိဟိတဟု ခေါ်ပါသည်။

## *ပုဂ္ဂလဘေဒ*

***မေး။*** သတ္တက္ခတ္တုပရမသောတာပန်ဟူသည် အဘယ် သောတာပန်မျိုးကို ခေါ်ပါသနည်း။

http://www.dhammadownload.com



ဖြေ။ ကာမသုဂတိဘုံ၌ ခုနစ်ကြိမ် ပဋိသန္ဓေနေ၍ ရှစ်ကြိမ် ပဋိသန္ဓေမနေသော သောတာပန်ကို ခေါ်ပါသည်။ ရူပဘုံ,အရူပဘုံ၌ကား ခုနစ်ကြိမ်ထက် အလွန်လည်း ဖြစ်နိုင်ပါသည်။

မေး။ သောတာပန်စသည်တို့၏ ဂုဏ်ရည်များကို သင်္ဂဟနှင့်အညီ ထုတ်ပြပါ။

ဖြေ။ **သောတာပန်ဂုဏ်ရည်(၃)ပါး။**

(၁) ဒိဋ္ဌိ , ဝိစိကိစ္ဆာကို အကြွင်းမဲ့ပယ်ခြင်း၊

(၂)အပါယ်သို့ မလားနိုင်ခြင်း၊

(၃)ကာမသုဂတိ(၇)ဘုံ၌ အများဆုံး(၇)ကြိမ်သာ ပဋိသန္ဓေနေရခြင်း

**သကဒါဂါမိဂုဏ်ရည်။**

(၁) ရာဂ,ဒေါသ,မောဟတို့ကို ခေါင်းပါးအောင် ပြုနိုင်ခြင်း၊

(၂) ကာမသုဂတိဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်သာ လာခြင်း၊

**အနာဂါမိဂုဏ်ရည်။**

(၁) ကာမရာဂ,ဗျာပါဒကို အကြွင်းမဲ့ပယ်ခြင်း၊

(၂)ပဋိသန္ဓေအားဖြင့် ကာမဘုံသို့ မလာခြင်း၊

**ရဟန္တာဂုဏ်ရည်။**

(၁) ကိလေသာအားလုံးကို ပယ်ခြင်း၊

(၂) အာသဝေါတရားလေးပါး ကုန်ခြင်း၊

(၃) လောကသုံးပါး၌ အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်ဖြစ်ခြင်း။

မေး။ ရာဂ,ဒေါသ,မောဟာနံ၌ မောဟအရ အဘယ်မောဟကို ယူရပါမည်နည်း။

ဖြေ။ မောဟအရ=ရာဂ,ဒေါသတို့နှင့်အတူတကွ တစ်ခုတည်းသောစိတ်၌

http://www.dhammadownload.com



တည်သော မောဟကို ယူရပါသည်။

**မေး။** ရဟန္တာပုဂ္ဂိုလ်ကို အဘယ်ကြောင့် အဂ္ဂဒက္ခိဏေယျဟု ခေါ်ပါသနည်း။

**ဖြေ။** အလှူခံထိုက်သောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် ဖြစ်သောကြောင့် အဂ္ဂဒက္ခိဏေယျ ဟုခေါ်ပါသည်။

## သမာပတ္တိဘေဒ အဖွင့်

**မေး။** နိရောဓသမာပတ်ဝင်စားပုံ အစီအစဉ်ကို ရေးပါ။

**ဖြေ။** နိရောဓသမာပတ်ဝင်စားလိုသောပုဂ္ဂိုလ်သည်=

(၁)မိမိရပြီးသော မဟဂ္ဂုတ်စျာန်သမာပတ်(၈)ပါးတို့တွင် ပထမစျာန်ကို ရှေး ဦးစွာ ဝင်စား၍

(၂)ထိုပထမစျာန်မှ ထပြီးလျှင် ပထမစျာန်၌ပါဝင်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှုရမည်၊

(၃)ထိုနည်းအတိုင်း ဒုတိယစျာန်,တတိယစျာန်,စတုတ္ထစျာန်, အာကာသာနဉ္စာယတနစျာန်,ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ အာကိဉ္စညာယတနစျာန်၌ ပါဝင်သော သင်္ခါရတရားတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှုပြီးနောက် အဓိဋ္ဌာန်ခြင်းစသော ပုဗ္ဗကိစ္စကိုပြုရမည်၊

(၄)ထို့နောက် နေဝသညာနာသညာယတနစျာန်ကိုဝင်စား၍ ထိုစျာန်ဇော နှစ်ကြိမ်ဖြစ်ပြီးလျှင် စိတ်,စေတသိက်,စိတ္တဇရုပ်များ ပြတ်စဲသောအားဖြင့် နိရောဓသမာပတ်သို့ ရောက်ပါသည်။

**မေး။** အဘယ်ကို နိရောဓသမာပတ်ဟုခေါ်ပါသနည်း။

http://www.dhammadownload.com



**ဖြေ။** စိတ်,စေတသိက်,စိတ္တဇရုပ်တို့၏ မဖြစ်ခြင်းဟုဆိုအပ်သော ချုပ်ခြင်းသို့ ရောက်၍နေခြင်းကို နိရောဓသမာပတ်ဟု ခေါ်ပါသည်။

**မေး။** နိရောဓသမာပတ်ကို အဘယ်ပုဂ္ဂိုလ်များ ဝင်စားနိုင်ပါသနည်း။

**ဖြေ။** ကာမဘုံ, ရူပဘုံ၌တည်သော သမာပတ်(၈)ပါးရသော အနာဂါမ်နှင့် ရဟန္တာများသာ ဝင်စားနိုင်ပါသည်။

**မေး။** နိရောဓသမာပတ်ဝင်စားခါနီး၌ အဘယ်နည်းအားဖြင့် အားထုတ်ရပါသနည်း။

**ဖြေ။** သမထ, ဝိပဿနာတို့ကို အစုံအစုံအားဖြင့် အားထုတ်ခြင်းဟူသော ယုဂနဒ္ဓနည်းအားဖြင့်သာ အားထုတ်ရပါသည်။

**မေး။** နိရောဓသမာပတ်ဝင်စားခါနီး ပြုရမည့်ပုဗ္ဗကိစ္စတို့ကို ရေတွက်ပြပါ။

**ဖြေ။** (၁)မိမိခန္ဓာကိုယ်နှင့် မစပ်ဘဲ သီးခြားထားအပ်သော သင်္ကန်းစသော ပရိက္ခရာ ,ကျောင်းစသည်တို့ကို မီးစသည်တို့ဖြင့် မပျက်စီးနိုင်အောင် အဓိဋ္ဌာန်ခြင်း၊

(၂)မိမိကိုသံဃာက တောင့်တသောအခါ နိရောဓသမာပတ်မှ ထနိုင်အောင် အဓိဋ္ဌာန်ရခြင်း၊

(၃) မြတ်စွာဘုရားခေါ်သောအခါ ထနိုင်အောင် အဓိဋ္ဌာန်ခြင်း၊

(၄) ခုနစ်ရက်အတွင်း၌ အာယုသင်္ခါရတည်နေနိုင်မှုကို ကြည့်ရှုရခြင်းအားဖြင့် ပုဗ္ဗကိစ္စလေးပါးရှိပါသည်။

**မေး။** သာသနာတော်၌ရနိုင်သော ပဋိပတ္တိအရသာဟူသည် အဘယ်တရားတို့ပါနည်း။

http://www.dhammadownload.com



**ဖြေ။** ၊ ရှာန်ချမ်းသာ, မဂ်ချမ်းသာ, ဖိုလ်ချမ်းသာများသည် ပဋိပတ္တိအရသာများဖြစ်ပါသည်။

ပထမကြီးတန်းဆိုင်ရာ ဋီကာကျော်နိတိကျမ်း
ပြီးပါပြီ ၁၁. ၇. ၉၁

အရှင်ကောဝိဒ
(ဝိနယဓရ+ဝိနယကောဝိဒ)
ကန်ဦးဇေတဝန်စာသင်တိုက်
ရွှေနှင်းဆီလမ်း+ရှစ်မိုင်ခွဲ
မရမ်းကုန်းမြို့နယ်
ရန်ကုန်
☎ ၆၃၀၉၈

http://www.dhammadownload.com

ပထမကြီးတန်း ရှိုးဘာကျော်နိတ်
စာမူခွင့်ပြုချက်အမှတ် ၈၄/၉၅(၉)
မျက်နှာဖုံးခွင့်ပြုချက် ၃၈/၉၅(၁၀)

ထုတ်ဝေသူ
**********
ဦးမြသန်း
(အသိုင်းအဝိုင်းစာပေ၊ မြ.၀၁၀၅၀)
အမှတ် ၃၅၊ သမာဓိလမ်း၊ ဖွဲ့စုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
**********
<u>မျက်နှာဖုံးနှင့် အတွင်းစာသား</u>
ဦးဝင်းအောင်(၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄၊ လမ်း၅၀၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။